# ကင်းဘာရင်း

# King-bering

## ခေါ်

# ဗိုလ်ချင်းပြန်

King-bering by B.R.Pearn

J.B.R.S Vol.28 , Part 2. 1938

# ကင်းဘာရင်း(ခေါ်)ဗိုလ်ချင်းပြန်

သက္ကရာဇ်(၁၇၈၄)ခုနှစ်တွင် ဘုရင်ဘိုးတော်ဘုရား၏ စစ်တပ်များသည် ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြလေသည်။ မြောက်မြားလှစွာသော ရခိုင်သူ/သားတို့သည် စစ်ဘေး၊ စစ်ဒဏ်မှ ကင်းလွတ်စေရန်နှင့် မြန်မာတို့၏ သဝင်ဖြတ်ခံရမှုမှ ကင်းလွတ်စေရန်တို့အတွက် နယ်စပ်ဒေသကို ဖြတ်ကျော်လျက် စစ်တကောင်းရှိ အရှေ့အိန္ဒိယ ကုမ္ပဏီပိုင် နယ်မြေတွင်းသို့ ပြေးဝင်ခိုလှုံခဲ့ကြပါသည်။ ခရိုင်တောင်ပိုင်း၌ ဤလူများအခြေချနေထိုင်မှုကို ကုမ္ပဏီအစိုးရက တစ်စုံတစ်ရာကန့်ကွက်ဟန့်တားခြင်းမပြုပါ။ အကြောင်းမှာ လူသားချင်းစာနာစိတ်ကြောင့် လည်းကောင်း၊ ထိုဒေသ၏ လူဦးရေမှာ အလွန်ကြဲပါးနေသဖြင့် လူအများဝင်ရောက်နေထိုင် စေလိုသောကြောင့်လည်းကောင်းဖြစ်ပါသည်။

တရားဝင်အားဖြင့် မာ့ဂ်(Mugs)ဟုခေါ်ဆိုသော ရခိုင်လူမျိုးတို့၏ လူနေဒေသများ စစ်တကောင်းဒေသ၌ ပွံ့ဖြိုးဖြစ်ထွန်းလာခဲ့ပါသည်။ ကုမ္ပဏီပိုင်နယ်မြေတို့၌ ငြိမ်ချမ်းချမ်းချယ်မှု ကင်းစွာနေထိုင်နိုင်သည်ဟု ကြားသိရသော ရခိုင်သားများစွာတို့မှာ တစ်နှစ်ပြီးတစ်နှစ် ထပ်မံ ရောက်ရှိလာခဲ့ကြပြန်ပါသည်။ ပြောင်းရွှေ့နေထိုင်မှုပမာဏများစွာ ကြီးထွားလာခဲ့လေရာ ရခိုင်ပြည် ဘက်၌ လူသူကင်းမဲ့လုနီးအခြေသို့ ရောက်ရှိလာခဲ့ရပါသည်။ မြန်မာအစိုးရသည် ဤသို့ဖြစ်ပျက် နေသည့်အခြေအနေကို လုံးဝနှစ်မြို့ကျမှုမရှိပါ။ ထို့အပြင် စစ်တကောင်းဘက်မှလာ၍ မကြာခဏ တိုက်ခိုက်နှောင့်ယှက်နေကြသော ရခိုင်လက်နက်ကိုင်အဖွဲ့များကြောင့် ရခိုင်မြို့ဝန်မှာ များစွာပင် စိတ်ပင်ပန်းခြင်းဖြစ်လျက်ရှိနေပါသည်။ ထို့ကြောင့် ၁၇၉၄ ခုနှစ်တွင် မြန်မာတပ်များသည် ရခိုင်နှင့်စစ်တကောင်းနယ်ခြားဖြစ်သော နတ်မြစ်ကိုဖြတ်ကျော်လျက် ရခိုင်လူဆိုးများအား ရှာဖွေ ဖမ်းဆီးရန်အတွက် ကုမ္ပဏီပိုင်နယ်မြေအတွင်းသို့ ဝင်ရောက်လာခဲ့ကြပါသည်။

နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူ(မြန်မာတပ်)တို့အား ခုခံတွန်းလှန်ရန်အတွက် (ကုမ္ပဏီ)တပ်ဖွဲ့များကို စေလွှတ်လိုက်ပါသည်။ သို့သော် ပြဿနာတစ်စုံတစ်ရာမပေါ်ပေါက်ဘဲ ပြီးဆုံးသွားခဲ့ပါသည်။ မြန်မာတပ်ဖွဲ့ကို အုပ်ချုပ်ကွပ်ကဲလာသူ မြန်မာအရာရှိက ''ပုန်ကန်သူ ရခိုင်သားများသည် တိုင်းနိုင်ငံအား ဖရိုဖရဲပျက်ဆီးစေလျက် စစ်တကောင်းသို့ ပြေးဝင်ခိုလှုံကြ၏။ ဤကိစ္စနှင့် စပ်လျဉ်း၍ ကာနယ်အာစကိုင်း(Erskine)နှင့် ကျွန်ုပ်တို့သည် ကြီးကျယ်ပြင့်မြတ် သူများဖြစ်သည့် အားလျော်စွာ စုံစမ်းလေ့လာမှုပြုလျက် နှင်ဦးနှစ်ဘက်သဘောတူ ညှိနှိုင်းခဲ့ ကြလေပြီ''ဟု ဆိုခဲ့ပါသည်။

သဘောတူညီချက်အရ သူပုန်ခေါင်းဆောင်တို့အား လက်ဝယ်ရရှိလျှင် မြန်မာစာချုပ်များ အနေဖြင့် ငြိမ်းချမ်းစွာ ပြန်လည်ထုတ်ခွါပေးရမည်ဖြစ်ပါသည်။

အညှံခံဝင်ရောက်လာသော ခေါင်းဆောင်(၃)ဦးတို့အနက် တစ်ဦးထွက်ပြေးလွတ်မြောက် သည်။ ကျန်(၂)ဦးတို့အား(မြန်မာတို့က)ပြင်းထန်စွာ ညှဥ်းပန်းနှိပ်စက်ပြီးမှ ကွပ်မျက်

ဤကိစ္စတွင် ကာနယ်အာစကိုင်း၏ လုပ်ဆောင်ချက်များမှာ များစွာပင် ဝေဖန်ပြစ်တင် ခြင်းခံခဲ့ရပါသည်။ "ဤမျိုးချစ်ပုဂ္ဂိုလ်တို့၏ အညှံခံမှုသည် လက်နက်ကိုင်အင်အားစုတစ်ခု၏ ယဉ်ကျေးသိမ်မွေ့သော ဆက်ဆံပြုမူမှုနှင့် မထိုက်တန်ဟူ၍ မှတ်ယူသင့်ပေ"ဟု ဖေယာက ဆိုပါသည်။ မိမိတို့အား ကြောက်ရွံ့ခန့်ညားသဖြင့် ထွက်ပြေးတိမ်းရှောင်နေသူတို့အား အပ်နှံ လာကြလိမ့်မည်။ အိန္ဒိယနယ်စပ်၌ မည်ကဲ့သို့သော အကြမ်းဖက်လုပ်ရပ်ကိုမဆို လုပ်ကိုင် ဆောင်ရွက်နိုင်သည်ဟူသော အတွေးမျိုးမြန်မာတို့၏ စိတ်ထဲ၌ မလွဲမရှောင်သာ ပေါ်ထွက်လာချေ တော့မည်ဟူ၍ ဝေဖန်ပြစ်တင်ကြပါသည်။ ဤအဖြစ်အပျက်သည် နောင်တွင် မြန်မာတို့ဘက်မှ အခွင့်ကောင်းယူစရာ ထုံးတမ်းစဉ်လာတစ်ခုဖြစ်သွားခဲ့ရပါသည်။

ရခိုင်သားများ ပြောင်းရွှေ့ဝင်ရောက်မှုမှာ ဆက်လက်ဖြစ်ပေါ်နေခဲ့ပါသည်။ ထိုနည်း တူစွာပင် ထိုသူတို့၏ ရခိုင်ပြည်ဘက်သို့ တိုက်ခိုက်ဖျက်ဆီးမှုများသည်လည်း ဆက်လက်ဖြစ်ပေါ် နေခဲ့ပါသည်။ ဤအခြေအနေတွင် အင်းဝအစိုးရနှင့် ဆက်ဆံရေးတင်းမာလာခဲ့ရသော ကုမ္ပဏီ အစိုးရသည် ရခိုင်တို့ နောက်ထပ်ဝင်ရောက်မလာနိုင်အောင် ဟန့်တားပိတ်ပင်လာခဲ့ပါသည်။ အိန္ဒိယ၏ နိုင်ငံရေးအခြေအနေမှာ ကုမ္ပဏီအနေဖြင့် အထူးအာရုံစိုက်၍ လုပ်ကိုင်ရမည့်အခြေအနေ ဖြစ်နေပါသည်။ အရှေ့ပိုင်းနယ်စပ်စစ်ပွဲများကြောင့်လည်း အခက်အခဲများနှင့်ရင်ဆိုင်နေခဲ့ရပါ သည်။ ကုမ္ပဏီအစိုးရသည် တစ်ဖက်တွင် ရခိုင်သားများဝင်ရောက်ခိုလှုံမှုကို ဟန့်တားငြင်းပယ်ရန် ဆန္ဒမရှိသကဲ့သို့ အခြားတစ်ဘက်တွင် မြန်မာဘုရင်အား ပြင်းထန်သဘောများခိုလှုံလာမှုကို လက်မခံစေရန်အတွက် တိုက်တွန်းနားချဖို့ အားထုတ်လျက်ရှိနေခဲ့ပါသည်။ ပြောင်းရွှေ့ဝင်ရောက် မှုကို တားမြစ်သည့်စည်းကမ်းချက်များထုတ်ပြန်ခဲ့သော်လည်း လက်တွေ့တွင် ထိထိရောက်ရောက် မကျင့်သုံးနိုင်ခဲ့ပါ။ ဝင်ရောက်လာသူတစ်စုတို့အား ရခိုင်သို့ပြန်သွားကြရန် အမိန့်ထုတ်ပြန် လိုက်သောအခါ " ကျွန်ုပ်တို့အသက်ရှင်လျှက် ရခိုင်ပြည်သို့ပြန်သွားမည်မဟုတ်၊ ဤနေရာ၌ပင်

သတ်ပစ်မည်ဆိုပါကလည်း ကျွန်ုပ်တို့သေရန်အသင့်ဖြစ်သည်။ အတင်းအဓမ္မနှင်ထုတ်မည်ဆိုလျှင်လည်း ကျွန်ုပ်တို့သည် သားရဲများပေါများလှသော ထိုတောထိုတောင်တို့၌ သွားရောက်နေထိုင်ကြအံ့" ဟုခေါင်းဆောင်ဖြစ်သူက ပြန်ပြောခဲ့ပါသည်။ ဒုက္ခသည်များဝင်ရောက်မှုကို ကြားဖြတ်ဟန့်တားပစ်ရန် ကုမ္ပဏီစစ်တပ်များအား စေလွှတ်လိုက်ပါသည်။ သို့သော်စစ်တပ်ကို ရှောင်တိမ်းလျက် ပင်လယ်ကြောင်းမှ ဝင်ရောက်လာကြပြန်ပါသည်။ တောကြီးမျက်မဲနှင့် လူသူမရောက်မပေါက်သော တောင်တန်းများတလျှောက် မိုင်ပေါင်းများစွာရှည်လျားသော နယ်စပ်ဒေသကို ကင်းလှည့်စောင့်ကြပ်ဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်သော ကိစ္စဖြစ်နေပေသည်။

၁၇၉၈ ခုနှစ်တွင် ရခိုင်သားသုံးပုံနှစ်ပုံတို့သည် မိမိတို့နေရင်းဒေသ(ရခိုင်ပြည်)မှ စွန့်ခွာထွက်လာကြသည်ဟု ဆိုပါသည်။ ၁၇၉၈ တစ်နှစ်တည်းတွင်ပင်လျှင် စစ်တကောင်းသို့ အရေအတွက်တစ်သောင်းထက်မနည်းဝင်ရောက်လာကြပါသည်။ နောက်ထပ်များစွာတို့လည်း နောက်မှလိုက်ပါဝင်ရောက်ခဲ့ကြပါသည်။ အသစ်ဝင်ရောက်လာသူတို့အား ရောက်နှင့်ပြီးဖြစ်သူများက ကြိုးစားပမ်းစားအားကြိုးမာန်တက်ကူညီဖေးမပေးကြပါသည်။ သို့သော်လည်း ဆင်းရဲငတ်မွတ်ခြင်းကြီးစွာဖြင့် အတိဒုက္ခရောက်ခဲ့ကြပါသည်။ စားစရာဟူ၍ တွားသွားသတ္တဝါလေးများ၊ သစ်ရွက်များမှတပါးဘာတစ်ခုမျှ မရှိကြပါ။ ကုမ္ပဏီအစိုးရက အစားအစာများ၊ တဲဆောက်လုပ်ရန်ပစ္စည်းများ ထောက်ပံ့ပေးကမ်းပါသည်။ တဖန်အင်းဝနန်းတော်သို့ သံအဖွဲ့ဖြင့်သွားရောက်ခဲ့ဖူးသူ ကပ္ပတိန်ဟီရမ်ကောက်(HiramCox)အား စေလွှတ်လျက် ဤကံဆိုးမိုးမှောင်ကျရောက်နေသူများ၏ နေထိုင်အခြေချမှုကို ကြီးကြပ်စီမံစေခဲ့ပါသည်။

စစ်တကောင်းသို့ ၁၇၉၉ ခု၊ ဇူလိုင်လတွင် ရောက်ရှိလာခဲ့သော ကျော်ကာလွန်ခဲ့သော (၁၂) လအတွင်း၌ ရခိုင်သားနှစ်သောင်း(သို့မဟုတ်)သုံးသောင်းတို့ စစ်တကောင်းသို့ ဝင်ရောက်လာခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ ယခင်ရောက်နှင့်ပြီးသူများနှင့် ပေါင်းလိုက်လျှင် စုစုပေါင်းလေးသောင်း၊ ငါးသောင်းခန့်ရှိမည်ဖြစ်ပါသည်။ မကြာခင်က ဝင်ရောက်လာကြသူများ၏ ဘေးဒုက္ခမှာ ထိတ်လန့်စရာကောင်းလှပါသည်။ ကလေးသူငယ်များချည်း သေဆုံးနှုန်းမှာ တစ်ရက်လျှင်(၂၀)ဦးခန့်ရှိသည်ဟု ကောက်ကာခန့်မှန်းတွက်ဆပါသည်။ ဤသို့ဝင်ရောက်လာကြသူများတွင် "တင်ကူးတွက်ဆထားသော အစီအစဉ်များမရှိပါဘဲနှင့် ကန္တာရတောကြီးမျက်မည်းထဲသို့ ဖြတ်သန်းဝင်ရောက်ခဲ့ကြသည်ဖြစ်လေရာ ငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါဘယ

ဖြစ်ပွားခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကြောင့်များစွာပင် သေကြေပျက်စီးကြရသည်။ နတ်မြစ်သို့ သွားရာလမ်းတလျှောက်တွင် သက်ကြီးရွယ်အိုတို့၏ အလောင်းများ၊ နို့စို့ကလေးများကို မွေးချီထားသော သားသည်မိခင်တို့၏အလောင်းများဖြင့် ပြန့်ကြဲလျက်ရှိသည်'' ဟုဆိုပါသည်။ စစ်တကောင်းဒေသ မြေရှိုင်းကွင်းကြီး၌ ပူတစ်သောင်းခန့်ကို ကောက် ကနေရာချထားပေးပါသည်။ သို့သော်တောတောင်များ၌ ပြန့်ကြဲရောက်ရှိနေကြသူများစွာ ကျန်ရှိနေပါသေးသည်။ အဓိက အခြေချရာဒေသမှာ ကောက်ဘဇား(Cox's Bazaar)ဖြစ်ပြီး တည်ထောင်ပေးသူ၏ အမည်ကို အစွဲပြုမှည့်ခေါ်ထားခြင်းဖြစ်ပါသည်။

ကောက် ရောက်မလာခင်အချိန်ကလေးတွင် မြန်မာတပ်ဖွဲ့တစ်ခုသည် နောက်ဆုံးဝင်ရောက်လာခဲ့သော ဒုက္ခသည်တို့အား လိုက်လံဖမ်းဆီးရင်းက စစ်တကောင်းသို့ ရောက်လာခဲ့ကြပါသည်။ ကူးပြောင်းဝင်လာသူများအား ဟန့်တားရန်အတွက် နယ်စပ်တလျှောက်၌ ကုမ္ပဏီစစ်တပ်များတပ်စွဲထားသည်ကို သိသိကြီးနှင့် ဝင်ရောက်လာခဲ့ကြခြင်းဖြစ်ပါသည်။ စီပွိုင်(sepoys) တပ်သားအနည်းငယ်တို့နှင့် တိုက်ပွဲဖြစ်တွန်းလှန်လိုက်ပြီးနောက် မြန်မာတပ်များပြန်လည် ဆုတ်ခွာသွားခဲ့ကြပါသည်။

၁၇၉၉ ခုနှစ်ကပင် ကပ္ပတိန်ထောမတ်ဟီးလ်(Thomas Hill)အား ရခိုင်ပြည်သို့ စေလွှတ်လိုက်ပါသည်။ ဒုက္ခသည်များအရေးကိစ္စကို မြို့ဝန်အားရှင်းလင်းပြောပြရေးအတွက် ဖြစ်ပါသည်။ တရားခံပြေးများအား အပ်နှံရန်မြို့ဝန်က တောင်းဆိုပါသည်။ အပြစ်ရှိကြောင်း ခိုင်လုံစွာ သက်သေအထောက်အထားပြနိုင်ပါက ကျူးလွန်ကြောင်းသိရှိသော ရာဇဝတ်သားတို့အား အပ်နှံမည်ဖြစ်ကြောင်း၊ သို့သော်မြန်မာတပ်များ နောက်ထပ်ဝင်ရောက်လာပါက စစ်ကြေငြာသည်ဟု သဘောထားမည်ဖြစ်ကြောင်း တုံ့ပြန်ပြောဆိုခဲ့ပါသည်။ ငြိမ်းချမ်းစွာဝင်ရောက်လာသူနှင့် လူဆိုးတားပြတို့အား ကုမ္ပဏီအစိုးရက ပြတ်သားစွာခွဲခြားထားပြီး ရောထွေးမှုမဖြစ်ရအောင် စီပံထားပါသည်။ မြန်မာတို့ဘက်မှ ဤသို့လူကောင်း၊ လူဆိုးခွဲခြားနိုင်စွမ်းမရှိကြပါ။ ခွဲခြားရန်လည်းမလွယ်ကူပါ။ အကြောင်းမှာ မကြာမီကဝင်ရောက်လာကြသူများတွေ့ကြုံခံစားနေရသော ဆင်းရဲဒုက္ခများမှာ ကြီးမားလွန်းလှလေရာ ခိုးဆိုးလုယက်မှုများလည်း ပိုးပွားလာခဲ့ရသောကြောင့် ဖြစ်ပါသည်။ အများစုမှာ အခြားလုပ်ကိုင်စားသောက်စရာ အလုပ်မရှိကြပါ။ ဤတိုက်ခိုက်

လုယက်သူများကြောင့် မိမိတို့၏ဂိုဏ်နှစ်ဆယ့်ငါးခုတို့ ပြုန်းတီးပျက်စီးရသည်ဟု မြန်မာမြို့ဝန်က စွပ်စွဲခဲ့ပါသည်။ မြို့ဟောင်းမြို့သို့ သွားရာလမ်းတလျှောက်ဒေသများ၌ ဤသို့ပျက်စီးနေကြသည်မှာ အမှန်ပင်ဖြစ်ကြောင်း ဟီးလ်ကဝန်ခံပါသည်။

နောက်ထပ်ဆွေးနွေးညှိနှိုင်းကြပြီးနောက် ကုမ္ပဏီအစိုးရက ၁၈၀၀ ပြည့်နှစ် မေလ အတွင်းတွင် ကြေငြာချက်တစ်ခု ထုတ်ပြန်လိုက်ပါသည်။ ကူးပြောင်းဝင်ရောက်မှုတို့အား ထပ်မံ တားမြစ်လိုက်ခြင်းပင်ဖြစ်ပါသည်။ သို့သော်မြန်မာတို့စိတ်ကြေနပ်အောင် မလုပ်ဆောင်နိုင်ခဲ့ပါ။ ထို့ကြောင့် ထိုနှစ်နောက်ပိုင်းတွင် မြန်မာမြို့ဝန်ကဘုရင်ခံချုပ်ထံ စာရေးအကြောင်းကြားခဲ့ပါသည်။ ထိုစာထဲ၌ ၁၇၉၄ ခုနှစ်ကရှိခဲ့ဖူးသော အစဉ်အလာတို့ကို ညွှန်ပြကာ၊ ကားလျက် တရားခံပြေးများ အား အပ်နှံရန်တောင်းဆိုထားပါသည်။ မလိုက်လျောပါက စစ်ဆင်တိုက်ခိုက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားပါသည်။ ဤသို့ ... တောင်းဆိုချက်မျိုးမှာ အ... ... နှင့်ပြုချက်ဖြင့် ပြုလုပ်ခြင်းမဟုတ်နိုင်ဟုယူဆသဖြင့် ဘုရင်ခံချုပ်က တစ်စုံတစ်ရာအရေးယူဆောင်ရွက်မှု မပြုလုပ် ခဲ့ပါ။ သို့သော် ၁၈၀၂ ခုနှစ်၊ ဆိုင်း(Symes)အား အင်းဝသို့ဒုတိယအကြိမ်စေလွှတ်ရာတွင် နယ်စပ်ပြဿနာသဘောတူညီချက်ရရှိရေးသည်လည်း အကြောင်းတစ်ခုအဖြစ်ပါဝင်ခဲ့ပါသည်။ ဤအတောအတွင်း၌ ဥရောပခြေလျင်စစ်သည်တပ်ခွဲနှစ်ခွဲ၊ ဇိုင်းရင်းသားခြေလျင်စစ်သည် တပ်ရင်းတစ်ရင်း၊ ခြောက်ပေါင်ဒါအမြောက်နှစ်လက်ပါဝင်သော အမြောက်တပ်ဖွဲ့တစ်ခုတို့အား မြန်မာတပ်များဝင်ရောက်တိုက်ခိုက်လျှင် ကာကွယ်ရန်ရည်ရွယ်ချက်ဖြင့် စစ်တကောင်းတွင် တပ်စွဲ ထားခဲ့ပါသည်။

ဆိုင်းသံအဖွဲ့ခရီး၏ရလဒ်မှာ မပြောပလောက်ပါ။ တရားခံပြေးများအပ်နှံရေးကို နောက်ထပ်မတောင်းဆိုတော့ပါကြောင်း နှုတ်ကတိကလေးမျှရရှိခဲ့ခြင်းနှင့် ရခိုင်မြို့ဝန်၏ ငိုင်းပြ သော ခြိမ်းခြောက်စကားများကို အနိုးကျက်ကြောင်းပြောခဲ့ခြင်း ...ဖြစ်ပါသည်။ သို့သော် ထိုကာလမှစ၍ နယ်စပ်ဒေသ၌ အခိုက်အတန့်အားဖြင့် ငြိမ်းချမ်းရေး ရရှိလာခဲ့ပါသည်။

စစ်တကောင်း ရာဇဝတ်တရားသူကြီး၏ ၁၈၀၂ ခုနှစ် ကရေးသော စာတစ်စောင်၌ ကူးပြောင်းဝင်ရောက်လာသူ ရခိုင်သားများ၏ ဘဝအခြေအနေကို ... သိနိုင်ကြပါသည်။ ထိုသူတို့မှာ အရှိုင်းအစိုင်းများ၏ နေထိုင်ပုံနှင့်ပိန်မသော လိမ်မသာဖြစ်သည်ဟု သူကဆိုပါသည်။ ဤသူတို့လုပ်ကိုင်တားသောက်နေကြရသည်မှာ ဘဝအတွက်လိုအပ်ချက်ပြည့်စုံပုံလောက်မည်

ဝေးစွ၊ ရသည်ဟူ၍ အမည်ခံရုံမျှပင် အနိုင်နိုင်ဖြစ်သည်။ ကောက်ပဲသီးနှံစိုက်ပျိုးခြင်း၊ ငါးရှာငါးဖမ်းခြင်း၊ အသေးအမွှားရောင်းဝယ်ခြင်း၊ သစ်ခုတ်ခြင်းတို့မှာ ဤသူတို့၏အဓိကလုပ်ငန်းများပင်ဖြစ်သည်" ဟု ရေးသားထားပါသည်။ ကုန်စည်ရောင်းဝယ်ခြင်းလုပ်ငန်းဖြင့် လူအနည်းငယ်မျှ စားနိုင်သောက်နိုင်ရုံရှိသော်လည်း အများစုတို့မှာ ဆင်းရဲမွဲတေကြပါသည်။ တစ်ဘက်ကကြည့်ပြန်လျှင် ဤသူတို့၏လိုအင်ဆန္ဒများ နည်းပါးလွန်းလှသည်ဟု ဆိုရပါမည်။ တချို့သောငွေကြေးပြည့်စုံသူများပင်လျှင် ဥရောပသားတစ်ယောက်အဖို့ ဝက်ခြံသဖွယ်ရာနေထိုင်ကြပါသည်။ ထမင်း၊ ငါးအပုပ်(ငါးပိ)၊ ဝက်များ၊ မိကျောင်းများ၊ မြွေများသည် သူတို့၏အစာအာဟာရများဖြစ်ကြပါသည်။ အရေးအပါဆုံးအစားအစာမှာ ငါးပင်ဖြစ်ပါသည်။ လက်ရက်ထည်များကိုဝတ်ဆင်ကြပါသည်။ သူတို့တန်ဖိုးအထားဆုံးပစ္စည်းမှာ လှေဖြစ်ပါသည်။ မြေရှင်ပဒေသရာဇ်စနစ်က သူတို့အပေါ် လွှမ်းမိုးထားဆဲရှိနေပါသေးသည်။ ထို့ကြောင့် အစိုးရအရာရှိများနှင့်ထိတွေ့ဆက်ဆံရမည်ကို အထူးဝန်လေးကြပါသည်။

ဤသူတို့ကို အတန်းအစားနှစ်ရပ်ခွဲထားနိုင်ပါသည်။ တစ်မျိုးမှာ တောင်ပေါ်၌နေထိုင်သူများ၊ မျိုးစဉ်မျိုးဆက်မှစ၍ တောင်ပေါ်၌နေထိုင်လာခဲ့ကြသူများ၊ တောင်ယာလုပ်ကိုင်စားသောက်ပြီး တစ်နှစ်လျှင်တောင်တစ်လုံးကျ ပြောင်းရွှေ့နေထိုင်လေ့ရှိကြသူများဖြစ်ပါသည်။ နောက်တစ်မျိုးမှာ မကြာမီကမှ ဝင်ရောက်လာခဲ့သူများဖြစ်ပြီး ကွင်းပြင်များ၌နေထိုင်သူများ၊ အထူးသဖြင့် အရောင်းအဝယ်သမားများ၊ တံငါများဖြစ်ကြပါသည်။ ဤအတန်းအစားနှစ်ရပ်တို့အကြား ရောထွေးယှက်တင်မှု မရှိသလောက်ဖြစ်ပါသည်။

ပထမအုပ်စုမှာ တောင်မှမဆင်းလိုကြသူများဖြစ်ပါသည်။ ဒုတိယအုပ်စုမှာ ပင်လယ်နှင့်နီးနီးကပ်ကပ်နေထိုင်ခြင်းသည် ဘဝ၏လိုအပ်ချက်ပင်တည်းဟူ၍အယူရှိသူများဖြစ်ပါသည်။ ဤအတန်းစားနှစ်မျိုးစလုံးမှာ အတည်အကျမရှိသူများ၊ ဂနာမငြိမ်သူများချည်းဖြစ်ပါသည်။ နောက်ဆုံးကောက်ယူသော သန်းခေါင်စာရင်းအရ ရခိုင်လူဦးရေမှာ နှစ်သောင်းပင်မပြည့်ပါ။ ကျား-၆၂၂၃ ဦး၊ မ-၆၂၀၀ ဦး၊ ကျားကလေး-၃၃၄၉ ဦးနှင့် မကလေး-၂၂၉၂ ဦး၊ စုစုပေါင်း ၁၈၀၆၄ ဖြစ်ပါသည်။ အိမ်ခြေ(၅၉၆၂)ဆောင်ဖြစ်သည်ဟု ပြပါသည်။ စုစုပေါင်း ပိုင်ဆိုင်မှုတန်ဖိုးမှာ ရူပီးငွေ(၂၄၉၉၇)ဖြစ်ပါသည်။ ဤသူတို့၏ ဆင်းရဲကြပ်တည်းမှု အတိုင်းအတာကိုဤကိန်းဂဏန်းတို့က ပြသနေပါသည်။ ထို့ပြင်လူဦးရေပမာဏသည် ၁၇၉၉ ခုနှစ်အတွက်

ကပ္ပတိန်ကောက် ဖော်ပြသောကူးပြောင်းဝင်ရောက်မှု ကိန်းဂဏန်းများအရ သိပ်ပြီးအရေးမပါလှကြောင်းကိုလည်း ဖော်ပြနေပါသည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် ထောင်ပေါ်နေလူများ မပါဝင်ခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။

ရခိုင်သားတို့အနေဖြင့် မိမိတို့၏ဒေသနေရင်း ရခိုင်ပြည်ကို လှမ်းမြင်နေကြရသော စစ်တကောင်းတောင်ပိုင်းကွက်ကွက်ကလေးအတွင်း၌သာ နေထိုင်ကြခြင်းမှာ ထူးဆန်းလှပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကောက်ကိုယ်တိုင်က "၎င်းမှာသူတို့၏ သခင်ဟောင်း(မြန်မာအုပ်ချုပ်သူ)များအပေါ်ထားရှိနေမည့်ဝန့်တို့မှု၏ ထာဝရအကြောင်းရင်းဖြစ်ပေလိမ့်မည်။ ထိုပြင်.... ရခိုင်ပြည်အတွင်းသို့ ဝင်ရောက်တိုက်ခိုက်မှုကြောင့်မြန်မာအစိုးရနှင့်သူတို့ကြားရှိမငြိမ်းသေနိုင်သောရန်မီးကို လောင်စာဖြည့်ပေးသလိုဖြစ်စေပေလိမ့်မည်"ဟုပြောဆိုခဲ့ပါသည်။ ကုမ္ပဏီအစိုးရအဖို့မှာလည်း အလားတူစွာပင် အရေးကြီးသော ပြဿနာတစ်ရပ် ဖြစ်လာပါလိမ့်မည်။ သို့သော်လည်း ဖြစ်လာအံ့သော အကျိုးဆက်များကို ဂရုပြုခြင်းမရှိဘဲနှင့် ဤလူနေဒေသများကို ထူထောင်ပေးခြင်းဖြစ်ပါသည်။

မှန်ပါသည်၊ ဆယ်နှစ်တာမျှငြိမ်းချမ်းရေးရရှိနေခဲ့ပါသည်။ ဝင်ရောက်လာသူရခိုင်သားတို့အနေဖြင့်ဘဝရပ်တည်မှုအတွက်ကြိုးစားလုံးပမ်းနေကြရခြင်း၊ ခါးသီးဆိုးရွားမှုများကိုဆက်လက်ခံစားလိုစိတ်မရှိကြတော့ခြင်းများကြောင့်ဖြစ်ပေလိမ့်မည်။ သို့သော် ၁၈၁၁–ခုနှစ်ရောက်သောအခါတွင်ပုကားများစွာသောအတိဒုက္ခတို့မှာ ယခင်ကထက်ကြီးမားသော ပမာဏဖြင့်ထပ်မံရောက်ရှိလာခဲ့ပြန်ပါတော့သည်။

လွန်ခဲ့သော ၁၃–နှစ်ကာလ၊ ရခိုင်သားများကူးပြောင်းဝင်ရောက်နေခဲ့ကြသည့် ၁၇၉၈–ခုနှစ်ကဖြစ်ပါသည်။ အင်္ဂလိပ်တို့က "မြို့သူကြီး"ဟူသောအမည်ဖြင့်သိရှိကြသော ရခိုင်အကြီးအကဲတစ်ဦးသည် စစ်တကောင်းသို့ထွက်ပြေးလွတ်မြောက်လာခဲ့ပါသည်။ လူအများလေးစားကြည်ညိုသူတစ်ဦးဖြစ်သဖြင့် ဤပုဂ္ဂိုလ်နှင့်အတူ နောက်လိုက်နောက်ပါများစွာတို့ကိုလည်း လိုက်ပါလာခဲ့ကြပါသည်။ ဤပုဂ္ဂိုလ်သည်ကား ရခိုင်ပြည်ကိုသိမ်းပိုက်လှည့်ပါဟူ၍ ဘိုးတော်ဘုရားအားပင့်ခေါ်ခဲ့သူပေတည်း။

နောက်တွင်မြန်မာတို့နှင့်မသင့်မြတ်သဖြင့် ကုမ္ပဏီအစိုးရ ခွင့်ပြုချက်ဖြင့် ဟာရဘောင်း (Harbang) တွင်နေထိုင်လာခဲ့ပါသည်။ "မြို့သူကြီး" ဆိုသည်မှာ အင်္ဂလိပ်တို့က ဤပုဂ္ဂိုလ်၏

အမည်ဖြစ်သည်ဟုမှတ်ယူထားခဲ့သော်လည်းစင်စစ်အားဖြင့်မူ ရာထူးသာဖြစ်ပါသည်။ အမည်ရင်းမှာ သံတောဖြစ်ပါသည်။ ဤသူတွင် ချင်းဗြန်ဟုခေါ်သောသားတစ်ယောက်ရှိပါသည်။ ချင်းဗြန်အား အင်္ဂလိပ်လူမျိုးတို့က ကင်းဘာရိုမ်း(King-bering/King-buring)ဟုခေါ်ဝေါ်ကြပါသည်။ (တောင်ပေါ်သားချင်းလူမျိုးတို့ထံမှ ဖခင်ဖြစ်သူပြန်လာသောအချိန်တွင် မွေးဖွားသူဖြစ်သဖြင့် ချင်းဗြန်(Khyen-bran)ဟုခေါ်ခြင်းဖြစ်ပါသည်) ချင်းဗြန်ကိုယ်တိုင်ပြောပြသော သူ့ဖခင်နှင့်သူ၏အကြောင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"ရခိုင်သက္ကရာဇ် ၁၁၄၆–ခုနှစ်တွင် ရခိုင်ပြည်သည် အကွပ်မဲ့ကြမ်းပမာဖရိုဖရဲပျက်စီးသွားခဲ့လေသည်။ သို့ဖြစ်ပါ၍ကျွန်ုပ်၏ဖခင်သည် အင်းဝမင်းထံသဝဏ်စာဆက်သွင်းလျက် စပ်ပန်ခဲ့ပါသည်။ အင်းဝမင်းသည်စစ်တပ်တစ်ခုကိုစေလွှတ်လျက် ရခိုင်ပြည်ကိုသိမ်းပိုက်ခဲ့ပါသည်။ ကျွန်ုပ်၏ ဖခင်အား မင်းဆွေးပါသူဟူ၍ ယူဆသတ်မှတ်သော အင်းဝမင်းသည် ရခိုင်ပြည်ကိုအုပ်ချုပ်စေခဲ့ပါသည်။ မင်းကြီးမှာမူ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သည်ဟူသောအမည်ကို ခံရုံမျှသာဖြစ်ပါသည်။ ရခိုင်သက္ကရာဇ် ၁၁၆၀ တွင် မြန်မာမင်းသည် သံလျင်ကိုစစ်ပြုရန်အတွက် ကျွန်ုပ်၏ဖခင်ထံမှ သေနတ်အလက် ၂၀၀၀၀ နှင့် လူ ၄၀၀၀၀ ဆင့်ဆိုတောင်းခံခဲ့ပါသည်။ ကျွန်ုပ်၏ဖခင်က ဤပမာဏ၏ထက်ဝက်ကိုသာလျှင် ပေးအပ်နိုင်မည်ဟု ဆိုပါသည်။ ထိုအခါမင်းကြီးသည် ဒေါသပြင်းစွာဖြစ်လျက် ကျွန်ုပ်၏ညီငယ်အား ဖမ်းဆီးကွပ်မျက်ပစ်ခဲ့ပါသည်။ ထိုအခါကျွန်ုပ်၏ဖခင်သည် ဆွေမျိုး၊ မိတ်ဆွေနောက်ပါရခိုင်သားများကို ခေါ်ယူလျက်ကူးပြောင်းဝင်ရောက်လာခဲ့ပါသည်။ ဖခင်ကား ကွယ်လွန်ခဲ့ပါသည်။ ကျွန်ုပ်တို့ကား အင်္ဂလိပ်ပိုင်နက်အတွင်း၌ နိုလုံလျက်ရှိကြပါ၏။ ကျွန်ုပ်သည် ဟာရဘင်း(Hurvung)၌ မထင်မရှားနေထိုင်ပါသည်။ ယခုအချိန်တွင် မစ္စတာကောက်သည် အစိုးရအာဏာဖြင့် ရာမူးသို့လာရောက်လျက် ရခိုင်သားများအား စားနပ်ရိက္ခာများနှင့် သစ်တောများခုတ်တွင်ရှင်းလင်းရေးအတွက် ပစ္စည်းကိရိယာများ ထောက်ပံ့ပေးကမ်းပါသည်။ ရခိုင်သားများသည် လယ်ယာထွန်ယက်ခြင်းဖြင့် စားနပ်ရိက္ခာရရှိကြပါသည်။ မစ္စတာကောက်သည် ကျွန်ုပ်ကို အမြဲတမ်းရှာဖွေခဲ့ပါသည်။ ကျွန်ုပ်၏ ဆိုးရွားလှသော ကံတရားကြောင့် မတွေ့ရှိခဲ့ပါ။ ဖခင်ကွယ်လွန်သောအခါ ကျွန်ုပ်၏မိခင်သည် ရှိရှိသမျှဥစ္စာပစ္စည်းတို့ကို ယူဆောင်သွားခဲ့ပါသည်။ ကျွန်ုပ်ကားဘာတစ်ခုမျှ မရရှိခဲ့ပါပေ။"

ချင်းပြန်၏ဖခင်သည်ဟာရဘင်းသို့ထွက်မပြေးမီက နတ်မြစ်ကမ်း၌ မြေများစွာပိုင်ဆိုင်ခဲ့သူဖြစ်ပါသည်။ ရခိုင်ပြည်မှထွက်ပြေးလာသောအခါ မိမိပိုင်ဆိုင်ရာတို့ကို စွန့်ပစ်ထားခဲ့ရပါသည်။ ၁၈၁၁ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ချင်းပြန်သည် ဟာရဘင်းမှထွက်ခွာလျက် ထိုမြေများကို ပြန်လည်ရယူခဲ့ပါသည်။ ဤသို့ရယူရာတွင် သူသည်မိုဟာမေဒင်တစ်ဦး၏ ကိုယ်စားလှယ်ဖြစ်သည်ဟု ပြောဆိုခဲ့ပါသည်။ ထိုမိုဟာမေဒင်မှာ ဆာဒိုဒင်းချောက်ဒရီ(Saddodeen Chaudry)ဆိုသူဖြစ်ပါသည်။ ထိုသူက စစ်တကောင်းရှိ ကော်လိတ္တော်အရာရှိထံမှ မြေကိုပိုင်ဆိုင်ကြောင်း ထောက်ခံချက်ရယူထားပါသည်။ ကော်လိတ္တော်အရာရှိကလည်း ထိုမြေကွက်ဘယ်နေရာမှာ ရှိသည်ကိုပင် တိတိကျကျမသိပါဘဲနှင့် ထောက်ခံချက်ပေးထားခြင်းဖြစ်ပါသည်။ မိမိ၌ စားနပ်ရိက္ခာမပြည့်စုံမှုကြောင့် မိုဟာမေဒင်၏ကိုယ်စားလှယ်အဖြစ်ခံယူလျက် ဤမြေကိုလုပ်ကိုင်စားသောက်ရန် ရည်ရွယ်သည်ဟု ချင်းပြန်ကရှင်းပြပါသည်။ အမှန်မှာ ဤမြေတို့အား သေံမတ ထွက်ပြေးပြီးနောက်တွင် ထိုဒေသနေ မြန်မာအရာရှိတစ်ဦးက အပိုင်ခံထားခြင်းဖြစ်ပါသည်။ ထိုအရာရှိသည် မောင်တောမြို့ရှိ ပုလိပ်စခန်းတစ်ခုကို အုပ်ချုပ်ရပြီး သူ၏လူများကထိုမြေကို လုပ်ကိုင်စားသောက်နေကြပါသည်။ ထိုမြန်မာအရာရှိက ချင်းပြန်သည် လှံ၊ သေနတ်မီးပေါက်၊ အမြောက်၊ လေးမြားများစွဲကိုင်ထားသော နောက်ပါများစွာနှင့်အတူ ''စစ်အင်ခင်းကျင်းလျက်'' နတ်မြစ်၏ အနောက်ဘက်ကမ်း၌ တပ်စွဲလျက်ရှိကြောင်း၊ လှေသမ္ဗာန်တို့အား သိမ်းယူထားကြောင်း၊ ဤနယ်မြေကိုလည်းအပိုင်စီးလျက် နေထိုင်လျက်ရှိကြသူတို့အား နှိပ်စက်ညှင်းပန်းနေပါကြောင်း ရခိုင်မြို့ဝန်ထံတိုင်ကြားခဲ့ပါသည်။ ရခိုင်မြို့ဝန်ကလည်း မိမိ၏နယ်မြေအပေါ် ဤသို့ကျူးကျော်သိမ်းပိုက်မှုကို ကန့်ကွက်ပြောဆိုခဲ့ပါသည်။ ထိုအခါ စစ်တကောင်းရာဇဝတ်တရားသူကြီး မစ္စတာ ပီ၊ ဒဗလျူ၊ ပက်ချယ်(P.W.Pechell)အား ကုမ္ပဏီအစိုးရကဆင့်ခေါ်လျက်အခြေအနေကို ရှင်းလင်းတင်ပြစေခဲ့ပါသည်။ အမှန်တကယ်စုံစမ်းစစ်ဆေးမှုမပြုရသေးမီက ရေးသားထားသော သူ၏ပထမဦးဆုံးပြန်ကြားစာတွင် ယခုအငြင်းဖြစ်ပွားနေသော မြေကို နတ်မြစ်အတွင်းရှိ ကျွန်းတစ်ကျွန်းပေါ်၌ရှိသည်ဟု သူ့အနေဖြင့်မှတ်ယူခဲ့ပါကြောင်း၊ ထိုမြေကို ကုမ္ပဏီကသော်လည်းကောင်း၊ မြန်မာတို့ကသော်လည်းကောင်း အမှန်တကယ်ပိုင်ဆိုင်မှုမရှိပါကြောင်း၊ သို့သော်တည်ရှိနေသော နယ်မြေအနေအထားအရ မြန်မာတို့ကပိုင်ဆိုင်သည်ဟုယူဆနိုင်ပါကြောင်းပါရှိပါသည်။

စုံစမ်းမှုများပြုလုပ်ပြီးသောအခါတွင် မြေမှာနယ်စပ်ဒေသ၏ အိန္ဒိယဘက်တွက်ရှိကြောင်း၊ မောင်တောနေ မြန်မာအရာရှိကသိမ်းယူထားခြင်းမှာ မဆီလျော်မသင့်တော်ပါကြောင်း အစီရင်ခံခဲ့ပါသည်။ ဤမြန်မာအရာရှိမှာ အမျက်စောင်မာန်အလွန်ကြီးပြီး ရက်စက်ကြမ်းကြုတ်သူဖြစ်ကြောင်း၊ တက်ကနပ်တွင် ပုလိပ်စခန်းအသစ်မတည်ဆောက်မီက နယ်စပ်ခရိုင်၊ အင်္ဂလိပ်ပိုင်နယ်မြေရှိ လူများထံမှ ငွေညှစ်လေ့ရှိကြောင်း အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြထားပါသည်။

ဤအချက်များကို ကြည့်ခြင်းဖြင့် မစ္စတာပက်ချယ်သည် ဒေသခံအရာရှိထံမှ သတင်းမှားများရရှိခဲ့ကြောင်း ထင်ရှားနေပါသည်။ ထိုနေရာသည်နတ်မြစ်လက်ထက်အညာပိုင်း၊ ကမ်းပါးမြင့်၌တည်ရှိနေသည်ဟု မှတ်ယူထားပါသည်။ သို့သော်ဤအနေအထားရှိနေသော နေရာတစ်ခုကို မောင်တောနေ မြန်မာအရာရှိတစ်ဦးက သိမ်းယူထားလိမ့်မည်မဟုတ်ပါ။ ဤမြေကို ဘယ်ကပိုင်ဆိုင်သလဲဟူသော မေးခွန်း၏အဖြေမှာ မောင်တောနယ်၊ မြို့သူကြီးရွာ ဆိုသည်မှတပါးအခြားဖြစ်နိုင်စရာမရှိပါ။ နတ်မြစ်၏ မြန်မာဘက်ကမ်းတွင် ရှိနေခြင်းမှာအငြင်းပွားဖွယ်မရှိပါ။ ဤနေရာမျိုး(သို့မဟုတ်)ဤအမည်မျိုးမှာ စစ်တကောင်းဘက်၌လည်းကောင်း၊ မြန်မာဘက်၌လည်းကောင်းနောက်ထပ်မရှိပါ။ မစ္စတာပက်ချယ်အနေဖြင့် သတင်းမှားများရရှိခဲ့ခြင်းဖြစ်သည်ဟူ၍ တထစ်ချပြောရပါတော့မည်။ ဤသို့ဖြစ်ရသည်မှာလည်း သိပ်ပြီးထူးဆန်းသည်တော့မဟုတ်ပါ။ အကြောင်းမှာ ဤနယ်စပ်ခရိုင်သည်အလွန်ခေါင်ပြီး လူသူအရောက်အပေါက်မရှိသလောက်ဖြစ်ပါသည်။ ထို့ကြောင့်မြေကို ပိုင်ဆိုင်ချင် သူတို့အဖို့သတင်းအမှားများကို ယုံကြည်လောက်အောင် လုပ်ကြလီဆယ်လျက်ပေးရန် အခက်အခဲမရှိလှပါ။

စုံစမ်းမှုများကို မစ္စတာပက်ချယ်ပြုလုပ်နေစဉ်အတွင်း မြန်မာပိုင်နက်ရှိ ရခိုင်ကုန်သည်အချို့တို့အား ချင်းပြန်ကတိုက်ခိုက်ခဲ့ပါသည်။ သို့ဖြစ်၍ ချင်းပြန်အား ဤဒေသမှ ပြောင်းရွှေ့ဖယ်ရှားပစ်ရန် မစ္စတာပက်ချယ်ကအကြံပြုခဲ့ပါသည်။ ချင်းပြန်မှာ နယ်စပ်အင်အားစုနှစ်ခုအားရန်မီးပွားစေမည့်စနက်တံသဖွယ်ဖြစ်နေခဲ့ပေပြီ။ ချင်းပြန်အားမြေပေးအပ်ထားခြင်းကိုလည်းပယ်ဖျက်လိုက်ပါသည်။ အကြောင်းမှာ ဤမြေသည်ရခိုင်ဘုရင်များလက်ထက်ကပင် သူ့အမိုးနှင့်ဖခင်တို့ပိုင်ဆိုင်ခဲ့သော မြေဖြစ်သည်ဟု ချင်းပြန်ကဝန်ခံပြောဆိုခဲ့သည်ဖြစ်ရာ ဤကိစ္စမှာ ရခိုင်မြို့ဝန်၏အကြိုက်ကိုအားဖြည့်ပေးသော သက်သေခံချက်ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

မြန်မာအာဏာပိုင်တို့ကမူ ပိမိတို့ပိုင်မြေကလေးအနည်းအကျဉ်းကို ရခိုင်အကြီးအကဲ တစ်ဦးက ပိုင်ဆိုင်ခဲ့ဖူးသည်ဆိုသော အချက်ထက်အခြားကိစ္စများအတွက်သာလျှင် စိုးရိမ်ပူပန်ကြပါသည်။ စစ်တပ်တစ်ခုကို ချင်းပြန်ဖွဲ့စည်းထူထောင်နေကြောင်း၊ ရခိုင်ပြည်ကိုသိမ်းပိုက်အောင်နိုင်ရေးအတွက် ကြံဆလုံးပမ်းနေကြောင်း သတင်းများထွက်ပေါ်နေခဲ့ပါသည်။ ကုမ္ပဏီ အစိုးရအရာရှိများက အားပေးအားမြှောက်ပြုနေသည်ဟုလည်း ဆိုကြပါသည်။

ချင်းပြန်ကိုပြောင်းရွှေ့ဖယ်ရှားပစ်သင့်သည်ဟူသော မစ္စတာပက်ချယ်၏အကြံပြုချက်မှာ လက်တွေ့ဖြစ်မလာခဲ့ပါ။ ဟာရဘင်း၌ ချင်းပြန်နှင့်အတူနေထိုင်ကြသော ရခိုင်သား ၅၀၀ တို့သည် တက်ကနစ် အနီးသို့ပြောင်းရွှေ့နေထိုင်ရန်ပြင်ဆင်နေကြကြောင်း၊ သို့သော်၎င်းတို့၏အမှန်တကယ်ရည်ရွယ်ချက်မှာ(မသွားရောက်ရန် ၎င်းတို့အားပိမိတားမြစ်ထားခဲ့သော)မြို့သူကြီးရွာဖြစ်သည်ဟုယူဆကြောင်း ပက်ချယ်က မပ်လ(၂)ရက်နေ့တွင် သတင်းပို့ပါသည်။ မေလ လယ်တွင် မြန်မာပိုင်နက်မောင်တောမြို့ကို ချင်းပြန်သိမ်းပိုက်လိုက်ပါသည်။ ချင်းပြန်သည် လူ ၁၀၀ ခန့်နှင့်အတူ မောင်တော၌နေရစ်ခဲ့ပြီး ကျန်အင်အား ၁၅၀၀ ခန့်ကို ရခိုင်ပြည်တွင်းသို့ ဆက်လက်ချီတက်စေခဲ့ပါသည်။ တက်ကနဖ်ရှိ ပုလိပ်အာဏာပိုင်တို့က ဤကိစ္စကိုသိရှိကြသော်လည်း တစ်စုံတစ်ရာအရေးယူဟန့်တားခြင်းမပြုကြပါ။ ချင်းပြန်ကသာ မြို့သူကြီးရွာကို သိမ်းပိုက်သွားခဲ့လျှင် သူသည်ပိမိတို့၏ တရားစီရင်ပိုင်ခွင့်နယ်၏ပြင်ပသို့ ရောက်ရှိသွားလိမ့်မည်ဟု တွက်ဆထားကြဟန်ရှိပါသည်။ တစ်ချိန်တည်းလိုလိုမှာပင် မစ္စတာပက်ချယ်က ချာပရာစီအချို့တို့အား ချင်းပြန်ကို ဖမ်းဆီးဖို့စေလွှတ်လိုက်ပါသည်။ သို့သော်နောက်ကျသွားခဲ့ပါပြီ။ ချင်းပြန်သည် အင်အား ၂၀၀၀၊ ၃၀၀၀ ခန့်တို့ဖြင့် ရခိုင်ပြည်ကို တိုက်ခိုက်နေပြီဟူသော သတင်းကိုသာ ယူဆောင်လျက် ပြန်လာခဲ့ကြရပါသည်။

ချင်းပြန်သည် စစ်တကောင်းရှိ ပိမိနှင့်ဘဝတူဒုက္ခသည်တို့အား သူ့နောက်မှမလိုက်ပါလျှင် ပြင်းပြင်းထန်ထန်လက်စားချေခြင်းခံရမည်ဟု ခြိမ်းခြောက်ခဲ့ပါသည်။ ရခိုင်ပြည်သို့ ချီတက်နေကြသော ရခိုင်တစ်ချို့၏ ပက်ချယ်အားပြောပြသော စကားများကိုကြည့်လျှင် သူတို့၏ သဘောထားကိုသိနိုင်ပါသည်။ ''ကျွန်ုပ်တို့ မသွားလျှင် ဗိုလ်ချင်းပြန်က ကျွန်ုပ်တို့ကို သတ်ပစ်လိမ့်မည်'' ဟုပြောကြောင်းဆိုပါသည်။ ရခိုင်ပြည်အတွင်းရှိ ဌာနသုံးခုကို ချင်းပြန်သိမ်းယူလိုက်ပြီဟုကြားသိရကြောင်း၊ လာမည့်အင်္ဂါနေ့(ယနေ့ မေ ၂၀)တွင် မြို့တော်ကိုသိမ်းမည်ဟုကြားရ

ကြောင်း၊ ရခိုင်နှင့်စစ်တကောင်းတို့မှ ရခိုင်သားအင်အား ၁၀၀၀၀ မှ ၁၂၀၀၀ ထိပါဝင်သော တပ်မတော်ကြီးကို ဖွဲ့စည်းထားပြီးပြီဟုကြားရကြောင်း၊ ရခိုင်ပြည်ကိုအောင်မြင်စွာသိမ်းယူနိုင်ခဲ့လျှင် ဗြိတိသျှအစိုးရအား အခွန်ဆက်မည်ဟုပြောကြောင်း ရခိုင်သားတို့ကပြောပြကြပါသည်။ ကျွန်ုပ်ကိုယ်တိုင်ကလည်း မြန်မာလူမျိုး ၃၀ တို့၊ သေနတ် ၇၀၊ အမြောက် ၃ လက်နှင့်အတူ ချင်းပြန်ဘက်သို့ဝင်ရောက်ပူးပေါင်းသွားကြောင်း ကြားသိရသည်ဟု ပက်ချယ်က သတင်းပို့ပါသည်။

မြို့ဟောင်းမြို့ကို သိမ်းယူရေးဟူသော ချင်းပြန်၏မျှော်မှန်းချက်မှာ ချက်ချင်းကြီးအကောင်အထည်ပေါ်မလာခဲ့သော်လည်း ချင်းပြန်အနေဖြင့်ကျိုးကြောင်းဆီလျော်မှုကင်းမဲ့စွာဖြင့် မျှော်လင့်နေခြင်းတော့မဟုတ်ပါချေ။ မြန်မာတို့မှာ အင်အားပျော့ညံ့လှပါသည်။ ချင်းပြန်က သူ့ငါးအကြံအစည်တို့ကို အသေအချာသိမ်းထားခြင်းဖြစ်ပါသည်။ ထိုပြင်မြန်မာပိုင်နက်ထဲ၌ နေထိုင်ခဲ့ကြသော ရခိုင်သားတို့၏ထောက်ခံမှုကိုလည်း အကြီးအကျယ်ရရှိထားပါသည်။ ဖွန်လလယ်တွင် မြို့တော်မှတစ်ပါး တစ်တိုင်းပြည်လုံးကို ချင်းပြန်သိမ်းပိုက်ထားပြီးဖြစ်ပါသည်။ မိမိအားလက်နက်ခဲယမ်းထောက်ပံ့ပါက ကုမ္ပဏီအစိုးရအား လက်ဆောင်ပဏ္ဏာဆက်ရန် ကတိပြုပါကြောင်း စစ်တကောင်းရာဇဝတ်တရားသူကြီးထံသို့ စာရေးဆက်သွယ်ခဲ့ပါသည်။ သူ၏လုပ်ဆောင်ချက်အတွက် အထောက်အပံ့ဖြစ်စေမည့် မည်သည့်အကူအညီကိုမျှ ရရှိလိမ့်မည်မဟုတ်ကြောင်းကို ချင်းပြန်ထံသို့ အတိအလင်းပြန်ကြားခဲ့ပါသည်။ ဤသို့ရှင်းလင်းပြတ်သားစွာ သိထားစေခဲ့သော်လည်း ချင်းပြန်က ရခိုင်ပြည်အနေဖြင့် ကုမ္ပဏီအစိုးရ၏လက်အောက်ခံအဖြစ် ရပ်တည်လိုပါကြောင်း ဆက်လက်တောင်းဆိုနေခဲ့ပါသည်။ အချိန်ကာလနှင့်ရာသီဥတုအခြေအနေတို့ ခွင့်ပြုလာသောအချိန်တွင် မြန်မာဘုရင်မှပေးပို့လာနိုင်သော စစ်ကူအင်အားတို့အားတွန်းလှန် တိုက်ခိုက်ဖို့အတွက် မိမိအနေဖြင့် တစ်နေရာရာမှ အကူအညီရမှသာ ဖြစ်နိုင်မည်ဖြစ်ကြောင်း ချင်းပြန်နားလည်သဘောပေါက်ထားပါသည်။

ချင်းပြန်၏အောင်ပွဲများမှာ မိုးရာသီကြောင့်ရပ်ဆိုင်းသွားပါသည်။ သို့သော်မြို့ဟောင်းမြို့ကိုဆက်လက်ဝိုင်းဝန်းပိတ်ဆို့ထားနိုင်ခဲ့ပါသည်။ မြို့၏အပြင်ဘက်တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ပါသည်။ မိမိအားကုမ္ပဏီအစိုးရက ထောက်ပံ့ကူညီထားသည်ဟု လူအများကထင်မြင်လာအောင်လုပ်ဆောင်ပြပါသည်။ သူ၏တပ်သားများအား ကုမ္ပဏီစစ်တပ်တွင် ဝတ်ဆင်သည့်

ရုပ်နီများဝတ်ဆင်ပေးပါသည်။ စိဗ္ဗိုင့်တပ်သားဟောင်း ၂၀၀ တို့အား နှစ်လတလခကြိုတင်ပေးလျက် မိမိထံအမှုထမ်းစေပါသည်။ ဤသို့စည်းရုံးသိမ်းသွင်းမှုများ ထပ်မံမပြုလုပ်နိုင်စေရန်အတွက် မစ္စတာပက်ချယ်သည် ကုမ္ပဏီစစ်တပ်မှ စစ်သားများ ရခိုင်တပ်သို့ဝင်ရောက်ခြင်းမပြုကြရန် အမိန့်ထုတ်ပြန်တားမြစ်ခဲ့ပါသည်။ သို့သော်လည်းဤအမိန့်ကိုထိထိရောက်ရောက်ကျင့်သုံးခဲ့ဟန်မရှိပါ။

မြို့ဟောင်းကို ချင်းပြန်မသိမ်းနိုင်ပါ။ သို့သော်မြို့စောင့်တပ်ကိုတော့ အသက်နှင့်စည်းစိမ်ကို ချမ်းသာပေးမည်ဟူသော ကတိစကားဖြင့်လက်နက်ချ အညံ့ခံစေနိုင်ခဲ့ပါသည်။ သို့သော်ဤကတိစကားကို လိုက်နာထိန်းသိမ်းခဲ့ခြင်းမရှိပါ။ အညံ့ခံသူဟူသမျှတို့အား တစ်ယောက်မကျန်သုတ်သင်ပစ်ခဲ့ပါသည်။ ထိုသူတို့၏ ဦးခေါင်းပြတ်များကို ကိုင်ဆောင်လျက်လည်းကောင်း၊ ကလေးသူငယ်တို့၏အလောင်းများကို ဓါးချွန်ထိပ်တွင် ထိုးစိုက်သယ်ဆောင်လျက်လည်းကောင်း၊ လမ်းမများအနှံ့အောင်ပွဲခံချီတက်အင်အားပြကြပါသည်။ ဤရခိုင်တပ်များအား ရခိုင်ပြည်ရှိ လူထုတို့က ထောက်ခံအားပေးသည်ကို ကုမ္ပဏီအစိုးရသိရှိယုံကြည်ပါသည်။ ထိုစဉ်က စစ်တကောင်း၌ရှိနေသော အရာရှိတစ်ဦး၏ပြောကြားချက်အရဆိုလျှင် ထိုယုံကြည်ချက်မှာ အငြင်းပွားစရာဖြစ်နေခဲ့ပါသည်။ ရခိုင်တပ်များသည် ၆ လမျှသောကာလတိုလေးအတွင်း၌ လူသုံးသောင်းခန့်ကို ကွပ်မျက်ပစ်လိုက်ကြသည်ဟု ထိုအရာရှိကဆိုပါသည်။ ဤစကားသာ တိတိကျကျမှန်ခဲ့ပါလျှင် ရခိုင်ဖြစ်စေ၊ မြန်မာဖြစ်စေ၊ တိုက်ခိုက်သူနှင့်ဒေသခံတို့အကြား ကြင်နာစိတ်ခေါင်းပါးမှုကိုပြသနေခြင်းဖြစ်ပါသည်။ အောင်ပွဲခံရခိုင်တပ်များသည် မြန်မာတို့အပေါ်အလွန်အကျွံကြမ်းကြုတ်ရက်စက်စွာပြုကြဟန်ရှိပါသည်။ ရခိုင်ပြည်မှ မြန်လည်ဆုတ်ခွာလာခဲ့သောအချိန်၌ပင်လျှင်သူတို့သည် မြန်မာလူမျိုးတို့က ရခိုင်သားများအပေါ်အတိတ်ကပြုကျင့်ကြသောရက်စက်မှုတို့အတွက် လက်တုံ့ပြန်ခဲ့ရပေပြီဟု ပြောင်းပြောင်းတင်းတင်းဟစ်ကြွေးနေခဲ့ကြပါသည်။

ဤသို့ဖြင့် ၁၈၁၁ ခုနှစ်အလယ်ပိုင်းတွင် ရခိုင်ပြည်တစ်ခုလုံး(အကြမ်းအားဖြင့် ခေတ်သစ်စစ်တွေခရိုင်တစ်ခုလုံး)သည် ချင်းပြန်၏ လက်အတွင်းသို့ ကျရောက်သွားခဲ့ပါတော့သည်။

ဤသို့ရုတ်တရက် ပုန်ကန်တိုက်ခိုက်လိုက်ခြင်းကြောင့်မြန်မာအစိုးရအနေဖြင့်ထိတ်လန့်ခြောက်ခြား့သွားခဲ့သည်ဆိုလျှင် အံ့ဩစရာတော့မဟုတ်ပါ။ ကုမ္ပဏီအစိုးရက ဤလုပ်ငန်းကိုကြိုးကြပ်လမ်းညွှန်ပေးနေသည်ဟု မြန်မာအစိုးရကသက်သမကင်းဖြစ်ခြင်းမှာလည်း အံ့ဩစရာ

မဟုတ်ပါ။ ယခင်ကရခိုင်မင်းအဆက်ဆက်တို့၏ လက်အောက်ခံဖြစ်ခဲ့ဖူးသော စစ်တကောင်းနှင့် ဒက္ကာတို့အား အောင်နိုင်စိုးမိုးရေးကို မြန်မာမင်းကစိတ်ကူးယဉ်အိမ်မက်မက်လျက်ရှိနေပါသည်။ သို့ဖြစ်၍ ကုမ္ပဏီအစိုးရအနေဖြင့် မိမိတို့၏နယ်ခြားမှဉ်းကို နတ်မြစ်ကမ်းမှသည် ရခိုင်ရိုးမသို့အထိ တိုးချဲ့လိုက်ခြင်းဖြင့် လက်ဦးမှုရယူလိုက်ခြင်းဖြစ်သည်ဟု ထင်မှတ်ယူဆစရာဖြစ်နေပေသည်။ ထိုအချိန်က အင်းဝသို့ရောက်ရှိခဲ့သော ကုမ္ပဏီကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကလည်း ဤကဲ့သို့ တင်ပြခဲ့ဖူးသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။

ထို့ကြောင့် ၁၈၁၁ ခုနှစ်၊ စက်တင်ဘာလအတွင်းတွင် ကပ္ပတိန်ကင်းနင်း(canning) အား မြန်မာဘုရင်ထံသို့ စေလွှတ်ခဲ့ပါသည်။ ချင်းပြန်၏ပုန်ကန်တိုက်ခိုက်မှုကို ကုမ္ပဏီအစိုးရက အားပေးမြှောက်ပြုနေသည်ဟူသော အယူအဆကို မြန်မာမင်းနှင့် သူ၏ဝန်ကြီးများခေါင်းထဲမှ ဖယ်ရှားပစ်ရန်ရည်ရွယ်ချက်ဖြင့် စေလွှတ်လိုက်ခြင်းဖြစ်ပါသည်။ ဤသို့တိုက်ခိုက်ရန် ချင်းပြန်၏ စိတ်ဉ်မှုမှန်သမျှတို့အား ဟန့်တားပိတ်ပင်ရန် စစ်တကောင်းရှိအာဏာပိုင်တို့က ကြိုးစားခဲ့ကြောင်း၊ သို့ရာတွင် ကံအကြောင်းမလှသဖြင့် တိုက်ခိုက်မှုအမှန်တကယ်ဖြစ်ပွားသည့်အချိန်အထိ သတင်း တစ်စုံတစ်ရာမရခဲ့ကြောင်း မြန်မာတို့အားပြောကြားရန် ကပ္ပတိန်ကင်းနင်းအား ညွှန်ကြားလိုက်ပါသည်။ တိုက်ခိုက်မှုအတွက်ကုမ္ပဏီအစိုးရ၏ အယူအဆမှာ ရခိုင်ပြည်သူလူထုတို့နှင့် အတူတူပင်ဖြစ်ပြီး ချင်းပြန်၏လုပ်ရပ်အား ကျူးကျော်တိုက်ခိုက်မှုဆိုသည်ထက် ပုန်ကန်ထကြွမှုဟုသာ မြင်ကြောင်း ပြောကြားရမည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ဤသို့အချိန်အများကြီးယူ၍ ပြုလုပ်ရမည့်ကြိုတင်ပြင်ဆင်မှုကြီးတစ်ခုကို စစ်တကောင်းရှိ အရာရှိများထံသတင်းမပေါက်ကြားရအောင် ပြုလုပ်နိုင်ခဲ့သည် ဟူသော အချက်ကို မြန်မာအစိုးရအနေဖြင့် မယုံကြည်နိုင်ဖြစ်နေခဲ့ပါသည်။ ချင်းပြန်၏စီမံကိန်းကြီး ပြီးပြည့်စုံလာဖို့မှာ နှစ်နှင့်ချီ၍ ကြာမြင့်ခဲ့ပေမည်။ ထို့ပြင်နောက်လိုက်နောက်ပါများမှာလည်း အများစုက သူနေထိုင်ခဲ့ရာ ဟာရဘင်းမှခေါ်ယူလာခဲ့သူများဖြစ်နေကြလေရာ လက်နက်ကိုင်ရာပေါင်းများစွာတို့ တောင်ဘက်ပိုင်းသို့ မိုင်ပေါင်းရာကျော်လာရောက်ခဲ့ကြခြင်းကို ပုလိပ်တို့အနေဖြင့် ဘာအသံကလေးတစ်ချက်မျှ မကြားလိုက်ရပါဆိုခြင်းမှာလည်း မြန်မာအစိုးရအဖို့ မယုံကြည်နိုင်လောက်သောကိစ္စဖြစ်ပါသည်။ ထို့ပြင်စစ်တကောင်းရှိ တာဝန်ခံရာဇဝတ်တရားသူကြီးက မြို့သူကြီးရွာရှိ နယ်မြေပြဿနာအကြောင်း ပထမဆုံးအစီရင်ခံခဲ့သည်မှာ ဇန်နဝါရီ ၂၅ ရက်

နေ့ကဖြစ်ပြီး ချင်းပြန်၏အင်အားစုတို့မှာ မြို့သူကြီးရွာမှမေလရောက်သည်အထိ မထွက်ခွာကြသေးပါ။ ဤကာလ၌ မြို့ဟောင်းမြို့သို့ချီတက်ရေးအတွက်ပြင်ဆင်နေခဲ့ကြပါသည်။ ဤလေးလနီးပါးအချိန်ကာလအတွင်း ချင်းပြန်အပေါ်အဘယ်ကြောင့်အရေးယူမှုတစ်စုံတစ်ရာ မပြုလုပ်ခဲ့သည်ကိုမြန်မာတို့ မတွေး တတ်အောင်ဖြစ်ကြရပါသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ စစ်တကောင်းရှိ အရာရှိများ သတင်းတစ်စုံတစ်ရာမရခဲ့ပါဟူသော ကုမ္ပဏီအစိုးရ၏ပြောကြားချက်မှာ ယုံကြည်စရာမရှိကြောင်း အောက်ပါအချက်အလက်များအရ သိရပါသည်။

စစ်တကောင်းမြို့ပေါ်တွင် ဒေါက်တာမက္ကရေး (Mc Rae)ဆိုသူတစ်ဦးတည်းနေထိုင်ပါသည်။ထိုပုဂ္ဂိုလ်မှာအလုပ်အကိုင်အမျိုးမျိုးကိုလုပ်ကိုင်သူလူထူးလူဆန်းတစ်ဦးဖြစ်ပါသည်။ ခွဲစိတ်ဆရာဝန်၊ဝန်းဂီး (Wangee)ရှိရခိုင်ပြည်နယ်မြေကြီးကြပ်ရေးမှူး၊ပုဂ္ဂလိကသင်္ဘောတည်ဆောက်သူစသည်တို့ဖြစ်ပါသည်။ သူ၏သင်္ဘောကျင်း၌အမြောက်(၁၆)လက်၊(၁၇)လက်ရှိပါသည်။ မေလ၏တစ်ခုသောအချိန်တွင် ကောက်ဘဇားမှရခိုင်သားတစ်စုတို့သည်လှေများဖြင့်ရောက်ရှိလာကြပြီး ထိုအမြောက်များကိုယူဆောင်သွားကြပါသည်။ ကင်းသမားများက ပုလိပ်ထံတိုင်ကြားသတင်းပေးခြင်းမရှိခဲ့ပါ။ မက္ကရေးအနေဖြင့်ဤလုပ်ရပ်ကိုတပင်မသိကျိုးကျွံပြုခဲ့ခြင်းဖြစ်သည်ဟုမြန်မာတို့ကဆိုပါသည်။ မက္ကရေး၏ငြင်းဆိုမှုကို အစိုးရကလက်ခံခဲ့သော်လည်း ချင်းပြန်အားဤပုဂ္ဂိုလ်ထံမှာ လက်နက်ခဲယမ်းများထောက်ပံ့ခဲ့သည်ဟူသောသတင်းမှာ စစ်တကောင်း၌ပူပူနွေးနွေးပျံ့နှံ့လျက်ရှိပါသေးသည်။ ချင်းပြန်၏ အလုပ်ရှင်ထံသို့မြို့သူကြီးရွာမှမြေကိုပေးအပ်ခြင်း၌ မက္ကရေး၏ ထောက်ခံကူညီမှုပါရှိနေသည်မှာလည်းထူးဆန်းသောတိုက်ဆိုင်မှုတစ်ခုဖြစ်နေပါသည်။ မက္ကရေး၌ အပြစ်မရှိပါဆိုသည်ကို မြန်မာတို့ကတစ်စက်ကလေးမှ အယုံအကြည်မရှိပါ။ ထို့ကြောင့်နောက်ပိုင်းတွင် ဤသူကိုမြန်မာတို့လက်သို့အပ်နှံရမည်ဟု တောင်းဆိုခဲ့ကြပါသည်။ မက္ကရေးအနေဖြင့်မူ သူနှင့်ချင်းပြန်တို့၏ဆက်ဆံရေးအခြေအနေကို ဤသို့ပြောပြခဲ့ပါသည်။

သူသည်ချင်းပြန်အား ၁၈၀၀ ပြည့်နှစ်မှစ၍ သိကျွမ်းလာခဲ့ပါသည်။ ထိုအချိန်ကသူအားဝန်းဂီးရှိ ရခိုင်သားများအားကြီးကြပ်ရန်တာဝန်ပေးခန့်ထားချိန်ဖြစ်ပါသည်။ သူသည်ချင်းပြန်အားယခင်ကကောင်းစားဖူးပြီး ယခုအချိန်တွင် ကံမကောင်းအကြောင်းမလှ ဖြစ်နေသူတစ်ဦးအဖြစ်ယဉ်ကျေးစွာဖြင့် ဆက်ဆံပြုမူသည်ဟုဆိုပါသည်။ ထို့အပြင်သူနှင့်စတွေ့သည့်အချိန်ကတည်းကချင်းပြန်မှာ ဆင်းရဲခြင်းကြီးစွာဖြင့် အသက်ရှင်နေထိုင်ခဲ့ရသည်ကို သိရှိထားခဲ့သည်ဖြစ်ရာယခု

ကဲ့သို့သော လုပ်ရပ်မျိုးကိုလုပ်ကိုင်လိမ့်မည်ဟုမထင်မှတ်ခဲ့ပါ၊ဟူ၍မဏ္ဍရေးပြောဆိုပါသည်။ မြန်မာတို့က မဏ္ဍရေးအားအပ်နှံရေး ထပ်မံတောင်းဆိုခဲ့ကြပါသည်။ ဤသို့ဖြစ်ပျက်ခဲ့ပြီးနောက် တစ်နှစ်အကြာ ၁၈၁၂ ခုဧပြီလအတွင်းက မဏ္ဍရေးပိုင်သင်္ဘောတစ်စင်း ရန်ကုန်ဆိပ်ကမ်းသို့ ဝင်မည်ရှိသောအခါ အကယ်၍သင်္ဘောဝင်ရောက်ပါက မြန်မာတို့ကဖမ်းဆီးသိမ်းယူလိမ့်ဖြစ်ကြောင်း ကပ္ပတိန်ကင်းနင်းကသတိပေးချက်တစ်ခုပေးပို့ခဲ့ပါသည်။

မဏ္ဍရေး၏ အပြောက်များရွှေ့ပြောင်းမှုပြီးနောက်ရက်အနည်းငယ်အကြာတွင်သိပ်ပြီးမကျဲပြားလှသောကိစ္စတစ်ခုထပ်မံဖြစ်ပျက်ခဲ့ပြန်ပါသည်။စစ်တကောင်းမြစ်ဝ၌ အလံတိုင်စခန်း(Flag-Staff Point)ခေါ်တောင်းကုန်းတစ်ခုရှိပါသည်။ ထိုတောင်ကုန်း၌ယခင်ကအပြောက်တပ်ခွဲတစ်ခုတပ်စွဲထားခဲ့ဖူးပါသည်။ထိုတပ်ခွဲကို ယခုရုပ်သိမ်းထားပါပြီ။သို့သော်ရောမအပြောက်ကြီးတစ်လက်ကျန်ရစ်နေခဲ့ပါသည်။ရခိုင်သားတစ်စုတို့သည်ဤအပြောက်ကြီးအားတောင်အောက်သို့ဆွဲချရန်ကြိုးပမ်းခဲ့ကြပါသည်။စစ်တကောင်းတပ်မှူးက ဤကိစ္စကိုကြားသိသဖြင့်တပ်ခွဲတစ်ခုစေလွှတ်၍ပြန်လည်ယူထားလိုက်ပါသည်။ထို့ကဲ့သို့ဖြစ်ပျက်နေခိုက်မှာပင် စစ်တကောင်းရှိဝပ်လက်နက်စခန်းကို ရခိုင်သားတို့တိုက်ခိုက်ခဲ့ကြကြောင်း၊ ထို့ကြောင့်အစောင့်များထပ်မံအားဖြည့်ထားရကြောင်းဖြင့်အထက်ပါကိစ္စရပ်တို့အားလေ့လာထားသူကပြောပြခဲ့ပါသည်။

ဤအဖြစ်အပျက်များအားကြည့်ခြင်းဖြင့် ရခိုင်သားများအတွင်း လှုပ်လှုပ်ရှားရှားဖြစ်နေသည်ကို စစ်တကောင်းအရာရှိတို့ သတိမပြုမိခဲ့ဆိုသည်မှာ မဖြစ်နိုင်ကြောင်း မြန်မာတို့ကယူဆပါသည်။ချင်းဗြန်၏အင်အားစုများရခိုင်ပြည်ထဲသို့ဝင်ရောက်သွားကြပြီးသည်အထိ စစ်တကောင်းရာဇဝတ်တရားသူကြီး အနေဖြင့်ဘာတစ်ခုမျှမသိရှိခဲ့ပါကြောင်းကုမ္ပဏီအစိုးရကဤကြေငြာချက်ကိုလည်းမယုံကြည်ကြပါ။မဏ္ဍရေးကိစ္စကိုကြည့်လျှင်မဏ္ဍရေးနှင့်အခြားအရာရှိများသည် သူတို့အနေဖြင့်ဟန့်တားထားလိုက်သင့်သည့်ကိစ္စတစ်ခုကို မျက်စိမှိတ်နေခဲ့ကြသည်ဟုဝန်ခံရမည်သာဖြစ်ပါသည်။ မြို့ပြဝန်ထမ်းများထဲမှ မဏ္ဍရေးအပြင် အခြားအရာရှိတစ်ဦးကလည်း ရခိုင်သားတို့အား လက်နက်ခဲယမ်းများထောက်ပံ့ပေးအပ်ခဲ့သည်ဟု အပြောများကြောင်း ထိုခေတ်စာရေးသူတစ်ဦး (ဂိုက်)ကရေးသားဖော်ပြခဲ့ပါသည်။

ရခိုင်တို့ တိုက်ခိုက်မှုအား တားဆီးရန်ပျက်ကွက်မှုမှာ စစ်တကောင်းရှိ ကုမ္ပဏီအရာရှိတို့၏ ပေါ့ဆမှုကြောင့်ဖြစ်ရကြောင်း မြန်မာတို့ကောင်းမွန်စွာအကြောင်းပြနိုင်သည်ကို မြင်လွယ်

ပါသည်။ သို့သော်အမှန်တရားမှာမူ နယ်စပ်ဒေသသည် တောကြီးမျက်မည်းဖြစ်နေခြင်းကြောင့်သာဖြစ်ပါသည်။ ကုမ္ပဏီအနေဖြင့်လည်း ထိရောက်စွာ ထိန်းသိမ်းအုပ်ချုပ်နိုင်ခြေမရှိပါ။ တောတောင်များမှာဖြတ်ကျော်သွားလာရန်မလွယ်ကူသည့်အပြင် ရာသီဥတုမှာ အလွန့်အလွန်ဆိုးရွားသောကြောင့်လည်းဖြစ်ပါသည်။ ထိုဒေသတွင် စစ်သားများအဖို့အသက်ရှင်နေထိုင်ရန်မဖြစ်နိုင်ရုံမက မိုးရာသီ၌ဆိုပါက သွားလာလှုပ်ရှားရန်အတွက်ပင် ခက်ခဲလွန်းလှပါသည်။ စစ်တကောင်းတောင်ပိုင်းဒေသမှာ မင်းမနိုင်နယ်မြေဖြစ်နေပါသည်။ ကုမ္ပဏီအနေဖြင့် မထိန်းချုပ်မကိုင်တွယ်နိုင်ပါ။ ဒေသနေလူများကိုလည်းဖြစ်ချင်ရာဖြစ် လွှတ်ထားရသည့်သဘောဖြစ်နေခဲ့ပါသည်။

ထိုဒေသ၏ ဝေးလံသီခေါင်မှု၊အသက်အန္တရာယ်နှင့်နီးကပ်လွန်းမှုတို့ကို ၁၈၁၁–ခုနှစ် မိုးရာသီအတွင်း ရာမူးမှတက္ကနုဖ်သို့ ခရီးသွားမှတ်တမ်းတစ်ခုတွင် ရှင်းလင်းပြတ်သားစွာ တွေ့မြင်နိုင်ပါသည်။ ထိုမှတ်တမ်းကို ထိုခရီး၌ပါဝင်ခဲ့သော အရာရှိတစ်ဦး (ဗိုက်) ကရေးသားခဲ့ခြင်းဖြစ်ပါသည်။

"စစ်တကောင်းမှ တက်ကနုဖ်အထိ ပိုင်(၁၄၀)ခန့်ဝေးပါသည်။ စိုက်ခင်းပျိုးခင်းများမှာ ရာမူးအထိသာရှိသည်ဟုပြောနိုင်ပါသည်။ ထိုနေရာမှစတင်လျှက် ကောက်ဘဇားအထိ တောင်ပေါ်သစ်တောကြီးများ ပိုင်းရံပေါက်ရောက်နေကြပါသည်။ ကောက်ဘဇားနှင့်တက်ကနုဖ်အကြား ဆက်သွယ်ရေးလမ်းကြောင်းမှာ ဘင်္ဂလားပင်လယ်ကမ်းရိုးတန်းအရှေ့ပိုင်းအဘိုင်းဖြစ်ပါသည်။ သဲပြင်ပေါ်ရှိလမ်းကြောင်းဖြစ်ပြီး အချို့နေရာတို့၌သွားလာ၍မရပါ။ ရေကျသွားပြီးမှလမ်းပြန်ပေါ်လာပါသည်။သစ်တောကြီးများပေါက်ရောက်လျက်ရှိသော တောင်များမှာနေရာတစ်ပြင်လုံးကို ဖုံးလွှမ်းထားပြီး ပင်လယ်သို့အထိဆန့်ထွက်ရောက်ရှိနေပါသည်။

"ရခိုင်ပြည်နှင့်စစ်တကောင်းတို့ကြားရှိ ဤတောင်တန်းများမှာ ကြီးမားသောအတားအဆီးများဖြစ်နေကြပါသည်။ ၎င်းတို့ကို ဖြတ်သန်းလျှက်သွားလာနိုင်သော နေရာတစ်ခုတည်းသာရှိပါသည်။ အိုတီယာဂေါက် (Otea Ghaut) တောင်ကြားလမ်းဟုခေါ်ပါသည်။

"ကောက်ဘဇားမှ တက်ကနုဖ်အထိ စိတ်ပင်ပန်းငြီးငွေ့စရာကောင်းသောကမ်းရိုးတန်း၏ အရှည်မှာပိုင်(၆၀)ဖြစ်ပါသည်။ ထိုလမ်းတွင် မရေမတွက်နိုင်သောမြစ်ကလေးချောင်းကလေးများစွာကဖြတ်သန်းစီးသင်းနေကြပါသည်။ တချို့သောမြစ်ချောင်းတို့ကို ဖောင်များချက်ချင်းဖွဲ့ပြီး

ဖြတ်ကူးကြရပါသည်။ တချို့ကိုတော့ရေကျချိန်မှ ဖြတ်သွားနိုင်ပါသည်။ ခရီးအလျောက်၌ တဲကလေးတစ်လုံး၊ မြက်ကလေးတစ်ပင်မျှမမြင်တွေ့ကြရပါ။ သောက်ရေကိုတောင်ကျချောင်းများမှသာလျှင်ခပ်ယူကြရပါသည်။ ဤသို့ခပ်ယူရာတွင် မတော်လျှင်ချောင်းရေစီးနှင့်မျောပါသေဆုံးနိုင်သည့်အန္တရာယ်ရှိပါသည်။ ကမ်းရိုးတန်းအတိုင်းသွားရသောလမ်းတလျှောက်လုံးတွင် တဲကလေးတစ်ဆောင်ဆောက်ရန်အတွက်ပင်လျှင် နေရာကွက်လပ်ရှားပါးလှပါသည်။ဤကိစ္စကြောင့် ဒုက္ခရောက်ခြင်းမဟုတ်ပါ။ရာမူးမှ မထွက်လာမီကတည်းက တိုက်ခတ်နေသော လေပြင်းဒဏ်ကြောင့်တဲများပျက်စီးသွားရသည့်အတွက်ဒုက္ခရောက်ကြရခြင်းဖြစ်ပါသည်။ တခါတရံ ကျွဲနွားအုပ်ကြီးများက လမ်းကိုပိတ်ဆို့ထားတတ်ပါသေးသည်။ အနီးသို့ကျွန်ုပ်တို့ ကပ်သွားပြန်တော့လည်း ထွက်ပြေးသွားကြပါသည်။ ညဥ့်အချိန်ကြားကြရသော ဆင်အော်သံ၊ ပင်လယ်လှိုင်းအုန်းသံတို့မှာ သွေးပျက်ဖွယ်ဖြစ်ပါသည်။ တစ်ကြိမ်တွင် ဆင်ရိုင်းအုပ်ကြီးတစ်အုပ်အလွန် နီးကပ်စွာရောက်လာခဲ့ပါသည်။ အသက်ဘေးမှလွတ်ဖို့အတွက် မှောင်ကြီးမည်းမည်းထဲထွက်ပြေးကြရပါသည်။ အသက်မသေကျန်ရှိနေရန်မှာ လက်လှမ်းမီရာသစ်ပင်တစ်ပင်ပေါ်သို့ တက်ပြေးရေးပင်ဖြစ်ပါသည်။ နံနက်မိုးသောက်အလင်းရောက်သောအခါကျမှ ကျွန်ုပ်တို့၏ကြောက်လန့်မှုမှာ အချည်းအနှီးဖြစ်မှန်းသိရှိကြရပါသည်။ သစ်တောနှင့်ကမ်းခြေတို့အကြားတွင် နက်ရှိုင်းသောချောက်ကမ်းပါးကြီးတစ်ခုရှိပြီး ထိုချောက်ကမ်းပါးကြီးကပင် ကျွန်ုပ်တို့၏ အသက်ကိုကယ်တင်လိုက်ခြင်းဖြစ်ပါသည်။

"တပ်ခွဲ၏ပျက်စီးဆုံးရှုံးမှုမှာလည်း ကြီးမားလှပါသည်။ ဆင်များ၊ ကျွဲများဆက်လက်မသွားနိုင်ကြတော့ပါ။ ငှားယူခဲ့သော အထမ်းသမားအများစုတို့မှာလည်း ကောက်ဘဇားမှထွက်လာသည့်ပထမနေ့ကတည်းကပင် ထွက်ပြေးသွားခဲ့ကြပါပြီ။ စစ်သားများမှာ အစားအသောက်လည်း ပါမလာကြပါ။ ယခုဖြတ်သန်းရောက်ရှိနေကြသော ဒေသ၏သဘောသဘာဝကိုလည်း နားမလည်ကြ၊ ရှေ့သို့ဆက်သွားခြင်းသည် ကောင်းဖို့အတွက်ဖြစ်သည်ဆိုသည်ကိုလည်း အယုံအကြည်မရှိကြ။ ခြေကုန်လက်ပန်းကျအောင် မောပန်းခြင်း၊ အစားအသောက်ချို့တဲ့မှုကြောင့် အားအင်ကုန်ခမ်းခြင်းတို့ကြောင့် ကြာလာသောအခါ အထူးမကျေမနပ် ဖြစ်လာကြပါတော့သည်။ တဝီယနေ့ ညနေ(၄)နာရီခန့်၌ တပ်ဦးမှတပ်ကြပ်ကြီးတစ်ယောက် မြှန်းဆိုရပ်ပစ်လိုက်သည်။ လက်ထဲမှ ပုဆိန်ကိုပစ်ချ၊ ဓားကိုဆွဲထုတ်လျက် နောက်ထပ်တစ်လှမ်းမှ

မသွားတော့ဘူး ဟုပြောပါသည်။ တပ်ခွဲတစ်ခုလုံးလည်း ၁၃ နမူနာအတိုင်းလိုက်လုပ်ကြကာ လက်နက်များကိုင်စွဲထားကြလေပြီ။ သေရေးရှင်ရေးအချိန်ပင်ဖြစ်သည်။ မလိုလားအပ်သော အကျိုးဆက်များဖြစ်လာနိုင်သည်။ တော်တော်ကြာပြီးမှ ဆက်လက်ချီတက်သွားရန် သဘော တူခဲ့ကြသည်။ ... ... ...

"မိုးဦးကျခွန်လအတွင်း ခရီးစတင်ခဲ့ကြခြင်းဖြစ်သည်။ ဘင်္ဂလားတွင် စစ်တကောင်း ဒေသသည် မိုးအများဆုံးဖြစ်သည်။ မကြာခဏပင် မရပ်မစဲရေအိုးသွန်ချသလိုရွာတတ်သည်။ ၄ ရက်၊ ၅ ရက်၊ ရက်ပေါင်း ၂၀ မျှ ဆက်တိုက်ရွာလေ့ရှိသည်။ ဒေသတစ်ခုလုံးရေလွှမ်း နေတော့သည်။ တတိယနေ့မိုးစရွာပြီး ခရီးဆုံးသည်အထိဆက်တိုက်ရွာသည်။ ကမ်းရိုးတန်း သို့ရောက်သည့်တိုင်အောင် ခါးလောက်ရင်လောက်ရှိသော ရေထဲမှာသွားကြရသည်။ ခရီးအဆုံး ဟက်ကနစ်သို့ရောက်သည့်အချိန်တွင် လူထက်ဝက်သာပါရှိတော့သည်။ ကျန်ထက်ဝက်မှာ မလိုက်ပါနိုင်တော့သဖြင့် ကမ်းရိုးတန်းပေါ်မှာ ကျန်နေရစ်ခဲ့ကြသည်။ တပ်ခွဲတစ်ခုလုံး ပြင်းထန် သိုးရှားလှသော တောကြီးဖျားရောဂါကပ်ရောက်သည်။ တစ်ရက်၊ နှစ်ရက်အတွင်းတွင် တာဝန် ကမ်းဆောင်နိုင်သူဦးရေ ၂၀ အထိ လျော့ကျသွားခဲ့သည်။"

(ဤအတွေ့အကြုံတပ်ချို့ကို ၁၇၉၅ ခုနှစ်၊ စစ်တကောင်းကမ်းလွန်တွင် ပျက်စီးရစ်ပြုပ် သွားခဲ့သော ဗြိတိသျှသင်္ဘော ဂျူနိုမှ အသက်ရှင်ကျန်ရစ်ခဲ့သူတစ်ဦး၏ မှတ်တမ်းမှယူထားပါ သည်။ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ် အမှတ် ၆။ စာ ၁၂၂ တွင်ရှုပါ။ သင်္ဘောမှာ ရခိုင်ကမ်းလွန်၌ ပျက်စီးသွားခြင်းမဟုတ်ကြောင်း မှုရင်းစာ၌တွေ့ရှိနိုင်ပါသည်။)

ဤကဲ့သို့သောအခြေအနေတွင် စစ်တကောင်းရာဇဝတ်တရားသူကြီးအနေဖြင့် ရခိုင်သား တို့၏ တိုက်ခိုက်မှုကို တားဆီးနိုင်စွမ်းမရှိခဲ့ခြင်းမှာ အံ့သြစရာတော့မဟုတ်ပါ။

မည်သို့ဆိုစေ မြန်မာတို့ကတော့ အယုံအကြည်မရှိကြပါ။ ၁၈၁၁ အောက်တိုဘာလ၊ ရန်ကုန်သို့ ကင်းနင်းရောက်လာသောအခါ ဆိပ်ကမ်းသို့ဝင်လာသော ဗြိတိသျှသင်္ဘောတို့အား ပြန်လည်ထွက်ခွာသွားခွင့်မပြုဟု မြန်မာမြို့ဝန်က တားမြစ်ထားကြောင်းတွေ့ရှိရပါသည်။ ဒေသခံ အင်္ဂလိပ်လူမျိုးတချို့နှင့်တွေ့ဆုံဆွေးနွေးပြီးနောက်မှ တားမြစ်ချက်ကိုပြန်လည်ရုပ်သိမ်းပေးခဲ့ ပါသည်။ ကုမ္ပဏီအစိုးရ၌ အပြစ်မရှိကြောင်းကို ယုံကြည်အောင်ပြောဆိုနားသွင်းဖို့ နည်းအမျိုး မျိုးဖြင့် ကင်းနင်းကြိုးစားခဲ့ပါသည်။ ချင်းပြန်၏ တပ်သားများဝတ်ဆင်ဖို့အတွက် ယူနီဖောင်း

အထည်စများ ပေးပို့မှုကို တားဆီးရန်ကုမ္ပဏီအစိုးရက အရေးယူဆောင်ရွက်ရေးအတွက် ကာလကတ္တားငါ်ညွှန်ကြားချက်ရှိကြောင်း၊ ထိုသူတို့ စစ်တဲကောင်းသို့ ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်အောင် တားဆီးရန်ညွှန်ကြားထားကြောင်း ကင်းနင်းကထောက်ပြ ပြောဆိုခဲ့ပါသည်။ နယ်စပ်ကိုဖြတ်ကျော်ရန် ကြိုးစားလာပါက(မြန်မာတို့လက်သို့ ဖမ်းဆီးအပ်နှံခြင်းမပြုသည့်တိုင်)တွန်းလှန်နှင်ထုတ်ပစ်မည်ဖြစ်ကြောင်းကိုလည်း ပြောဆိုခဲ့ပါသည်။

မိုးရာသီကုန်ဆုံးခဲ့ပါပြီ။ ဆုံးရှုံးသွားခဲ့ရသော နယ်မြေတို့ကို ပြန်လည်ရယူဖို့မြန်မာတို့လုပ်ဆောင်လာခဲ့ကြပါပြီ။ စစ်အင်အားများကို စုစည်းပါသည်။ ပဲခူးနယ်မှ လူအင်အား ၃၀၀၀ ပေးပို့ရန် ညွှန်ကြားထားပါသည်။ တပ်မဟာ နှစ်ခုကိုဖွဲ့စည်းပြီး ခြောက်ပေါင်ဒါအမြောက် ၆ လက်နှင့် လူနှစ်ရာတို့ကို ထည့်သွင်းပါသည်။ အင်္ဂလိပ်လူမျိုးတေလာ(Taylor)ကွပ်ကဲသောသင်္ဘောတစ်စင်းကိုလည်း ရခိုင်ပြည်မှသတင်းများရယူရန် စေလွှတ်ပါသည်။ သင့်တော်ရုံမျှစားနိုင်သောက်နိုင်သော မိသားစုတိုင်း ယောကျ်ားတစ်ဦး သို့မဟုတ်ရှပီးငွေ ၂၅၀။ သေနတ်တစ်လက်။ မီးပေါက် ၁၀ ခု။ ယမ်းမှုန့် ၁ဒွိ စီယာ(seer)၊ ခဲ လည်းထိုပမဏအတိုင်း၊ ရဲဒင်း ၂-လက်၊ (mamooty) ၂-ခုနှင့် သံပုံရည် ၁၀ ချောင်းထည့်ဝင်ပေးကြရန် အမိန့်ထုတ်ဆင့်ပါသည်။

တေလာ၏ တပ်ခွဲမှာ ကံမကောင်းပါ။ ရခိုင်သားတို့ဖမ်းမိသွားခဲ့ပါသည်။ သို့သော်ပုန်တိုင်းကျနေစဉ်အတွင်း ထွက်ပြေးလွတ်မြောက်လာနိုင်ခဲ့ပါသည်။ လွတ်မြောက်သည်နှင့်အခြားသင်္ဘောများနှင့်အတူ ပြန်ထွက်ရန်အသင့်ပြုလုပ်ထားပါသည်။

၁၈၁၁ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်နေ့တွင် ဤရေကြောင်းတပ်ဖွဲ့သည် ရန်ကုန်မှထွက်ခွါလာပါသည်။ နောက်တစ်ပါတ်အကြာတွင် ထိုတပ်ဖွဲ့နောက်မှ ရေယာဉ်စုတစ်ခုလိုက်ပါလာပြီး ဒုတိယရေယာဉ်စုနှင့် ပုသိမ်မြို့တွင် ပူးပေါင်းရန်ဖြစ်ပါသည်။ ရေယာဉ်စုပါသင်္ဘောများအားလုံးမှာ လက်နက်ကိရိယာများမစုံလင်ကြပါ။

"အမြောက်အားလုံးတို့မှာ သံချေးတားနေကြပြီ။ ပစ်လိုက်လျှင်ခဲသီးများအလုံးလိုက်ထွက်ပြီး ထိမှန်သည်။ ပေါ်တူဂီလူမျိုးစစ်ပိုလ်တို့မှာ အထူးညံ့ဖျင်းကြသည်။ ဗဟုသုတနှင့်အတွေ့အကြုံတို့လုံးဝမရှိပေ" ဟူ၍ ကင်းနင်းကရေးသားခဲ့ပါသည်။ တစ်ဖက်မှကြည့်လျှင်တော့ရန်သူတို့ကိုင်ဆောင်သော လက်နက်တို့မှာလည်း ဤအစားထဲကပင် ဖြစ်လိမ့်မည်ဟုထင်ကြောင်းသူကဆိုပါသည်။

ပဲခူးမှတချို့၊ အထက်မြန်မာပြည်မှတချို့ ပူးပေါင်းဖွဲ့စည်းထားသော မြန်မာကြည်းတပ်သည် နေ့ကရေအငူ၌ အင်အားဖြည့်တင်းပါသည်။ ထိုမှတဆင့် ဒွါရာဝတီ(သံတွဲ)သို့ ချီပါသည်။ ထိုမှတဖန်ရေကြောင်း ခရီးဖြင့် ရမ္မာဝတီ(ရမ်းဗြည်)သို့ ဆက်တက်လာခဲ့ပါသည်။ သူပုန်တို့အား ပင်လယ်မှထွက်၍ ရွာမွေ့ရာမာန်အောင်အနီးကျွန်းများကြား၌ လက်နက်တပ်ဆင်ထားသော လှေ ၃၀၀ လှေတစ်သောင်းကိုတွေ့ရပါသည်။ ချင်းဗြန်ဦးဆောင်လာသော လူများဖြစ်ပါသည်။ တိုက်ပွဲပြင်းစွာဖြစ်ပွားရာ ရခိုင်တို့အကျအဆုံးများပြားပါသည်။ လှေ(၂၀၀)နှင့် လူများစွာပျက်စီးဆုံးရှုံးသွားပါသည်။ ချင်းဗြန်မှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး ကြွင်းကျန်သူတို့အား ပြန်လည်စုစည်းနိုင်ခဲ့ပါသည်။ ချင်းဗြန်သည် လှေအစီး ၁၀၀ သာပါသော အင်အားစုကလေးဖြင့် ရဲရင့်ပြောင်မြောက်စွာထပ်မံတိုက်ခိုက်ပြန်ပါသည်။ ဤအကြိမ်တွင်လည်း လှေအစီး ၅၀ ပျက်စီးသွားခဲ့ရပြန်ပါသည်။ မာန်အောင်ကျွန်းကို မြန်မာတို့သိမ်းပိုက်လိုက်ကြပါသည်။ ရခိုင်တို့၌ လက်နက်အင်အားနည်းပါးညံ့ဖျင်းလှသဖြင့် ဤသို့မရှုမလှရှုံးနိမ့်ရခြင်းဖြစ်ပါသည်။ ရခိုင်တပ်သားအများစုမှာ ဝါးချွန်များသာ ကိုင်ဆောင်ပါရှိကြပါသည်။

ပုန်ကန်ထကြွမှုကား ငြိမ်းသေမသွားခဲ့ပါ။ ရခိုင်ပြည်ကို ပိပိသက်သက်ထိန်းသိမ်းထားရေးဟူသော ချင်းဗြန်၏ရည်မှန်းချက်မှာ မြန်မာတပ်များအောင်မြင်ခဲ့နိုင်မှုကြောင့် ပျက်ပြယ်သွားခဲ့ရပါသည်။ တောင်တန်းများဆီသို့ ချင်းဗြန်တိမ်းရှောင်သွားခဲ့ပါသည်။ စစ်တကောင်းမှ ခေါ်ယူလာခဲ့သော နောက်လိုက်နောက်ပါများနှင့် အခြားပူးပေါင်းလာခဲ့ကြသူများစွာတို့မှာ နယ်စပ်ကိုဖြတ်ကျော်ထွက်ပြေးကြပါသည်။ လွန်ခဲ့သောနှစ်ပေါင်း(၃၀)က မိဘဘိုးဘွားတို့ထွက်ပြေးလာခဲ့ကြရသည်နှင့် အလားတူပင်ဖြစ်ပါတော့သည်။

ကုမ္ပဏီအစိုးရက ကပ္ပတိန်ကင်းနင်းအား ကြားခံပြုလျက်မြန်မာအစိုးရထံသို့ အကြောင်းကြားထားခဲ့ဖူးသော "စစ်တကောင်းသို့ဝင်ရောက်လာသည့် ဒုက္ခသည်မှန်သမျှကို ပြန်လည်နှင်ထုတ်မည်" ဆိုသည့်သဘောထားကို ယခုတစ်နည်းတစ်ဖုံပြုပြင်ပြောင်းလဲပစ်ခဲ့ပါသည်။ ချင်းဗြန်နှင့်သူ၏လက်ထောက်များအား ဖမ်းမိခဲ့လျှင် မြန်မာပိုင်နက်သို့နှင်မထုတ်ဘဲ အကျယ်ချုပ်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်ပါသည်။ သူတို့အားဘင်္ဂလား၏အခြားတစ်နေရာသို့သာပြောင်းရွှေ့ထားမည်ဖြစ်ပါသည်။ ဤသို့သောသဘောထားအပြောင်းအလဲကို မြန်မာတို့မကျေနပ်ကြပါ။ ကုမ္ပဏီအစိုးရအပေါ် ယခင်ကတည်းကမပြောင်းမလဲထားရှိလာခဲ့သော မြန်မာ

တို့၏သံသယစိတ်ဓါတ်ပြန်ပေါ်လာခဲ့ပါသည်။ ရခိုင်မြို့ဝန်က ချင်းပြန်နှင့်အခြားခေါင်းဆောင်များ အပြင် မဂ္ဂရေးကိုပါ လွှဲအပ်ရမည်ဖြစ်ကြောင်း၊ မလွှဲအပ်ပါက တရားခံပြေးတို့အား စစ်တကောင်း အထိဝင်ရောက်ရှာဖွေလိမ့်မည်ဖြစ်ကြောင်း ရာဇသံပေးပို့လိုက်ပါသည်။ ရခိုင်ခေါင်းဆောင်(၃)ဦး တို့အား ကာနယ်အာစကိုင်း လွှဲအပ်ခဲ့ဖူးသော ၁၇၉၄ ခုနှစ်က အစဉ်အလာကိုပါ မြို့ဝန်ကထပ်မံ ဖော်ပြပြောဆိုခဲ့ပါသည်။

၁၇၉၄ ခုနှစ်က အနေအထားနောက်ထပ်တဖန်ဖြစ်ပေါ်ခဲ့ပြန်ပါလေပြီ။ ဖေဖော်ဝါရီ ၃ ရက်နေ့တွင် မြန်မာစစ်သား ၆ ဦးတို့အား နယ်စပ်၏အိန္ဒိယဘက်တွင် ဖမ်းမိကြောင်း၊ မစ္စတာပက်ချယ်က သတင်းပို့ပါသည်။ မိမိတို့အဖွဲ့တွင် လူ ၁၃၀ ပါဝင်ကြောင်း ချင်းပြန်အားလိုက်ရှာနေခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီပိုင်နက်အတွင်း ရောက်ရှိနေခြင်းကိုမသိကြောင်း အဖမ်းခံစစ်သားကပြောပါသည်။ ဤအဖြစ်အပျက်ကိုကြည့်လျှင် ချင်းပြန်သည် နယ်စပ်ကို ဖြတ်ကျော်ခဲ့လျက် စစ်တကောင်း၌ ရောက်ရှိနေပြီဖြစ်ကြောင်း သိနိုင် ပါသည်။ မြန်မာတပ်များ နောက်ထပ်ဝင်ရောက်လာမည့် အခြေအနေရှိပါသည်။ နယ်စပ်ဒေသရှိ ကုမ္ပဏီတပ်အင်အား စုစုပေါင်းမှာ ၄၄၀ သာရှိပြီး ၎င်းအနက်မှ တက်ကနစ်တွင်ရှိပါသည်။ တက်ကနစ်မှ အရာရှိကမြန်မာတပ်များ ဝင်ရောက်ခဲ့သည်မှာ မှန်ကြောင်း ဒက္ကာမှ အမှတ် ၁၂ တိုင်းရင်းသားခြေလျင်တပ်မှတပ်ခွဲ ၂ ခွဲ၊ စစ်တကောင်းမှ ဥရောပသားအမြောက်တပ်ဖွဲ့ တစ်ဖွဲ့၊ အမှတ် ၂ တပ်ရင်းနှင့် အမှတ် ၁၅ တပ်ရင်းကြီး အားလုံးတို့ကို ပေးပို့ထားကြောင်း သတင်းပေးပါသည်။ ချင်းပြန်နှင့်အခြားသောရခိုင်ခေါင်းဆောင်တို့အား မလွှဲအပ်ပါက မိမိသည် အင်အားရှစ်သောင်းနှင့်အတူ စစ်တကောင်းထိချီတက်မည်ဟု မြန်မာစစ်သေနာပတိက ကြေငြာ ချက်ထုတ်လိုက်သောအခါ အခြေအနေမှာ ပေါက်ကွဲလုနီးဖြစ်လာခဲ့ပါသည်။ မြန်မာတို့၌ သေနတ် တစ်သောင်းတင်ဆောင်ထားသော ပြင်သစ်သင်္ဘောများလည်း ကူညီပါရှိမည်ဟု ကြေငြာချက်၌ ဆိုထားပါသည်။ ပြင်သစ်အကူအညီဆိုသည်မှာ လုန့်လုံးမှုဖြစ်ဟန်ရှိပါသည်။ မြန်မာတပ်သား အင်အားမှာ ခုနှစ်ထောင်မျှသာရှိပါသည်။ သို့သော်မြန်မာတပ်မှူးသည် နတ်ပြစ်အတွင်း လှေသုံး လေးရာတို့ကို စုစည်းခဲ့ပါသည်။ သူ၏ခြိမ်းခြောက်မှုအတိုင်းသာ အမှန်တကယ်ဆောင်ရွက်ခဲ့ ပါက ကြီးစွာသောအန္တရာယ်ကို ပြုနိုင်ခဲ့လိမ့်မည်ဖြစ်ပါသည်။ အကြောင်းမှာ စစ်တကောင်းဘက်၌ ရှုပ်းငွေတစ်သိန်းရှိနေသောကြောင့် ဖြစ်ပါသည်။ ထိုအကြောင်းကို မြန်မာတပ်မှူးလည်း သိရှိ

ထားနိုင်ပါသည်။ ထို့ပြင်စစ်တကောင်းသဘော်ကျင်း၌ သင်္ဘောတော်ကော်များများလည်း အစုလိုက်ရှိနေကြပါသေးသည်။

ထိုစဉ်စစ်တကောင်းတပ်များ၏ တပ်မှူးကာနယ်မော်ဂင်(Morgan)သည် ချင်းပြန်၏ သားမယားတို့အား ဖမ်းဆီးခဲ့ပါသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် တောတောင်ထဲ၌ ပုန်းအောင်း နေသော ချင်းပြန်ကိုယ်တိုင်အဖမ်းခံလာလိမ့်မည်ဟု မျှော်လင့်ထားပါသည်။ ဤသို့ပြုလုပ်ခြင်း သည် ကာလကတ္တားရှိ အာဏာပိုင်တို့အဖို့ စိတ်အနှောက်အယှက်ဖြစ်စရာကိစ္စဖြစ်ပါသည်။ ဤသူတို့အပေါ် မြန်မာတို့အတင်းအကြပ်တောင်းဆိုလာနိုင်သောအပြစ်ဒဏ်ကို မိမိတို့ပေးနိုင်လိမ့် မည်မဟုတ်သည့်အပြင် ဤသူတို့အား မြန်မာတို့ထံသို့လည်း လွှဲအပ်ပေးနိုင်လိမ့်မည်မဟုတ် သို့ဖြစ်ရာ မြန်မာတို့အနေဖြင့် စွပ်စွဲပြောဆိုစရာအကြောင်းပြချက်ရရှိသွားစေနိုင်မည်ဖြစ်ပါသည်။ အစိုးရထံမှ မစ္စတာပက်ချယ်ထံသို့ ပေးစာတစ်စောင်၌ထိုသူတို့အားဖမ်းဆီးခြင်းမပြုလျှင် ပိုကောင်းလိမ့်မည်ဟု ရှင်းရှင်းပင်ရေးသားထားပါသည်။ ဤသို့သောအကြောင်းကြောင့် အစိုးရ အနေဖြင့် ချင်းပြန်အား ဖမ်းဆီးလိုစိတ်မရှိပါ။ အစိုးရ၏စီရင်ပိုင်ခွင့်နယ်မြေအပြင်ဘက်၌ နေထိုင် ရန်သာလိုလားကြပါသည်။ ချင်းပြန်၏သားမယားတို့အား အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားရန် အမိန့်ထုတ်ပြန်ပါသည်။ ပြီးလျှင် သူတို့အားစစ်တကောင်းသို့ပို့ပါသည်။ ထို့မှတဖန် ဒက္ကာ သို့ပို့ပါသည်။ ဒက္ကာတွင် ရာဇဝတ်တရားသူကြီးက တာဝန်ခံလျက် သူတို့အား တစ်လလျှင် ရူပီးငွေ(၄၀)သို့မဟုတ်(၅၀)ပေးရသော အိမ်တစ်ဆောင်ငှားရမ်းပေးပါသည်။ ချင်းပြန်၏မိန်း အတွက် တစ်နေ့လျှင်(၂)အန္နာ၊ ကျန်သူတို့အတွက် (၁) အန္နာစီအသုံးစရိတ်ထုတ်ပေးပါသည်။ ချင်းပြန်၏ သားမယားနှင့် မှီခိုသူတို့အတွက် အသုံးစရိတ်စုစုပေါင်းမှာ တစ်နေ့လျှင်(၄) ရူပီးနှင့် ၈ အန္နာဖြစ်ပါသည်။

သားမယားတို့အား ဖမ်းထားလျှင်ချင်းပြန်ကိုလည်း ဖမ်းမိလိမ့်မည်ဟူသော ကာနယ်မော်ဂင်၏ မျှော်လင့်ချက်ပြည့်ဝမလာခဲ့ပါ။ ချင်းပြန်အားဖမ်းဆီးခြင်းသည် နဂိုက ခက်ခဲ ရှုပ်ထွေးလှသော အခြေအနေကို ပိုမိုဆိုးရွားလာစေလိမ့်မည်ဖြစ်ကြောင်း ၊ ခရိုင်အတွင်းရှိ အရာရှိ များအားလည်း ချင်းပြန်ကို အလွန်အကျွံအင်အားသုံးမဖမ်းဆီးကြရန် ဖျောင်းဖျတားဆီးရမည် ဖြစ်ကြောင်း သဘောထားတစ်ရပ်ကို အစိုးရကရှင်းလင်းပြတ်သားစွာဖော်ထုတ်ပြောဆိုခဲ့ပါသည်။ မကြာမီအတွင်းတွင် ချင်းပြန်၏အပြုအမူကြောင့် ကုမ္ပဏီအရာရှိတို့အနေဖြင့် အစိုးရ၏သဘော

ထားအတိုင်းသာကျင့်သုံးလုပ်ဆောင်သွားခဲ့ကြရပါသည်။

မြန်မာတို့နှင့် ဆက်ဆံမှုမှာ အလွန်တင်းမာနေခဲ့ပြီး အရေးကြီးသော ရခိုင်ခေါင်းဆောင်များ ရရှိရေးအတွက် ကင်းနင်းကိုပင်လျှင် (မြန်မာတို့က)ဓားစာခံအဖြစ် ဖမ်းဆီးသွားမည်ကို စိုးရိမ်လာကြရပါသည်။ ရန်ကုန်ရှိဗြိတိသျှအမှုထမ်းများကိုလည်း ဓားစာခံအဖြစ်ဖမ်းတော့မလို ဖြစ်လာခဲ့ပါသည်။ ရန်ကုန်ရှိဗြိတိသျှအမှုထမ်းများ ရှောင်တိမ်းလာနိုင်စေရန် သင်္ဘော(၂)စင်း စေလွှတ်ပေးခဲ့ပါသည်။ စစ်တကောင်းခရိုင်သို့ တပ်ကူများပို့ပေးရန်ဆုံးဖြတ်လိုက်ပါသည်။ ထို့ကြောင့် စစ်တကောင်းသို့ လူ (၅၀၀) ပို့ရန်အတွက်သင်္ဘောများကို အသင့်ပြင်ဆင်ထားရန် အမိန့်ထုတ်ပါသည်။ ဒေသခံအရာရှိများအနေဖြင့် မြန်မာတို့နှင့်ဆွေးနွေးခြင်းကို ဤတပ်ကူများ ရောက်လာသည့် အချိန်အထိ အချိန်ဆွဲထားရန် အကြံပေးထားပါသည်။

ဖေဖော်ဝါရီ ၈ ရက်နေ့၌ မြန်မာသေနာပတိထံမှတမန်များတက်ကနပ်သို့ရောက်ရှိလာသောအခါ အခြေအနေတိုးတက်ဖြစ်ထွန်းရေးအတွက် မျှော်လင့်ချက်များ မြင့်မားလာခဲ့ပြန်ပါသည်။ လဆန်းပိုင်းကဖြစ်ပေါ်ခဲ့သော နယ်စပ်ဒေသချိုးဖောက်ဝင်ရောက်မှုမှာ မြန်မာအစိုးရ၏အမိန့်အရပြုလုပ်ခြင်းမဟုတ်ကြောင်း ထိုသူတို့ကဝန်ခံကြပါသည်။ ဤတမန်များနှင့်အတူ တေလာလည်းလိုက်ပါလာပါသည်။ တေလာမှာရခိုင်တို့အား စစ်ဆင်တိုက်ခိုက်ရန် ရန်ကုန်မှ လွှတ်လိုက်သော သင်္ဘောများအနက်တစ်စင်းကို အုပ်ချုပ်ရသူဖြစ်ပါသည်။တေလာ၏သုံးသပ်ချက်အရ မြန်မာစစ်သေနာပတိသည် သဘောထားပျော့ပျောင်းသည်ဟုဆိုပါသည်။ တချို့ကတော့ တေလာ၏အမြင်နှင့်ဆန့်ကျင်လျက်ရန်လိုသောသဘောရှိသည်ဟုဆိုပါသည်။ မစ္စတာပက်ချယ် စေလွှတ်လိုက်သော တမန်တစ်ဦးအားသူက “ရခိုင်ခေါင်းဆောင်တွေ၊ နားပေါက်ပေါက်ထားတဲ့ ရခိုင်တွေအားလုံးနဲ့ မဃ္ဃရေးတို့ကိုလွှဲအပ်မပေးရင်တော့ ပြင်သစ်အကူအညီကိုယူပြီးတက်ကနပ်ကနေဒက္ကာအထိတိုက်ခိုက်ဖျက်ဆီးပစ်မယ်၊ ပြီးရင်တော့ ကာလကတ္တားဘဲ” ဟုပြောခဲ့ပါသည်။ မြန်မာတို့ဝင်ရောက်တိုက်ခိုက်သည့် ဖေဖော်ရီလဆန်း ပိုင်းနှင့်မြန်မာကိုယ်စားလှယ်အဖွဲ့တက်ကနပ်သို့လာရောက်သည့်အချိန်တို့ ကြားကာလတွင် အထက်ပိုင်းတောင်ကုန်းတလျှောက် နယ်ခြားမျဉ်းကို ဖြတ်ကျော်ဝင်ရောက်လျက်ရတ္တနာပလောင်(Ratnapalong)တွင် သစ်တပ်တစ်ခုတည်ဆောက်ခဲ့ကြပါသည်။ သို့သော် လူနှင့်ဥစ္စာပစ္စည်းတို့အား မထိခိုက်မပျက်စီးစေသဖြင့် တစုံတရာအရေးမယူခဲ့ပါ။

မြန်မာတို့ဘက်မှ ပျောပျောင်းသောသဘောထားပိုမိုပြလာလိမ့်မည်ဟူသောမျှော်လင့်ချက်မှာ မကြာမီကလေးတွင်ပင်ပျောက်ပြယ်သွားခဲ့ရပါသည်။ တက်ကနုဖ်၌ တမန်အဖွဲ့ရှိနေဆဲမှာပင် လူသူမနေထိုင်သော နယ်စပ်ဒေသအပိုင်းတို့သို့ နောက်ထပ်မြန်မာတပ်သားများကျူးကျော်ဝင်ရောက်ခဲ့ကြပြန်ပါသည်။ ချင်းပြန်ကတော့လွတ်မြောက်နေဆဲဖြစ်ပါသည်။ ဖေဖော်ဝါရီ (၂၄) ရက်နေ့တွင် မစ္စတာပက်ချယ်က ချင်းပြန်နှင့်ပတ်သက်၍ ယုံကြည်စိတ်ချရလောက်သော သတင်းတစုံတရာမရရှိကြောင်း မှတ်သားထားပါသည်။ စစ်တကောင်းမြို့သို့လာရန်ပြင်ဆင်နေကြောင်း ကောလာဟလသတင်းများကြားရသော်လည်းသတင်းမှန်သည်ဟူ၍ကားပြော၍မဖြစ်ပါ။ ကာနယ်မော်ဂင်လည်း သူ့တပ်သားများကို အဖွဲ့လိုက်စေလွှတ်၍ရှာဖွေခဲ့ပါသည်။ တစ်ကြိမ်နှစ်ကြိမ်မျှ ဖမ်းဆီးတော့မလိုဖြစ်ခဲ့ပါသည်။

"ခရိုင်၏ကျ၍အပိုင်းသို့ချင်းပြန်လာရောက်ခဲ့ပါက ဖမ်းဆီးရမိနိုင်စေရန်ကျွန်ုပ်တတ်စွမ်းသမျှကြိုးစားဆောင်ရွက်ခဲ့ပါသည်။ တောတောင်များထူထပ်လွန်းသဖြင့် ပုန်းခိုနေဖို့အခွင့်အရေးသာသည်။ အချိန်အတော်ကြာသည်အထိ အလွယ်တကူပင်လွတ်မြောက်နေနိုင်သေးသည်။" ဟု မစ္စတာပက်ချယ်ကရေးသားထားပါသည်။ ထိုသူတို့အား ဖမ်းဆီးမိရေးအတွက် ကုမ္ပဏီအရာရှိများ အစွမ်းကုန်လုပ်ရှားဆောင်ရွက်လျက်ရှိသည်ဆိုသော အာမခံချက်မှုဖြင့်မြန်မာတို့အား ကြေနပ်အောင်မလုပ်ဆောင်နိုင်ခဲ့ပါ။ တက်ကနုဖ်သို့ ကိုယ်စားလှယ်အဖွဲ့များစေလွှတ်သည်မှာလည်း လှည့်စားမှုမျှသာဖြစ်ဟန်ရှိပါသည်။ နယ်စပ်ဒေသအား ကျေနပ်အောင်မလုပ်ဆောင်နိုင်ခဲ့ပါ။ တက်ကနုဖ်ကိုယ်စားလှယ်အဖွဲ့များစေလွှတ်သည်မှာလည်း လှည့်စားမှုမျှသာဖြစ်ဟန်ရှိပါသည်။ နယ်စပ်ဒေသအား ကုမ္ပဏီအရာရှိများက အာရုံစူးစိုက်နေမှုကိုလျော့ပါးသွားစေရန် ရည်ရွယ်ပါသည်။ ဖေဖော်ဝါရီ(၂)ရက်နေ့တွင် တက်ကနုဖ်တပ်မှူးက မြန်မာတပ်ဖွဲ့တစ်ခုနှင့်အတူလိုက်ပါသွားရာ တပ်သား(၈၀)ပါအဖွဲ့တစ်ခုကို တွေ့ရပါသည်။ (၄၉) ဦးကိုဖမ်းမိပါသည်။ ကျန်သူများတောထဲသို့ထွက်ပြေးလွတ်မြောက်သွားကြပါသည်။

အမှန်မှာ လူငါးရာခြောက်ရာမျှရှိသည်ဟုဖမ်းဆီးသူများက ထွက်ဆိုကြပါသည်။ကမ်းခြေဆီသို့လိုက်သွားရာ လှေတစ်အုပ်ကြီးကိုမြင်တွေ့ရပါသည်။ တပ်မှူးက ၆၀၀ ခန့်ရှိမည်ဟုခန့်မှန်းပါသည်။ ထိုမြန်မာစစ်သားများသည်လှေများစီး၍ ပြန်လည်ထွက်သွားကြပါသည်။ သို့သော်သေနတ်များဖြင့် ပြန်လည်ပစ်ခတ်သွားကြပါသေးသည်။ အသိအနိုက်မရှိပါ။ နောက်ထပ်(၇)ဦးဖမ်းမိလိုက်ပါသည်။ ဤသို့ဝင်ရောက်မှုမှာ မိမိ၏အမိန့်အာဏာအရမဟုတ်ပါကြောင်း မြန်မာ

သေနာပတိက တက်ကနစ်တပ်မှူး ထံစာရေးအကြောင်းကြားပါသည်။ ဖမ်းမိထားသူများအား သူထံသို့လွှဲပြောင်းပေးအပ်ပါက ခေါင်းဆောင်ဖြစ်သူအား ခေါင်းဖြတ်ကွပ်မျက်ပစ်မည်ဟုလည်း ကတိပြုပြောကြားပါသည်။ သို့သော်နတ်မြစ်အရှေ့ဘက်ကမ်းရှိ မြန်မာစခန်းအား မြင်တွေ့ရမှုကြောင့် ဒေါသထွက်နေကြသော အိန္ဒိယဘက်ရှိဒေသခံအရာရှိများက မြန်မာတပ်များဝင်ရောက်ကျူးကျော်မှုမှာ သေနာပတိ၏ အမိန့်အရသာဖြစ်ကြောင်း မှတ်ယူလိုက်ကြပါသည်။ ဤသို့သော ကျူးကျော်ဝင်ရောက်မှုမျိုး မျှားစွာဖြစ်ပေါ်ခဲ့ပါသည်။

ဤအခြေအနေတွင် ကာလကတ္တားမှ တပ်ကူများရောက်ရှိလာပါသည်။ နောက်ထပ်ကျူးကျော်ဝင်ရောက်မှုတို့ကို လက်နက်အင်အားသုံးလျက်ခုခံတားဆီးမည်ဖြစ်ကြောင်း မြန်မာတပ်များနယ်စပ်ဒေသ၌ မြိမ်းခြောက်အန္တရာယ်ပြုမည့်အနေအသားဖြင့် တပ်စွဲနေသမျှကာလပတ်လုံး မည်သည့်ဆွေးနွေးညှိနှိုင်းမှုမျိုးကိုမျှ ပြုလုပ်လိမ့်မည်မဟုတ်ကြောင်း သတိပေးချက်ထုတ်ပြန်ပါသည်။ ထို့ပြင်လုယက်ယူဆောင်သွားသော ပစ္စည်းဥစ္စာများနှင့် ဖမ်းဆီးခေါ်ဆောင်သွားသော အမျိုးသမီးတစ်ဦးတို့အား ပြန်လည်ပေးအပ်ရန်တောင်းဆိုလိုက်ပါသည်။ မြန်မာများ ဤသို့ကျူးကျော်တိုက်ခိုက်နေကြသည်မှာ အစားအစာလိုချင်သောကြောင့်ဖြစ်သည်ဟု မစ္စတာပက်ချယ်ကယူဆပါသည်။ မြန်မာတို့မှာ ရိက္ခာချို့တဲ့လျက်ငတ်မွတ်နေကြခြင်းကြောင့် ဖြစ်ပါသည်။ ထိုအချိန်တွင် မြန်မာတို့သည် ရခိုင်အိမ်အခြောက်အများကို မီးတင်ရှို့လိုက်ကြပါသည်။ ဤလုပ်ရပ်ကိုကြည့်ခြင်းအားဖြင့် မြန်မာတို့၏ရည်ရွယ်ချက်မှာ ရခိုင်သားများဝင်ရောက်တိုက်ခိုက်ခဲ့မှုအတွက် တစ်ဝ်တဒေသဖြစ်စေ လက်စားချေရန်ဖြစ်ကြောင်း ထင်ရှားပါသည်။

ဤအနေအထားကို စဉ်းစားတွက်ချက်လျက် တပ်သားများအား ၁၈၁၂ ခု၊ မိုးရာသီကျရောက်လာသည်အထိ စစ်တကောင်းတောင်ပိုင်းတွင် တပ်စွဲထားခဲ့ပါသည်။ မြန်မာတပ်တို့အား တိုက်ခိုက်ဖို့လိုအပ်လာပါက နတ်မြစ်ကိုဖြတ်ကူးနိုင်မည့် အကောင်းဆုံးနည်းလမ်းများကို တင်ပြရန် ကာနယ်မော်ဂင်အား အမိန့်ပေးထားပါသည်။

မိုးရာသီအမှန်တကယ်ကျရောက်လာသောအခါတွင် မြန်မာတပ်သားများထွက်ပြေးကုန်ကြသဖြင့် အင်အား ၂၀၀၀ ခန့်မျှသာကျန်ခဲ့ပါသည်။ နတ်မြစ်အနောက်ဘက်ကမ်းသို့ အကြိမ်အနည်းငယ်ဝင်ရောက်တိုက်ခိုက်ပြီးနောက်တွင် မြန်မာတပ်အကြွင်းအကျန်တို့မှာ မြို့ဟောင်း

မြို့သို့ပြန်လည်ဆုတ်ခွာသွားကြပါသည်။ တိုက်ခိုက်မှုများအနက် တစ်ကြိမ်တွင် ဒါခိုင်နီလာ **(Dakhin Nhila)** ရွာမှ ရခိုင်သားလေးဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြပါသည်။ နောက်တစ်ကြိမ်တွင် နှစ်ဦးကိုသတ်ဖြတ်ပစ်ခဲ့ကြပါသည်။ ထိုနည်းတူပင် ပြေလ အတွင်း၌ ကုမ္ပဏီတပ်များကိုလည်း တက်ကနပ်၊ အူခီယာဂတ်(**Ukhia Ghat**)၊ ရမ္မာပလောင် ရှေ့တန်းစခန်းများမှ ရုတ်သိမ်းယူလာခဲ့ပြီး ရာမူး၌အင်အားဖြည့်တင်းထားပါသည်။

ယခုအချိန်တွင် နယ်စပ်၌ စစ်တပ်များရှင်းလင်းနေပါသည်။ နှစ်ဘက်အစိုးရတို့ကလည်း မိုးရာသီကာလသည် အေးချမ်းငြိမ်သက်သော အခိုက်အတန့်ပင်ဖြစ်လိမ့်မည်ဟု တစ်ထစ်ချ မျှော်လင့်ထားခဲ့ကြပါသည်။ ကုမ္ပဏီတပ်၊ မြန်မာတပ်နှင့် ရခိုင်တပ်တို့၏ လှုပ်ရှားမှုမှန်သမျှကို မိုးရာသီက ဟန့်တားထားပါလိမ့်မည်။

မျှော်လင့်ထားမှုလည်း မှားယွင်းခဲ့ပါသည်။ ရခိုင်လူထုအပေါ်၌ရှိနေသော ချင်းပြန်၏ ဩဇာသည် သူ၏ရှုံးနိမ့်မှုကြောင့် လျော့နည်းပျောက်ပျက်မသွားခဲ့ပါ။ နယ်ဘက်တပ်များရုပ်သိမ်းသွားခြင်းသည် လှုပ်ရှားမှုများပြန်လည်ရှင်သန်လာဖို့ အချက်ပြလိုက်ခြင်းပင်ဖြစ်သည်ဟု မှတ်ယူလိုက်ကြပါသည်။ ရာမူးရှေ့တန်းစခန်းမှ ကုမ္ပဏီတပ်များရုပ်သိမ်းသွားသည်နှင့် ချင်းပြန်သည် လူရာပေါင်းအနည်းငယ်ဖြင့် အူခီယာဂါတ်ရှိ စခန်းတန်းလျားများကို သိမ်းယူလိုက်ပါသည်။ ဗြိတိသျှအရာရှိများ စားသောက်ဆောင်ပြုလုပ်သော တစ်ထပ်တိုက်ကလေးတွင် ချင်းပြန်ကိုယ်တိုင် နေထိုင်သည်ဟုဆိုပါသည်။ ဒုတိယအကြိမ်ရခိုင်ပြည်စစ်ဆင်ရေးအတွက် စီမံပြုလုပ်နေခဲ့ခြင်းဖြစ်ပါသည်။ သူ၏ပထမစီမံချက်ရှုံးနိမ့်သွားခဲ့ပါသည်။ ရေကြောင်းမှစုန်ဆင်းရန် ကြိုးစားကြည့်သည့်အခါ၌ ဖြစ်ပါသည်။ အနောက်တောင်မုတ်သုန်လေ တိုက်ခိုက်နေသော ရာသီဖြစ်လေရာ ပြင်းထန်လှသောမုန်တိုင်းနှင့် ရင်ဆိုင်ရသဖြင့် လှေများစွာ ပျက်စီးနစ်မြုပ်သွားခဲ့ရပါသည်။ ဒုတိယအကြိမ်ကြိုးပမ်းမှုတွင် ချင်းပြန်သည် နတ်မြစ်ကိုဖြတ်ကူးပါသည်။ ဤသို့ဖြတ်ကူးရာတွင် လူ ၆၀၀၀ ပါဝင်သည်ဟု လေ့လာမှုတစ်ခုက ဆိုပါသည်။ အခြားအထောက်အထားတစ်ခု၌မူ အင်အား ၆၀၀ ပါဝင်သည်ဟု ဆိုပါသည်။ ဤခန့်မှန်းတွက်ဆချက်က ပို၍ဖြစ်နိုင်ခြေရှိပါသည်။ ချင်းပြန်သည် မောင်တောရှိသစ်တပ်ကို သိမ်းယူပါသည်။ အနီးရှိ မြန်မာတပ်ဖွဲ့ငယ်တစ်ခုကိုလည်း နှိမ်နင်းပစ်လိုက်ပါသည်။ ဤအကြိမ်ပြင်ဆင်ကြိုးပမ်းမှုမှာ ပထမအကြိမ်နှင့်နှိုင်းစာလျှင် များစွာအဆင့်နိမ့်လှပါသည်။ ရခိုင်မြို့ဝန်ထံသို့ မစ္စတာပက်ချယ်ထံမှ သတိပေးစာအရ

နှန်လ(၇)ရက်နေ့ကစေလွှတ်လိုက်သော မြန်မာတပ်တို့နှင့် ချင်းပြန်၏တပ်တို့သည် နတ်ပြစ်ကမ်း နှင့် မနီးမဝေးတွင် တိုက်ပွဲဖြစ်ပွားရာ ချင်းပြန့်တပ်များအကြီးအကျယ် ရှုံးနိမ့်သွားပါသည်။ ရခိုင်သား တို့သည် လှေရှိရာဆီသို့ ဆုတ်ခွါထွက်ပြေးကြပါသည်။ သူတို့ရောက်ရှိသွားချိန်တွင် လှေများ နစ်မြုပ်သွားခဲ့ကြပါပြီ။ သို့ဖြစ်၍ နောက်မှလိုက်လာသော မြန်မာတပ်သားတို့၏ လက်ချက်ဖြင့် အဝုံးအရုံးကျဆုံးသွားကြရပါသည်။ အသက်ရှင်ကျန်ရစ်ခဲ့သောရခိုင်သားတို့မှာ စစ်တကောင်းသို့ နောက်ထပ်တဖန်ဝင်ပြေးခဲ့ကြရပါသည်။ ကုမ္ပဏီအရာရှိများကရသမျှ လိုက်လံဖမ်းဆီးကြပါ သည်။ ချင်းပြန်ကိုဖမ်းမိလျှင် ဆုငွေရူပီး ၅၀၀၀၊ လက်ထောက်ဗိုလ်များကို ဖမ်းမိလျှင် ရူပီး(၁၀၀၀) ပေးမည်ဟုထုတ်ပြန်ကြေငြာပါသည်။ ပြန်ဝင်လာသောသူများအား ဒေသခံစစ်တကောင်းသား များကအကူအညီကာကွယ်မပေးရန်တင်းကြပ်စွာ တားမြစ်ထားပါသည်။ သို့သော် ထိုအမိန့်များမှာ သိပ်ပြီးမထိရောက်လှပါ။ ချင်းပြန့်၏ညီဝမ်းကွဲ (Moonopoe) အပါအဝင် ရခိုင်သားတချို့ကို ကောက်ဘဇားတွင်ဖမ်းဆီးလိုက်ပါသည်။ သို့သော်ရခိုင်သားတို့ သည်သာမန်အားဖြင့်အာဏာပိုင် တို့အားမည်သည့်အကူအညီမှ ပေးလိမ့်မည်မဟုတ်ပါ။ တိမ်းရှောင်နေကြသူများကိုသာလျှင် ကူညီပေးကြပါသည်။ ထွက်ပြေးနေသူအများစုမှာညအခါ၌ကောက်ဘဇားကို ဖြတ်သွားပြီး နေ့အခါတွင်တောထဲ၌ပုန်းအောင်းနေကြပါသည်။

လွန်ခဲ့သောလအနည်းငယ်က အနေထားမျိုးယခုပြန်ဖြစ်လာခဲ့ပါသည်။ ရခိုင်သားများက ကုမ္ပဏီပိုင်နက်တွင်ခိုလှုံနေကြသည်။ မြန်မာများကထိုသူတို့ကိုလွှဲအပ်ရန်တောင်းဆိုသည်။ ကုမ္ပဏီ အစိုးရကလည်း ယခင်ကအတိုင်းပင်ဖမ်းမိထားသူရခိုင်သားများအားလွှဲအပ်ပေးရန်ငြင်းဆိုပါသည်။ အကြောင်းရင်းမှာဖမ်းဆီးရမိသည့်မည်သည့်ရခိုင်အကြီးအကဲကိုမဆို မြန်မာတို့ကကားစင်တင် ၍ သတ်မည်သို့မဟုတ်မီးရှို့၍သတ်မည်၊ သို့မဟုတ်ကားစင်တင်မီးရှို့၍သတ်မည်ဟုရန်ကုန်မြန်မာ မြို့ဝန်ကကင်းနင်းအားပွင့်ပွင့်လင်းလင်းပြောပြထားပြီးဖြစ်သောကြောင့်ပေတည်း။

ကုမ္ပဏီတပ်တို့မှာ မိုးဥတု၌ဖြစ်မြဲအတိုင်း ရောဂါဘယကပ်ရောက်မှုကြောင့်အရေအတွက် လျော့နည်းလာခဲ့ရပါသည်။ နာမကျန်းသူဦးရေများပြားလာသဖြင့်တပ်သားအများစုကိုရုပ်သိမ်းရန် လိုအပ်လာပါသည်။ ဆူဗေဒါတစ်ဦးအုပ်ချုပ်သောတပ်ဖွဲ့ကလေးတစ်စုမျှသာချန်ထားရစ်ခဲ့ပါသည်။ ဤကြားစခန်း၌ ဤသို့တပ်သားတစ်ဦးရေလျော့ကျရသည်မှာ အထူးကံဆိုးလှပါသည်။

ပုလိပ်၊ စိပ္ပိုင်တပ်သားများနှင့် ရခိုင်တောပုန်းတို့အကြားတိုက်ခိုက်မှုအငယ်စားများလည်းများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ ချင်းဖြုန်မှာကောက်ဘဇားကိုပင်ခြိမ်းခြောက်လာနိုင်ခဲ့ပါသည်။ ဇက်တင်ဘာ ၂၄ ရက်နေ့တွင် ချင်းဖြုန်သည်လူ ၄၀၀ နှင့်အတူမြို့နှင့်(၂)တိုင် (၃)တိုင်(၁ တိုင်=၁ မိုင်ခန့်) အကွာသို့ရောက်သည်အထိချီတက်လာခဲ့ပါသည်။ ကောက်ဘဇားနှင့် (၁၀) မိုင်အကွာရှိရာမူး မှဆူပဒါမှာ မိမိ၏အနေအထားကို လုံခြုံစိတ်ချမှုမရှိတော့သဖြင့် စစ်တကောင်းမှတပ်ကူတောင်း ခံခဲ့ရပါသည်။ ချင်းဖြုန်တို့သည်ရာမူးမှ တစ်မိုင်ခန့်အကွာရှိရွာတစ်ရွာသို့ချီတက်ကြပါသည်။ ထိုရွာတွင် ချင်းဖြုန်၏ပြိုင်ဘက်ရခိုင်အကြီးအကဲ မြို့တွင်းစား (Myotwinza) ဆိုသူနေထိုင် ပါသည်။ ဆူပဒါကဟန့်တားနေသည့်ကြားမှ ထိုရွာကို လုယက်ဖျက်ဆီးလျက်မီးတင်ရှို့လိုက် ကြပါသည်။ တစ်ဦးနှစ်ဦးကိုသာဖမ်းဆီးရမိလိုက်ပါသည်။ ချင်းဖြုန်ကဤလူများကို ပြန်လွှတ်ပေး ဖို့ ဆူပဒါထံစာရေးတောင်းခံပါသည်။ ဆူပဒါသည်သူ၏အန္တရာယ်ကြီးမားလှသောညွှန်ကြား တော်ကြီးများအား စစ်တကောင်းမြို့သို့ပို့ချင်ပါ၏။ သို့သော်ချင်းဖြုန်ကလမ်းခုလတ်မှလုယူမည့် အရေးကို တွေးကာမပို့ဝံ့ဖြစ်နေပါသည်။ အမှန်မှာ ရာမူးရှိကုမ္ပဏီစစ်တပ်အနေဖြင့် ဝိုင်းဝန်းပိတ် ဆို့ခံနေရသည့်အနေအထားၡ်ရှိနေခဲ့ပါသည်။ မြို့တွင်းစား၏ရွာမီးရှို့ခံလိုက်ရသဖြင့် အနီးအနားမှ လူများစွာတို့ ချင်းဖြုန်ထံပူးပေါင်းခိုဝင်လာခဲ့ကြပါသည်။ တချို့က ချင်းဖြုန်ကိုလေးစားကြည်ညို၍ဖြစ်ပါသည်။ တချို့ကကြောက်ရွံ့မှုကြောင့်ဖြစ်ပါသည်။ ကောက်ဘဇားမှ လူအများမှာ ချင်းဖြုန်အား ထက်ထက်သန်သန်ထောက်ခံကူညီပေးသူများဖြစ်ကြပါသည်။ အများအားဖြင့် ကုန်သည်ငယ်များနှင့်တံငါများဖြစ်ကြပါသည်။ သူတို့မှာဆုံးရှုံးစရာဟူ၍ များများရှိကြသည် မဟုတ်ပါ။ ကုန်းမြင့်ပေါ်၌နေထိုင်ကြသော ရခိုင်သားတို့မှာ အေးချမ်းစွာနေထိုင်လိုစိတ်ရှိကြပြီး စိတ်နေသဘောထားလည်း နူးညံ့ပျော့ပျောင်းကြပါသည်။

၁၈၁၂ ခုနှစ်၊ မိုးရာသီတစ်ခုလုံးလိုလို စစ်တကောင်းတောင်ပိုင်းဒေသမှာ ရခိုင်သူပုန် များ၏လက်တွင်း၌ လုံးဝကျရောက်လျက်ရှိနေခဲ့ပါသည်။ မိုးရာသီကုန်ဆုံးပြီး ဗွင့်လင်းရာသီ ရောက်လာသောအခါ ကုမ္ပဏီအရာရှိတို့အနေဖြင့် ပိုမို၍ ပြင်းပြင်းထန်ထန်လှုပ်ရှားဆောင်ရွက်ရန် ပြင်ဆင်လာခဲ့ကြပါသည်။

"သို့ဖြစ်စေကာမူ ထိထိရောက်ရောက် ဆောင်ရွက်ဖို့ဆိုသည်မှာ အထူးခက်ခဲလှပါသည်။ ရခိုင်တို့သည် စိပ္ပိုင့်တပ်သားတို့အား ကြောက်ရွံ့ကြသဖြင့် ထိပ်တိုက်ရင်မဆိုင်ကြပါ။ တုံ့ပြန်

တိုက်ခိုက်ခြင်းမပြုဘဲ တောထဲသို့သာဝင်ပြေးတတ်ကြပါသည်။ ရခိုင်သားများကသာ ဤသို့ မကြောက်ရွံ့ခဲ့လျှင် အခြေအနေမှာလွယ်လင့်တကူပြေရှင်းပြီးသားဖြစ်သွားပါလိမ့်မည်။ ကျွန်းမြေတွင် အခြေစိုက်သူများနှင့် ကျွန်လူတို့အကြားစိတ်သဘောထားချင်း ထပ်တူထပ်မျှ မရှိခြင်း တစ်ခုသာလျှင် မိမိတို့အတွက် အရေးသာမှုဖြစ်ပြီး ချင်းပြန်အဖို့အနှောင့်အယှက်ဖြစ်ပါ သည်။ အထူးသဖြင့် ချင်းပြန်နှင့် မြို့တွင်းစားတို့အကြားရန်ငြိုးတစ်ခုရှိနေပါသည်။ မြို့တွင်းစား မှာ လွန်ခဲ့သော နှစ်ပေါင်း(၃၀)က ရခိုင်ပြည်မှ ထွက်ပြေးလာသည့်အကြီးအကဲတစ်ဦးဖြစ်ပြီး စစ်တကောင်း၌ငြိမ်းချမ်းစွာ နေထိုင်လာခဲ့သူဖြစ်ပါသည်။ ချင်းပြန်၏အကြီးမားဆုံးသော လတ်တလော ရည်ရွယ်ချက်မှာရာမူးမှ စိပ္ပိုင်တပ်သားတို့ ကာကွယ်မှုအောက်၌ရှိနေသော သူ၏ ရန်သူ(မြို့တွင်းစား)အား လက်ရဖမ်းဆီးရန်ဖြစ်ပါသည်။

ခြောက်သွေ့ရာသီဝင်ရောက်လာခြင်းသည် ချင်းပြန်၏တိုက်ခိုက်မှုတို့အား တားဆီး ကာကွယ်ရေးအတွက် အခွင့်သာစေလိမ့်မည်ဟူသော မျှော်လင့်ချက်မှာ ပထမပိုင်းတွင် အကောင် အထည်ဖြစ်မလာခဲ့ပါ။ မိုးရပ်တန့်သဖြင့် ရခိုင်သားများရော၊ စိပ္ပိုင်တပ်သားများပါ ပိုမိုလွတ်လပ်စွာ လှုပ်ရှားလာနိုင်ကြပါသည်။ နိုဝင်ဘာလ၌ ရခိုင်တောပုန်းများသည် ကောက်ဘဇားကို သိမ်းပိုက် လိုက်ပြီး ချင်းပြန်၏ဌာနချုပ်ပြုလုပ်ထားပါသည်။

တက်ကနပ်မှ ပုလိပ်တို့မှာ ချင်းပြန်၏တိုက်ခိုက်မှုကို ကြောက်ရွံ့ကြသဖြင့် စခန်းမှ စွန့်ခွါပြီး ရာမူးသို့ပြောင်းရွှေ့ပူးပေါင်းနေကြပါသည်။ ရာမူးမှာဆူဗေဒါမှာလည်းတပ်သားအင်အား နည်းပါးလွန်းလှသည်ဖြစ်ရာ ချင်းပြန်ကိုတိုက်ခိုက်နိုင်စွမ်းမရှိပါ။ ချင်းပြန်၏တတိယမြောက် ရခိုင်ပြည်စစ်ဆင်ရေးအတွက် တပ်သားသစ်များစုဆောင်းနေမှုကိုလည်း လက်ပိုက်ကြည့်နေခဲ့ ရပါသည်။ ရခိုင်တို့သည် ဟာရဘင်းကိုလည်း တိုက်ခိုက်ကြပြန်ပါသည်။ သို့သော်စိပ္ပိုင်တပ်သား များက တွန်းလှန်လိုက်သဖြင့် ခုနစ်ဦးကျဆုံးပြီး(၂၁)ဦးဒဏ်ရာရရှိသွားပါသည်။ ဤတိုက်ခိုက် မှုကို ရေကြောင်းမှပြုလုပ်ခြင်းဖြစ်ပြီး လှေ(၅၃)စီးအပြည့်ရခိုင်သားများပါဝင်ခဲ့ကြပါသည်။

ထိုဝဲ့ကောက်ဘဇားရှိ ရခိုင်သားများမှာ သဘော်တည်ဆောက်သူတို့၏ လုပ်ငန်းခွင် များ၌ အလုပ်များနေကြပါသည်။ သူတို့သည် အလုပ်သမားတို့အား နှင်ထုတ်ပစ်လိုက်ကြပြီး သိုလှောင်ထားသောသစ်များကို ရခိုင်ပြည်စစ်ဆင်ရေးအတွက်သယ်ပို့ယာဉ်များပြုလုပ်ရန် အသုံးပြု ကြပါသည်။ နောက်ထပ်လှုပ်ရှားမှုကြီးတစ်ခုအတွက် ပြင်ဆင်နေကြကြောင်း သိသာလှပါသည်။

တစ်အုပ်ရှိသည်။ သူတို့သည် တံခွန်အောင်လံများအသီးသီး ကိုင်ဆောင်လျက်တန်းစီနေကြသည်။ အနီရောင်ဝတ်ထားသူတစ်ဦးက ဦးဆောင်သည်။ ကျွန်ုပ်ကထိုလူအုပ်အား လူစုခွဲရန် အော်ပြောလိုက်သည်။ ပြောရင်းကသူတို့၏ခေါင်းပေါ်မှကျော်၍ သေနတ်တစ်ချက်ပစ်ဖောက်လိုက်သည်။ ထိုသူတို့၏တုံ့ပြန်ချက်မှာ လှေများ၊ သစ်တုံးများ၊ အိမ်များနောက်သို့ဝင်၍ အကာအကွယ်ယူလျက် ဖရိုဖရဲပြန်လည်ပစ်ခတ်ကြခြင်းဖြစ်သည်။ ကျွန်ုပ်လည်းပစ်မိန့်ပေးလိုက်သည် ကမ်းစပ်သို့ချီတက်သိမ်းပိုက်ရန်ကိုပါအမိန့်ပေးလိုက်သည်။ သို့သော်ကျွန်ုပ်တို့၏လူပေါ့ကြော့(စီပွိုင်များ)က ရှုံ့တွန့်တွန့်ဖြစ်နေ၊ ဒီရေကလည်းပြင်းထန်စွာစီးဆင်းနေလေရာလှေများမှာတန်းစီးမျောပါသွားကြသည်။ တစ်ဖက်မှလည်းအပြင်းအထန်ပစ်ခတ်လေရာ စီပွိုင်နှစ်ဦး ဒဏ်ရာရရှိသွားကြသည်။ ထိုသူတို့၏အပေါ်စီးမှကျွန်ုပ်တို့ကမ်းသို့ကပ်လိုက်နိုင်ကြသည်။ သို့သော်မြေပြင်အနေအထားအရကျွန်ုပ်တို့ပစ်ခတ်ခွင့်မသာချေ၊ ထိုသူတို့ချက်ချင်းလှည့်ပြေးကြသည်။ ကျွန်ုပ်တို့လည်းကမ်းခြေအတိုင်းနောက်မှလိုက်ကြရာ ကပ်လျက်ရှိသောတောင်ကုန်းခြေရင်းထိရောက်ရှိသွားကြသည်။ ပထမဆုံးတွေ့ရသော မြေပြင့်ပေါ်သို့ရောက်သွားကြသောအခါမှ သူတို့ကို ကျွန်ုပ်မြင်ကွင်းကောင်းကောင်းရသည်။ သူတို့တောင်ကုန်းသို့ရောက်သွားကြပြီ။ ဆက်လက်ပြေးနေကြဆဲ။ တစ်စုတဝေးတည်းဖြစ်သဖြင့် အနည်းဆုံးလူ ၁၀၀၀ တော့ရှိမည်ဟု ခန့်မှန်းမိသည်။ ပုန်းအောင်းနေထိုင်ရာ တောင်ကုန်းများဆီသို့ သူတို့ရောက်သွားကြသောအခါမှသာ လှေများကိုသိမ်းဆည်းရန် ကျွန်ုပ်ပြန်လာခဲ့သည်။ သူတို့နှင့် နီးနီးကပ်ကပ်ဘယ်တုန်းကမှ မတွေ့ဆုံရသဖြင့် ကျွန်ုပ်ဘာမှလုပ်ခွင့်မသာ၊ သူတို့မှာတော့ တွက်မပြေးမီကပင် အကာအကွယ်လုံခြုံစွာရယူပြီးဖြစ်နေကြသည်။ နောက်ဘက်တွင် ၄-၅ ဦးခန့်သာ ကျန်ရစ်ခဲ့တော့သည်။ လှေကောင်းလှေသန့် ၄၈ စီးသိမ်းဆည်းရမိသည်။ အသစ်စက်စက်များဖြစ်ပြီး ပင်လယ်ကူးဖြတ်ရန်အသင့်အနေအထားစီစဉ်ထားသည်ကိုတွေ့ရသည်။ လှေအလွတ် ၁၀၂ စီးဖြစ်သဖြင့် စုစုပေါင်းမှာ အစီး ၁၅၀ ဖြစ်သည်။''

ရခိုင်သားတို့နှင့် တိုက်ပွဲဆင်ခဲ့ရသည့် အတွေ့အကြုံကို လက်ဖတင်နင်ယန်းက မှတ်တမ်းတင်ထားခြင်းဖြစ်ပါသည်။ စီပွိုင်တပ်များနှင့် ရင်မဆိုင်ရေး တောထဲသို့ဝင်ပြေးရေးဟူသော သူတို့၏နည်းပရိယာယ်ကို ထိုသူပုန်တို့ကျင့်သုံးနေကြသဲဖြစ်ကြောင်း ထင်ရှားပါသည်။ သူတို့၏ဌာနချုပ် အသိမ်းခံလိုက်ရပြီးဖြစ်သော်လည်း သူပုန်တို့မှာ အောင်ပွဲများပိုမိုရရှိနေပုံ

ပေါ်ပါသည်။ သူတို့အဖို့ အဆုံးအရှုံးအပျက်အစီး အနည်းငယ်သာရှိပါသည်။ ခေါင်းဆောင်တစ်ဦးတစ်ယောက်မှ အဖမ်းမခံရသေးပါ။ တောင်ဘက်သို့ဦးတည်ထွက်သွား၍ ရခိုင်သည်။ ကံကြမ္မာအလှည့်သင့်ပါက ကုလားတစ်တို့ လက်မှလွတ်အောင်အတွက် နယ်ခြားကိုဖြတ်လျက် မြန်မာပိုင်နက်အတွင်းသို့ ဝင်ပြေးသွားနိုင်ကြပါသည်။

လက်ဖတင်နှင်ယန်းသည် သူတို့ဆုတ်ခွါသွားရာနောက်သို့ လိုက်လံတိုက်ခိုက်ပါသည်။ သူတို့သည်တောကိုဖြတ်လျက် ၁၀ မိုင်အဝေးရှိ ရီဂျူမြစ် (Riju) ၌ ဆောက်လုပ်ထားသော ခံတပ်အတွင်းသို့ဝင်ပြေးသွားကြပါသည်။ ထိုမြစ်သို့ရောက်သည်အထိ ပင်လယ်ကမ်းခြေတလျှောက်ထွက်ပြေးကြခြင်းဖြစ်ပါသည်။ ထိုနေရာသို့ရောက်လျှင် သူတို့သည် မိမိတို့၏တဲများကို မီးရှို့ပစ်ကြပါသည်။ ထို့နောက်မြစ်ကိုဖြတ်ကူးပြီး နှစ်စုခွဲလျက် တစ်စုကနတ်မြစ်ဘက်သို့ ကမ်းခြေအတိုင်းထွက်ပြေးကြပါသည်။ ကျန်တစ်စုကို ချင်းပြန်က ဦးဆောင်လျက်နတ်မြစ်အလွန် မြို့သူကြီးရွာဘက်သို့ အုန်းယာဂါတ်လမ်းအတိုင်းပြေးကြပါသည်။ စီပွိုင်တပ်သားများက လူအနည်းငယ်မျှလက်ရဖမ်းမိလိုက်ပါသည်။ ထို့ပြင်ကောက်ဘစားရှိ ဆန်ပိုဒေါင်တစ်လုံး၊ ယမ်းစိမ်းတချို့၊ ၁၂ ပေါင်ဒါအမြောက်တစ်လက်၊ သေနတ်အဟောင်းအနည်းငယ်နှင့် ဆုံလည်သေနတ်တချို့တို့ကို ရန်သူ့လက်သို့ပါမသွားရလေအောင် ထိန်းထားလိုက်နိုင်ပါသည်။ စီပွိုင်တို့သည် "ရခိုင်သားများမှ တစ်ပါး မည်သူတစ်ဦးကမျှလက်ဖျားနှင့်ပင်ထိမည်မဟုတ်သော ငါးအပုပ်များ(ငပိများ)၊ အခြားရိက္ခာများကိုလည်း" တွေ့ရှိကြရပါသည်။

အကျိုးတစ်ခုတော့ ရှိလိုက်ပါသည်။ မြင်းထန်လှသော ရခိုင်ပြည်စစ်ဆင်ရေးအတွက် ချင်းပြန်၏ ပြင်ဆင်နေမှုများ ရပ်တန့်သွားခြင်းဖြစ်ပါသည်။ ဤဒေသအတွင်းသို့ ဝင်ရောက်လာခဲ့သော်လည်း သူသည်သူပုန်တစ်ဦးနှင့် မတူတော့ဘဲတရားခံပြေးတစ်ယောက်သာဘွယ်သာလျှင် ပြုမူလှုပ်ရှားပါတော့သည်။ မင်္ဂလာကြီးရွာတွင် ချင်းပြန်၏ခံတပ်တစ်ခုရှိပါသည်။ ထိုရွာသည် မြန်မာပိုင်နက်အတွင်း၌ရှိပြီး မောင်တောမြို့၊ မြို့သူကြီးရွာတို့နှင့် သိပ်မဝေးလှပါ။ ကောက်ဘစားမှ မောင်းထုတ်ခံလိုက်ရသော သူ့အင်အားအများစုကို ထိုခံတပ်၌ စုရုံးထားရှိပါသည်။ သူ့မှာလူ ၈၀၀ ခန့်ရှိပါသည်။ သေနတ် ၁၀ လက်နှင့် ရိက္ခာပစ္စည်းအနည်းငယ်သိုလှောင်ထားရှိပါသည်။ ဒေသခံလူထုထံမှ အထောက်အပံ့အနည်းအကျဉ်းရရှိသဖြင့် ချင်းပြန်တို့အဖွဲ့သည် မြို့ဟောင်းမြို့သို့ ဦးတည်လျက် ရခိုင်ပြည်အတွင်းချီတက်လာခဲ့ကြပါသည်။ ဦးရာဇ်တောင်

အထိ ရောက်လာခဲ့ပါသည်။ သို့သော်တိုင်းပြည်သိမ်းပိုက်ရေးအတွက် နည်းလမ်းများအားနည်းချို့တဲ့သေးရာ အလွယ်တကူပင် ရှုံးနိမ့်သွားခဲ့ရပါသည်။ ဒီဇင်ဘာလတွင် မြန်မာတပ်တို့သည် မဟ်လာကြီးအထိ ထိုးဖောက်ရောက်ရှိလာခဲ့ကြပြီး ခံတပ်ကိုမီးရှို့ပစ်ခဲ့ကြပါသည်။ ချင်းပြန်သည် နောက်ပါ ၁၅၀ နှင့်အတူနတ်မြစ်အထက်ပိုင်းလက်ထက်တစ်ခုဆီသို့ ဆန်တက်လာခဲ့ပါသည်။ ထိုမှမြောက်ဘက်သို့ဖောက်ထွက်လျက် တိပ္ပာရ(Tippera) မြို့စား (Raja) ၏ပိုင်နက်အတွင်းသို့ ထွက်ပြေးလွတ်မြောက်ရန် ဖြစ်သည်ဟုဆိုပါသည်။ မြန်မာတပ်များသည် ဖရိုဖရဲထွက်ပြေးနေကြသော ချင်းပြန်၏လူများနောက်သို့ လိုက်လံတိုက်ခိုက်သည်မှာ နယ်စပ်သို့ရောက်သည်အထိဖြစ်ပါသည်။ ဤသို့လိုက်လံတိုက်ခိုက်ရင်း စစ်တကောင်းဒေသသို့ မြန်မာတပ်များကျူးဝင်လာမှုကြောင့် ပြဿနာများပေါ်ပေါက်လာခဲ့ရပါသည်။

၁၈၁၃ ခုနှစ်၊ ဇန်နဝါရီလအစောပိုင်း၌ မြန်မာစစ်သားတစ်စုတို့ နယ်စပ်ကိုဖြတ်ကျော်ခဲ့ကြပါသည်။ သို့သော်တက်ကနဖ်မှ ပုလိပ်များက ခုခံတိုက်ခိုက်ရန်ပြင်သဖြင့် တောတွင်းသို့ဆုတ်ခွါသွားခဲ့ကြပါသည်။ ဤအဖြစ်ကြောင့် စစ်တကောင်းမြို့မှတပ်များကို နယ်စပ်စခန်းများသို့ ပေးပို့လိုက်ပါသည်။ မြန်မာတပ်တို့မှာ တောတောင်များထဲ၌ ချင်းပြန်ကိုရှာဖွေနေခဲ့ကြပါသည်။ မြန်မာ ၅၀၀ ခန့်တို့က ရန်ဂိရိ(Rangiri) နှင့် ဂါဂျာနီယာ(Garjania)ရွာများကို တိုက်ခိုက်ဖျက်ဆီးပစ်ခဲ့ကြပါသည်။ ရွာသား(၂၁)ဦးတို့အား ဖမ်းယူသွားသည့်အပြင် တစ်ဦးကိုသတ်ပစ်ခဲ့ကြပါသည်။ ပြီးနောက်သူတို့သည် မိမိနယ်မြေဆီသို့ ချက်ချင်းဆုတ်ခွါသွားကြပါသည်။ မြို့ဝန်က ကိုယ်စားလှယ် စေလွှတ်လျက် ကုမ္ပဏီအရာရှိများနှင့် အခြေအနေကို ဆွေးနွေးညှိနှိုင်းပါသည်။ ဂါဂျာနီယာရွာ၌ သူ့တပ်သားများ၏ ပြုမူချက်မှာ သူ့အမိန့်အရမဟုတ်ပါကြောင်း၊ ခေါင်းဆောင်ဖြစ်သူအား သံခြေကျင်းခတ်အပြစ်ပေးထားပြီးဖြစ်ကြောင်း ပြောဆိုပါသည်။ ကုမ္ပဏီနယ်မြေအတွင်းသို့ မြန်မာတပ်များဝင်ရောက်ရန်လည်း ထပ်မံမကြိုးစားကြတော့ပါ။

ကောက်ဘဇားအဖြစ်အပျက်ကို ကြားသိရသော အင်းဝအစိုးရက သူ့တပ်များနယ်စပ်ဖြတ်ကျော်မှုကို တားမြစ်လိုက်ဟန်ရှိပါသည်။ ရခိုင်သားတို့၏ဥပဒေနှင့် မညီညွတ်သောပြုမူလှုပ်ရှားမှုတို့အား နှိပ်နင်းနေသော ကုမ္ပဏီ၏လုပ်ဆောင်ချက်ကိုလည်း ကြေနပ်အားရသောကြောင့် ဖြစ်ဟန်ရှိပါသည်။ ဂါဂျာနီယာကိုဝင်ရောက်စီးနင်းခဲ့သော အဖွဲ့၏ခေါင်းဆောင်ဖြစ်သူကို

ရခိုင်မြို့ဝန်ကဆောလျှင်စွာ လွှတ်ပေးလိုက်ပြီးနောက် မစ္စတာပက်ချယ်ထံသို့ စာရေးဆက်သွယ်ခဲ့ပါသည်။ စာထဲတွင် အကြမ်းဖက်ရက်စက်မှုတို့ကို ကျူးလွန်သူတို့မှာ မြန်မာတို့မဟုတ်၊ ချင်းပြန်၏လူများသာဖြစ်ကြောင်း ရေးသားထားပါသည်။ မြန်မာတပ်များနယ်စပ်ကို ဖြတ်ကျော်မှု မရှိကြောင်း သက်သေအထောက်အထားပြရန်ဟူသော အမိန့်ကိုမလိုက်နာမိသဖြင့် သူ့အစိုးရဒေါသအမျက်ထွက်မည်ကို မြန်မာမြို့ဝန်က စိုးရွံ့နေဟန်ရှိပါသည်။ မကြာမီတွင် သူ့အားအခြားမြို့ဝန်တစ်ဦးနှင့်အစားထိုးလိုက်ပါသည်။ မြို့ဝန်အသစ်သည် ကုမ္ပဏီလက်ထဲရှိ ရခိုင်ခေါင်းဆောင်တို့အား လွှဲအပ်ပေးရန် ထပ်မံတောင်းဆိုခဲ့သော်လည်း သူ့တပ်များ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုကိုကား ခွင့်မပြုခဲ့တော့ပါ။

ခြောက်သွေ့ရာသီ၏ နောက်ဆုံးလများအတွင်း စစ်တကောင်းဒေသ၌ ရခိုင်သားတို့တိုက်ခိုက်ဖျက်ဆီးမှုများ ဆက်လက်ဖြစ်ပေါ်နေခဲ့ပါသည်။ ချင်းပြန်သည်စစ်တကောင်းလူနေဒေသများ၏ အရှေ့ဘက်တောထဲ၌ ဖေဖော်ဝါရီလအတွင်းကရှိနေကြောင်း သတင်းရရှိပါသည်။ ထိုနေရာ၌ ဧပြီလအထိရှိနေခဲ့သည်ဟုဆိုပါသည်။ သူ့မှာ နောက်လိုက် ၁၀၀ မျှသာရှိခဲ့ကြောင်း ထိုသူတို့သည်လည်း သူ့ထံမှ တစတစစွန့်ခွာသွားနေကြပြီဖြစ်ကြောင်း ကြားသိရပါသည်။ ချင်းပြန်မှာ အစာငတ်မွတ်လျက်အခက်ကြုံနေရသည်ဟုလည်း ဆိုပါသည်။ ဤသို့ငတ်မွတ်ခေါင်းပါးလာလျှင် သူ့အလိုလိုလက်နက်ချဝင်ရောက်လာမည်ဟု မစ္စတာပက်ချယ်ကအကောင်းဘက်မှ ရှုမြင်ထားပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာတို့ကြားသိနေရသော သတင်းမှာ မူလုံးဝကွဲပြားခြားနားနေခဲ့ပါသည်။ ချင်းပြန်သည် တောင်သားအကြီးအကဲတစ်ဦး၏ သမီးနှင့်လက်ထပ်လိုက်ကြောင်း၊ ထိုအကြီးအကဲမှာ လူ ၃၀၀၀ ရှိပြီး ချင်းပြန်နှင့်ပူးပေါင်းလိုက်ကြကြောင်း၊ ရခိုင်ပြည်ကိုထိုးစစ်အသစ်တစ်ခုဆင်နွှဲရန် စီစဉ်နေကြောင်း မြန်မာတို့ကြားသိကြရပါသည်။ ထိုသတင်းရရှိသည့်ဧပြီလတွင် ချွေထွန်းဖြူ(Chuttungfooroo)အမည်ရှိသော တောင်သားအကြီးအကဲတစ်ဦးက စိပ္ပိုင်တပ်ဖွဲ့တစ်ခုအကူအညီပေးရန် တောင်းခံလာပါသည်။ အကြောင်းမှာ ချင်းပြန်နှင့်နောက်ပါ ၂၀၀ တို့သည် သူ၏နယ်မြေရှိ တောင်တစ်လုံးကို သိမ်းပိုက်လျက် ရွာကိုမီးရှို့ပြီး အစားအစာများယူငင်သွားကြသောကြောင့်ဖြစ်ပါသည်။ တောင်သားအကြီးအကဲထံသို့ ဆူဗေဒါတစ်ဦးနှင့်တပ်သား ၅၀ ပေးပို့ကူညီလိုက်ပါသည်။ အခင်းဖြစ်ရာသို့ ရောက်သောအခါ ထိုတောင်မှာ လူမနေသောတောင်ဖြစ်နေပြီး ရခိုင်သားများသိမ်းပိုက်သွားသည်ဆိုသော တဲများမှာလည်း

အကောင်းပတိရှိနေကြောင်း တွေ့ရှိရပါသည်။ ချင်းပြန်ကိုဖမ်းမိစေရန်အတွက် မိမိအထူးအား ထုတ်နေကြောင်း အာဏာပိုင်တို့ထင်မြင်သွားစေရန်အတွက် ရွေးထွန်းဖြူက မမှန်သတင်းများ ပေးပို့ခြင်းဖြစ်သည်ဟု ဆူဗဒါကဆိုပါသည်။

ဤကဲ့သို့သော အချိန်ကာလမျိုးတွင် ဘာတစ်ခုမှထပ်လုပ်၍ မရနိုင်၊ ရန်သူကို ဖမ်းမိဖို့အတွက် တပ်သားအင်အားများစွာ စေလွှတ်ပေးရမည်။ သို့မှသာတစ်ဖွဲ့ဖွဲ့နှင့် ရန်သူတို့ မတော်တဆဖြစ်စေတိုးမိမည်။ တောင်သားများမှာ ချင်းပြန်ကို အသေအလဲကြောက်ရွံ့ကြလေရာ တိကျမှန်ကန်သောသတင်းများ ပေးပို့ကြမည်မဟုတ်၊ မိုးရာသီကျရောက်လာလျှင် တပ်သားများ စေလွှတ်ရန်မဖြစ်နိုင်တော့၊ နယ်စပ်မှတပ်သားတို့ကိုလည်း ကျန်းမာရေးကိုငဲ့၍ပြန်လည်ရုပ်သိမ်းရတော့မည်ဖြစ်ရာ နောက်တစ်နှစ်၊ ခြောက်သွေ့ရာသီရောက်သည်အထိ လုပ်ငန်းများရပ်ဆိုင်းထားရတော့မည်ဖြစ်သည်ဟု မဂ္ဂတာပက်ချယ်ကယူဆပါသည်။ ဤအခက်အခဲများကို ထောက်ရှု၍ ချင်းပြန်၏လှုပ်ရှားမှုများအားလုံး အဆုံးသတ်သွားစေနိုင်မည့် နည်းလမ်းတစ်ခုကို သူတင်ပြလိုက်ပါသည်။ ဗြိတိသျှတပ်တို့နှင့် ပူးပေါင်းလှုပ်ရှားကြရန်အတွက် မြန်မာတပ်တို့အား စစ်တကောင်းနယ်စပ်သို့ ဖိတ်ခေါ်ယူရန်ဖြစ်ပါသည်။ သို့သော်ထိုအယူအဆကို ကုမ္ပဏီအစိုးရကပြင်းပြင်းထန်ထန်ငြင်းပယ်ပါသည်။ အဆုံးအဖြတ်ပေးနိုင်သော အရေးယူဆောင်ရွက်ချက်အချို့ ဆောင်ရွက်လုပ်ကိုင်ရန်အတွက် မဂ္ဂတာပက်ချယ်စိတ်အားထက်သန်နေပါသည်။ ယခုလက်ရှိအခြေအနေတွင် မြန်မာတို့နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာမည့်ကြီးကျယ်သော ပြဿနာများကို ရှောင်လွှဲ၍ ရနိုင်ဖို့လမ်းမမြင်။ အကြောင်းမှာ ချင်းပြန်သည်မိမိအား ကူညီမည့်သူမရှိဘဲနှင့် ရခိုင်ပြည်ကိုပြန်ရဖို့မဖြစ်နိုင်ကြောင်း သိရှိပေလိမ့်မည်။ ထို့ကြောင့် သူသည် နယ်စပ်ဒေသနှစ်ဘက်အင်အားစုတို့အား စစ်မက်ဖြစ်ပွားလာစေရန်ကြိုးစားဖန်တီးပေတော့မည်။ ထိုသို့စစ်ဖြစ်လာမှသာ ကုမ္ပဏီ၏အကာအကွယ်ပေးမှုအောက်မှ ရခိုင်ပြည်အားပြန်ရအောင် ချင်းပြန်လုပ်ဆောင်လိမ့်မည်ဖြစ်သည်ဟု မဂ္ဂတာပက်ချယ်က ယူဆထားပါသည်။

ဇန်နဝါရီလအတွင်း နယ်စပ်ကိုဖြတ်ကျော်ထွက်ပြေးရသည့်အချိန်ကတည်းကပင် ချင်းပြန်သည်သူ၏တိုက်ခိုက်လုယက်မှုများကို စစ်တကောင်းနယ်အတွင်း၌သာ ကန့်သတ်ပြုလုပ်ခဲ့ပါသည်။ သူ၏အဖျက်လုပ်ရပ်များကိုလည်း ၁၈၁၃ ခုနှစ်၊ မိုးတွင်းကာလတစ်ခုလုံးလုပ်ဆောင်နေခဲ့ပါသည်။ ရောဂါဘယထူပြောမှုကြောင့် စစ်တကောင်းတောင်ပိုင်းတွင် စစ်တပ်အင်အား

ကင်းပုံနေသည့်အချိန်ဖြစ်ပါသည်။ ဇူလိုင်လအတွင်း၌အရှေ့ပိုင်းတောင်ကုန်းဒေသတွင် ခံတပ်ကြီးတစ်ခုကို ချင်းပြန်တည်ဆောက်ခဲ့သည်ဟုသတင်းရရှိပါသည်။ ထိုလမှာပင်သူသည် ဟာရဘင်းကိုဝင်ရောက်စီးနင်းပြီး သူ၏နို့စို့အရွယ်သမီးငယ်နှစ်ယောက်ကို ခေါ်ဆောင်ယူသွားခဲ့ပါသည်။ ထိုသမီးငယ်နှစ်ဦးမှာ အမိဘက်မှအဖိုးအဖွားများနှင့် အတူနေထိုင်ခြင်းဖြစ်ပါသည်။ ချင်းပြန်သည် တောင်သားများအား ရခိုင်ပြည်စစ်ဆင်ရေးတွင် ပူးပေါင်းပါဝင်ရန် စည်းရုံးထားပါသည်။ စက်တင်ဘာလအတွင်းက ကောက်ဘဇား၌ နေထိုင်သူများထံသို့ လိပ်မူထားသော သူ၏စာတစ်စောင်ကို ကြားဖြတ်ဖမ်းမိရာ ထိုစာထဲတွင်စစ်ဆင်ရေးအတွက်အသင့်ရှိနေကြရန် ညွှန်ကြားထားကြောင်း တွေ့ရပါသည်။ ကောက်ဘဇားနှင့် ရာမူးဝန်းကျင်ဒေသများ၌ ဓားပြတိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲရှိပါသည်။ ပုလိပ်တို့ကလည်း ထိုကိစ္စများရပ်တန့်သွားစေရန် မလုပ်နိုင်ခဲ့ကြပါ။ ယခုလိုမိုးတွင်းကာလ၌ စီပွိုင်တပ်သားများအား ထိုဒေသ၌ တပ်စွဲထားဖို့ဆိုသည်မှာလည်း မဖြစ်နိုင်ပါ။ ထားခဲ့ပြန်လျှင်လည်း အကျိုးမထူးလောက်ပါ၊ အကြောင်းမှာ စီပွိုင်တို့အတွက် ဘာသာစကားအခက်အခဲရှိပါသည်။ ထို့ပြင်ပိုင်ပေါင်းများစွာကျယ်ပြန့်ရှည်လျားသော ထိုဒေသ၏ တောကြီးများမှာ ထိုးဖောက်ဝင်ရောက်ရန် မလွယ်ကူသောကြောင့်ဖြစ်ပါသည်။

စက်တင်ဘာလတွင် ဘူ့နယ်မြေထဲမှခံတပ်တစ်ခုကို ရခိုင်သားတို့တိုက်ခိုက်လာကြောင်း၊ ရွှေထွန်းဖြူကတိုင်တန်းပါသည်။ ထို့ကြောင့်စီပွိုင်တပ်ဖွဲ့တစ်ခုကို စေလွှတ်လိုက်ပါသည်။ ရွှေထွန်းဖြူနှင့် ဘူ့လူများအား ရခိုင်သားတို့ကမောင်းထုတ်လိုက်ပြီး ထိုနေရာတွင်နိုလှုံနေမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

မိုးကုန်ခါနီးအောက်တိုဘာလတွင် ရခိုင်သားတို့၏လှုပ်ရှားမှုများ ပိုမိုပြင်းထန်များပြားလာပါသည်။ စစ်တကောင်းနှင့် ရာမူးအကြားရှိတောင်များဘက်သို့ စီးဆင်းကြသော မြစ်များအတွင်းလှေများဆန်တက်သွားကြသည်။ ထိုလှေများအတွင်း၌ မြေပြန့်နေရခိုင်များထံမှ ပေးပို့သော ရိက္ခာနှင့် လက်နက်များပါရှိသည်။ တောင်ကုန်းဒေသရှိ သူပုန်များထံပေးပို့နေခြင်းဖြစ်ပါသည်။

ကုမ္ပဏီ၏အကူအညီဖြင့် ရခိုင်ပြည်ကို ပြန်လည်ရရှိရေးကိစ္စကို ချင်းပြန်မျှော်လင့်နေဆဲဖြစ်ကြောင်းပေါ်လွင်နေပါသည်။ သူသည်အဝတ်နီပတ်ထားသော ဝါးကျည်တောက်တွင် စာတစ်စောင်ထည့်လျက် ရာမူးမြို့တံခါးတစ်ခုတွင် ချထားခဲ့ပါသည်။ ကုမ္ပဏီ၏လက်အောက်ခံအဖြစ်ထားရှိရန်ကမ်းလှမ်းတောင်းဆိုခြင်းဖြစ်ပါသည်။ နောက်တစ်ပါတ်အကြာတွင် စာတစ်စောင်

ပို့ပြန်ပါသည်။ ထိုစာတွင်မူ သူ၏စီမံကိန်းအားနှောက်ယှက်ခဲ့ပါက လက်စားချေမည်ဖြစ်ကြောင်း ကုမ္ပဏီအားခြိမ်းခြောက်ထားပါသည်။

စစ်တကောင်းရှိအရာရှိများ ထပ်မံကြုံတွေ့ကြရသော အခက်အခဲများမှာ နယ်စပ်နှစ်ဘက်စလုံး၌ ချင်းပြန်ကဓားပြမှုများကျူးလွန်နေခြင်းနှင့် ချင်းပြန်၏တိုက်ခိုက်ဖျက်ဆီးမှုကို မခံနိုင်သော စစ်တကောင်းတောင်ပိုင်းနေလူထုများ မိမိတို့၏အိုးအိမ်များကို စွန့်ပစ်လျက်ထွက်ပြေးလာကြခြင်းဖြစ်ပါသည်။ ထိုလူများသည်တောင်ကြားရွာများ၊ မြေပြန့်ရွာများသို့သွားရောက်ဓားပြတိုက် လုယက်ကြပါသည်။ ထိုသို့သောဓားပြအဖွဲ့တစ်ဖွဲ့ကို ရတ္တနာပလောင်အနီး၌ ဆီပွိုင်တို့ကတိုက်ခိုက်ခဲ့ရပါသည်။ ထိုတိုက်ပွဲတွင် ဆီပွိုင်ခေါင်းဆောင် ဟာဗီလ်ဒါ ကျဆုံးသွားပါသည်။

ဤပြဿနာများ ဆက်လက်ဖြစ်ပွားနေပြီး ကုမ္ပဏီတပ်များကလည်း နိုင်နိုင်နင်းနင်း မကိုင်တွယ်မထိန်းသိမ်းနိုင်သဖြင့် ဘုရင်ခံချုပ်သည် ၁၈၁၄ ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် လွန်ခဲ့သောနှစ် ပြေလာက မစ္စတာပက်ချယ်တင်ပြခဲ့သော အစီအစဉ်ကိုလိုလိုလားလားသိပ် မရှိလှဘဲ လက်ခံလိုက်ရပါသည်။ ကုမ္ပဏီသည် မြန်မာတပ်ဖွဲ့အရေအတွက် အနည်းငယ်တို့အား ချင်းပြန်တို့ခိုအောင်းနေထိုင်သော တောတောင်များသို့ဝင်ရောက်ရှာဖွေခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာတို့ဘက်မှ မြေပြန့်ဒေသများ၊ ထွန်ယက်စိုက်ပျိုးထားသော ဒေသများသို့မသွားရောက်ပါဟု အလေးအနက်ကတိပြုရမည်ဖြစ်ကြောင်း၊ မည်သည့်အရေးကိစ္စဖြင့်မဆို နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်လိုပါက ကြိုတင်ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ကြောင်းစသည့်အချက်များ ပါဝင်သော အဆိုပြုချက်တစ်ခုကို ရခိုင်မြို့ဝန်ထံသို့ မစ္စတာပက်ချယ်က ပေးပို့ရမည်ဖြစ်ပါသည်။ တပြိုင်တည်းတွင် ချင်းပြန်ကိုယ်တိုင်နှင့် သူ၏လက်ထောက်များမှအပ မည်သည့်ရခိုင်သားမဆို မိမိနေအိမ်အသီးသီးသို့ဆောလျင်စွာ ပြန်လည်ဝင်ရောက်နေထိုင်ခွင့်ပြုလိုက်ကြောင်း ကြေငြာချက်ကိုလည်း ထုတ်ပြန်စေပါသည်။ ချက်ချင်းမှာပင် ဤဆုံးဖြတ်ချက်ကိုလက်ခံသည့်အနေဖြင့် ရခိုင်မြို့ဝန်ကစစ်သား ၂၅၀၀ တို့အားနယ်စပ်ကိုဖြတ်ကျော်စေလွှတ်ခွင့်တောင်းခံလာပါသည်။ ကုမ္ပဏီကလည်းတပ်သားလေးရာသို့မဟုတ် ငါးရာတို့ဖြင့် ပူးပေါင်းပါဝင်နိုင်ကြောင်းလည်း အဆိုပြုထားပါသည်။

ဤသို့သက်ညှာစွာပြုမူဆောင်ရွက်ချက်များသည် ရခိုင်သားတို့အားရောင့်တက်လာစေလိမ့်မည် ဟူသောအကြောင်းပြချက်ဖြင့် အဆိုပြုကြေငြာချက်ပါအကြောင်းအရာတို့ကို မစ္စတာ

ပက်ချယ်က ပယ်ချကန့်ကွက်ခဲ့ပါသည်။ "ရခိုင်ပြည်ကို ပြန်လည်ရရှိရေးသည် သူတို့အားလုံး၏ ဘုံရည်မှန်းချက်ဖြစ်သည်" ဟု ကျွန်တော်ယုံကြည်သည်။ မိမိ၏တိုင်းပြည်ကိုပြန်လည်ရယူလိုခြင်း၊ ပြုမူခံခဲ့ရဖူးသော ဖိနှိပ်ညှင်းပန်းမှုများအတွက် မြန်မာတို့အပေါ်လက်စားချေလိုခြင်း၊ ဤဆန္ဒနှစ်ခုလုံးမှာ သဘာဝကျသည်ဟု ကျွန်ုပ်ယူဆသည်။ စိပ္ပိုင်တို့တိုက်ခိုက်သိမ်းပိုက်ခဲ့သော ချင်းပြန်၏ခံတပ်များအတွင်းရှိ စပါးပမာဏကိုကြည့်ခြင်းအားဖြင့် သူသည်ယခင်ကထက်ပင် ပိုမိုထောက်ခံမှုများရနေကြောင်း ပေါ်လွင်နေသည်။ ယခုအနေအထားအရလည်းကောင်း၊ ကျွန်ုပ်တတ်စွမ်းသမျှ ပြုလုပ်ထားသော လေ့လာစုံစမ်းမှုများအရလည်းကောင်း၊ ရခိုင်လူထုတစ်ရပ်လုံးသည် ချင်းပြန်အားလျှို့ဝှက်စွာ ကူညီနေကြကြောင်း၊ သူ၏လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန် အားပေးနေကြကြောင်းတို့ကို မလွဲမရှောင်သာ ဝန်ခံကြရမည်ဖြစ်သည်။ ......... ရခိုင်လူထုသည် ချင်းပြန်အား မည်သည့်အခါမှုစွန့်ပစ်လိမ့်မည်မဟုတ်၊ ထို့ပြင် ...... အထူးသဖြင့် ကောက်ဘာဇားနှင့် ဟာရဘင်းမှ လူများ၊ ခြုံငုံပြောရလျှင် ပြောင်းရွှေ့ဝင်ရောက်လာသူ ရခိုင်သားအားလုံးက ချင်းပြန်အားထောက်ခံအားပေးလျက်ရှိနေကြသည်။ ရခိုင်သားတို့၏လက်ရှိလုပ်ဆောင်ချက်ကို ရပ်ဆိုင်းသွားစေရန်အတွက်ဖြစ်စေ၊ ချင်းပြန်နှင့်သူ၏လက်ထောက်(Sirdirs)တို့အားဖမ်းမိနိုင်စေရန်အတွက်ဖြစ်စေ၊ ထောက်ထားညှာတာစွာပြုမူနေခြင်းသည် အလဟဿဖြစ်နေပေလိမ့်မည်"။

သူနားလည်ထားသည်မှာ ချင်းပြန်သည် ရခိုင်ပြည်ကိုနောက်ထပ်တစ်ဖန်မလွဲမသွေ ဝင်ဆင်တိုက်ခိုက်လိမ့်မည်။ ဤသို့မတိုက်ခိုက်ဖြစ်ခဲ့လျှင်သူ့နောက်လိုက်များသည် ဆိုခဲ့ပြီးသော ကြေငြာချက်ကို အခွင့်ကောင်းယူလျက် အိမ်ပြန်ကုန်ကြလိမ့်မည်။ အိမ်မှနေ၍ နောက်တစ်ကြိမ် ဝင်ဆင်နိုင်မည့် အခွင့်အရေးကို စောင့်ဆိုင်းကြလိမ့်ဦးမည်ဖြစ်ပါသည်။ သူ့အနေဖြင့် ချင်းပြန်နှင့် လူ့လက်ထောက်များအား တစ်စုံတစ်ခုသောနေ့ရက်အတွင်း မဖမ်းမိခဲ့လျှင် ရခိုင်သားအားလုံးတို့အား ကုမ္ပဏီပိုင်နက်အတွင်းမှ နှင်ထုတ်ပစ်မည်ဟုကြေငြာပေးစေလိုသည်။ ဤသို့ကြေငြာခြင်းသည်သာ ပိုမိုထိရောက်သောလုပ်ဆောင်ချက်ဖြစ်မည်ဟု သူယူဆပါသည်။ ချင်းပြန်ကို ဖမ်းဆီးမည့် မြန်မာတပ်တို့အားဝင်ခွင့်ပြုမည်ဟူသော ကမ်းလှမ်းချက်သတင်းမှာ ဦးကျိုးသွားစေသည့်လုပ်ရပ်ဖြစ်သည်ဟု သူယူဆပါသည်။ ကုမ္ပဏီပိုင်နက်အတွင်းသို့ ဝင်ရောက်လာရန်အတွက် ချမှတ်ထားသော စည်းမျဉ်းများကိုလိုက်နာမည်၊ မလိုက်နာမည် သံသယရှိနေသေးသဖြင့် မစ္စတာ ပက်ချယ်သည် ဤကိစ္စနှင့်စပ်လျဉ်း၍ မြန်မာတပ်မှူးနှင့် မဆက်သွယ်ရသေးပါ။ လူ ၃၀၀ ပါ

မြန်မာတပ်တစ်တပ်သည် မကြာမီကနယ်စပ်ကို ကျော်ဖြတ်ဝင်လာခဲ့ပြီး ဂါဂျန်နီယာရွာမှ ရွာသားများအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြပါသည်။ ထိုသူများမှာ ချင်းပြန်၏ ဖျက်ဆီးမှု၌ မပါဝင် မပတ်သက်၊ အပြစ်မရှိသူများဖြစ်ကြပါသည်။ ဤအဖြစ်အပျက်ကို ထောက်ရှု၍ မြန်မာတို့သည် စည်းကမ်းလိုက်နာမည့်သူများမဟုတ်၊ ထွန်ယက်စိုက်ပျိုးထားသော နယ်မြေတို့သို့လည်း ကျူးကျော်ဝင်ရောက်လျက် ဖမ်းဆီးမိသူရခိုင်သားဟူသမျှတို့အား "သူပုန်" ဟုအမည်တပ်ကာ ကျွန်လုပ်ကြလိမ့်မည်ဟု မစ္စတာပက်ချယ်က ယူဆပါသည်။ သို့ဖြစ်၍မြန်မာတို့အား ဝင်ခွင့်ပြုမည်ဟူသောကမ်းလှမ်းချက်ကို ရခိုင်သားတို့အား လှန့်လုံးအနေဖြင့်သာ အသုံးပြုလျှင် ပိုကောင်းလိမ့်မည်။ ရခိုင်သားအားလုံးကို နှင်ထုတ်ပစ်မည်ဟူသော လှန့်လုံးဖြင့်လည်း အားဖြည့်ထားသင့်သည်။ သို့မှသာငြိမ်းချမ်းရေးရရှိလိမ့်မည်ဟု သူကယူဆပါသည်။

ကုမ္ပဏီအစိုးရက မစ္စတာပက်ချယ်၏အကြံပြုချက်ကို လက်မခံပါ။ ကိုယ်စားလှယ် စေလွှတ်လျက် ရခိုင်မြို့ဝန်ထံ ကမ်းလှမ်းချက်ပို့ရန်ကိုသာ ညွှန်ကြားလိုက်ပါသည်။

"သင်သည် ကိုယ်စားလှယ်အား မြို့ဝန်ထံသို့အောက်ဖော်ပြပါအချက်တို့ကို ပြောဆိုရန် ညွှန်ကြားရမည်။ ဗြိတိသျှအစိုးရသည် ချင်းပြန်အားဖမ်းဆီးရမိရေးအတွက် ထက်သန်စွာဖြင့် အစွမ်းကုန်အားထုတ်ခဲ့ကြောင်း၊ ဗြိတိသျှနှင့် မြန်မာတပ်တို့၏တိုက်ခိုက်မှုများကြောင့် ထပ်တလဲလဲ ဆုံးရှုံးပျက်စီးလျက် ချင်းပြန်နှင့် သူ့လူများသည် တောတောင်များထဲ၌ ခိုအောင်းလျက်ရှိနေကြကြောင်း၊ ထိုသူတို့အား ထိထိရောက်ရောက်မတိုက်ခိုက်နိုင်ဖြစ်နေသည်ကို စိတ်ပျက်မိကြောင်း ပြောကြားစေရမည်။ မြေပြန့်ဆီသို့အရဲကိုး၍ ဆင်းလာကြသောသူပုန်ဟူသမျှကို ဗြိတိသျှတပ်တို့က ပြင်းပြင်းထန်ထန်ကွပ်ညှပ်ထားကြောင်း၊ သူတို့၏ဆန်စပါးသိုလှောင်ရုံများကို သိမ်းယူဖျက်ဆီးပစ်သဖြင့် သူပုန်တို့မှာ ထိုးစစ်ဆင်ရန်မတတ်နိုင်တော့ကြောင်း၊ ဗြိတိသျှပိုင်နက်အတွင်း အဖျက်လုပ်ငန်းလုပ်ဆောင်နေမှုများကိုလည်း ပြင်းပြင်းထန်ထန်တားဆီးထားကြောင်း၊ ဘုရင်ခံချုပ်က ကောင်စီ၌ မြန်မာအစိုးရအပေါ်ရန်လိုသည့်သဘောထား ပြသခဲ့သော်လည်း အင်းဝမင်း၏ အရာရှိများနှင့် ပူးပေါင်းလျက် ချင်းပြန်အားဖမ်းဆီးရန်အတွက် ယခင်အတိုင်းပင်စိတ်အားထက်သန်လျက်ရှိကြောင်း ပြောကြားစေရမည်။ ချင်းပြန်အားဖမ်းဆီးမိခြင်းသည်သာလျှင် ရခိုင်ပြည်ကို တိုက်ခိုက်နှောင့်ယှက်ခြင်း၊ ဗြိတိသျှအစိုးရအားဆန့်ကျင်ခြင်းစသော ထိုသူတို့၏လုပ်ရပ်တို့ကြောင့် နှစ်နိုင်ငံတို့ခံစားနေကြရသော အဝိဒုက္ခများမှ ထာဝရလွတ်မြောက်နိုင်မည့် တစ်ခုတည်း

သောနည်းလမ်းဖြစ်ကြောင်း၊ ဤမှန်မြတ်လှသော ရည်ရွယ်ချက်ပြီးမြောက်အောင်မြင်ရေးအတွက် အထိရောက်ဆုံးနည်းလမ်းအဖြစ် ရာဇာ(မြို့ဝန်)နှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ထားရှိကြောင်း ပြောကြားစေရမည်။

"သင်သည် ဘုရင်ခံချုပ်၏ ညွှန်ကြားချက်ကို ဦးထိပ်ပန်ဆင်လျက်ဤအချက်တို့အား ရာဇာ(မြို့ဝန်)နှင့် ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်စေလွှတ်ရမည်ဖြစ်သည်။ နှစ်နိုင်ငံနယ်ခြား၏နှစ်ဘက်စလုံး၌ရှိသော တောတောင်တို့၌မြန်မာတပ်ဖွဲ့တစ်ခု လှုပ်ရှားလျက်ရှိကြောင်း၊ ဤလုပ်ရပ်တို့သည် ချင်းပြန်နှင့် သူ၏အင်္ဂါခေါင်းဆောင်တို့အား ဖမ်းမိနိုင်ရေးအတွက် အလားအလာအကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း၊ သို့တည်းမဟုတ် ဤနည်းလမ်းဖြင့်သာလျှင် ထိုသူတို့အား ဒုက္ခအကြီးအကျယ်ရောက်စေလျက် အစိုးရတစ်ခုခုထံ၌ မိမိတို့အလိုအလျောက် အညံ့ခံဝင်ရောက်လာစေမည်ဖြစ်ကြောင်း မြို့ဝန်အားပြောကြားစေရမည်။ ဤအစီအမံကို ရာဇာ(မြို့ဝန်)ကလက်ခံသဘောတူခဲ့လျှင် သင်သည်ဗြိတိသျှပိုင်နက်အတွင်းသို့ မြန်မာတပ်များဝင်ရောက်လာမှုကို ခွင့်ပြုရန်အသင့်ပြင်ဆင်ထားရမည်ဖြစ်သည်။ စည်းကမ်းသတ်မှတ်ချက်များမှာ ကျွန်ုပ်၏ ဇန်နဝါရီ ၁၄ ရက်နေ့စွဲပါညွှန်ကြားချက်၌ပါရှိပြီးဖြစ်သည်။ ရာဇာ(မြို့ဝန်)၏တဖြင့် ရေးသားထားသောသဘောတူညီချက်ကို ရယူလာခဲ့ရန်သင်၏ကိုယ်စားလှယ်အား ညွှန်ကြားရမည်။"

ဂိုးသားပွင့်လင်းမှု သိပ်ပြီးမရှိလှသော ဤဆက်သွယ်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေစဉ် ရခိုင်သားတို့၏လုယက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေခဲ့ပါသည်။ မတ်လတွင် ရခိုင်သား ၁၅၀ ပါအဖွဲ့တစ်ခုသည် နတ်မြစ်ကိုလှေများဖြင့် စုန်ဆင်းလျက် ဒါနိုင်နီလာ ရွာကိုဝင်ရောက်စီးနင်းကြပါသည်။ ထိုရွာသည် နတ်မြစ်၏ အိန္ဒိယဘက်ကမ်း၌ရှိပါသည်။ ထိုမှ တဖန်လူမနေတော့ပြီဖြစ်သော မောင်တောသစ်တပ်သို့ ဆက်လက်ချီတက်ခဲ့ကြပါသည်။ အရှေ့ဘက်တောင်ကုန်းများပေါ်မှ ရခိုင်သားများအလုံးအရင်းနှင့် ဆင်းလာလိမ့်မည်ဟူ၍ စစ်တကောင်း၌ သတင်းဖြစ်နေပါသည်။ သတင်းအတိုင်း အမှန်တကယ်ဖြစ်လာခဲ့ပါသည်။ မတ်လနောက်ပိုင်း၌ ရခိုင်ပြည်ကုလားတန်မြစ်တွင် ကြီးမားသောရခိုင်တပ်ဖွဲ့တစ်ခုနှင့် မြန်မာတပ်တို့တွေ့ဆုံ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ရခိုင်တို့အရေးနိမ့်ပြီး ချင်းပြန်၏ခံတပ်ကြီးရှိရာ စစ်တကောင်းသို့ ဝင်ပြေးကြပါသည်။ မြန်မာတပ်ကူများလည်း နယ်စပ်သို့ချက်ချင်းရောက်ရှိ လာခဲ့ကြပါသည်။ ထိုတပ်များသည် ချင်းပြန်၏ခံတပ်တည်ရှိရာသို့ချီတက်လာရန်ပြင်နေကြောင်း သတင်းပို့ပါသည်။

(ထိုသတင်းမှာ သတင်းမှားဖြစ်ပါသည်။) ရခိုင်တပ်နှင့် မြန်မာတပ်တို့ တိုက်ပွဲလေးပေါင်းများစွာ ဖြစ်ပွားကြကြောင်းဆိုပါသည်။ သို့သော်ထိုသတင်းများကို အတည်ပြုနိုင်ခြင်းမရှိပါ။ ချင်းပြန်အနေဖြင့် အပြင်းအထန်အဖိခံနေရသည်ကတော့ သေချာနေပါသည်။ ချင်းပြန်၏ခံတပ်ကို မစွတာ ပက်ချယ် တိုက်ချင်နေပါသည်။ သို့သော်အခက်အခဲများကတော့ မသေးလှပါ။ ထိုနေရာသို့ရောက်လျှင် တောင်များကိုကျော်ဖြတ်လျက် လေးရက်ခရီးသွားရပါမည်။ ခံတပ်အနီးဝန်းကျင်မှာ ကျောက်ဆောင်ကျောက်တုံးများ၊ ချောက်ကမ်းပါးများဖြင့် ကြမ်းတမ်းလှပါသည်။ အလွန်ကျဉ်းမြောင်းသော လမ်းမြောင်ကလေးများလည်း ရှိနေပါသည်။ သို့ဖြစ်၍ ခံတပ်အားတိုက်ခိုက်ရေးကို စစ်တကောင်းစစ်ဌာနချုပ်က အပြင်းအထန်ကန့်ကွက်ခဲ့ပါသည်။

မောင်တောမြို့ကို မြန်မာတို့ပြေလတွင် ပြန်သိမ်းလိုက်ပါသည်။ ထိုဒေသတဝိုက်ရှိ ရခိုင်သူပုန်တို့အား ပိုက်စိတ်တိုက်ရှာဖွေရှင်းလင်းပါသည်။ ကုမ္ပဏီနယ်မြေအတွင်း ပူးပေါင်းစစ်ဆင်ရေးပြုလုပ်ရန် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သဘောတူညီချက်ရောက်မလာသေးသော်လည်း မြန်မာတပ်ဖွဲ့တစ်ခုသည် နယ်စပ်ကိုဖြတ်ကျော်လျက် ကံသိုးလှသော ဂါဂျာနီယာရွာကို ဝင်စီးပြန်ပါသည်။ မစွတာပက်ချယ်က ကန့်ကွက်ပြောဆိုသောအခါတွင် လွန်ခဲ့သောဇန်နဝါရီလအတွင်း ဤရွာကိုဝင်စီးခဲ့ဝဲ့က ကြေနပ်လောက်အောင်အကျိုးအဖြတ်မရရှိခဲ့သော မြန်မာမြို့ဝန်က ထိုရွာသည် လူသူမနေထိုင်သောဒေသအစိတ်အပိုင်း၌ရှိနေကြောင်း၊ ရာမူး၏အရှေ့မြောက်ဘက် ၁၂ မိုင်အကွာ၌ ရှိနေခြင်းကြောင့် တိုက်ခိုက်ပိုင်ခွင့်ရှိခြင်းဖြင့် တုန့်ပြန်ပြောဆိုခဲ့ပါသည်။ ထိုရွာမှဖမ်းယူသွားသူများအနက် တစ်ဦးကိုသာ ပြန်လွှတ်ပေးခဲ့ပါသည်။ တမြန်နှစ်ဇန်နဝါရီလတိုက်ပွဲတွင် အဖမ်းခံရသူများမှာ တစ်ဦးတစ်ယောက်မှပြန်ရောက်မလာခဲ့တော့ပါ။ ပြေလစီးနင်းမှုတွင် ရာမူးရှိတပ်မှူးသည် မြန်မာတပ်များကို ရင်ဆိုင်ရန် ချီတက်သွားခဲ့ပါသည်။ သို့သော် ရင်ဆိုင်မတွေ့ရမီကပင် မြန်မာတို့ဆုတ်ခွါသွားခဲ့ကြပါသည်။ ဂါဂျာနီယာကိုဝင်စီးရာတွင် မြန်မာတပ်သား ၂၀၀၀ မျှပါဝင်ကြောင်း၊ ဝတုရန်းကိုက်ပေါင်း ၁၂၈ ရှိခံတပ်တစ်ခုကို မြန်မာတို့ဆောက်လုပ်ခဲ့ကြောင်းတွေ့ရှိရပါသည်။ နှစ်ခုတွဲခံတပ်၌ မိုင်းများ၊ တုတ်ချွန်များ အပြည့်ရှိနေပါသည်။ ဒုတိယခံတပ်အတွင်း၌ ၁ ပေခွဲအထူရှိသော ရင်တားပါကတုတ်ကျင်း တစ်ခုရှိပါသည်။ တကယ့်ခံတပ်ကြီးများအတိုင်း ဆောက်လုပ်ထားခြင်းဖြစ်ပြီး ကျည်ကိုကောင်းမွန်လုံခြုံစွာအကာအကွယ်ပေးနိုင်လောက်အောင် မြင့်မားပါသည်။ ခံတပ်ကို ချက်ချင်းဖျက်ဆီးပစ်

ခဲ့ပါသည်။

မြန်မာတပ်တို့ စီးနင်းတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပါသည်။ နယ်စပ်ဒေသရှိ ငြိမ်းငြိမ်းအေးအေးလုပ်ကိုင်စားသောက်နေကြသူများစွာ အသတ်ခံနေကြရပါသည်။ မစ္စတာ ပက်ချုယ်သည် ကိုယ်စားလှယ်တစ်ဦးဦးတင်ပြီး ရခိုင်သို့စေလွှတ်လျက် မြန်မာတပ်များဝင်ရောက် နေမှုတို့ကို သင့်တော်သော အစီအစဉ်ဖြင့် စနစ်တကျဖြစ်အောင်ကြိုးစားကြည့်ပါသေးသည်။ မြို့ဝန်သည်ဖော်ဖော်ရွေရွေရှိပုံပေါ်သော်လည်း ကုမ္ပဏီတပ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာတပ်တို့စစ်တကောင်းသို့ ဝင်ရောက်သွားပါက ကုမ္ပဏီထံ၌ အငှားလိုက်သလိုဖြစ်သွား လိမ့်မည်ဟူသောအမြင်ကို အသေဆုပ်ကိုင်ထားပါသည်။ ကုမ္ပဏီက မြန်မာတပ်တို့အား လက်နက်ခဲယမ်းထောက်ပံ့မှုကိုသာ လုပ်ပေးရမည်ဟုဆိုပါသည်။ ပူးပေါင်းဆောင်ရွက်ရေး အတွက်ဆွေးနွေးရန်ကိစ္စဟူသမျှကို မည်သို့သောအနေအထား၌ ဖြစ်စေကာမူမြို့ဝန်ကပယ်ချ ပါသည်။

ထိုအချိန်၌ ရာမူးရှိတပ်မှူး ကပ္ပတိန်ဖိုဂို (Fogo) က နယ်စပ်ဒေသငြိမ်းချမ်းရေး အစီအစဉ်သစ်တစ်ရပ် တင်ပြလာခဲ့ပါသည်။ ရာမူးတစ်ခုတည်းမှ ၁၂ မိုင်ပတ်လည်အတွင်းရှိ ရခိုင်သားလူဦးရေမှာ ချဲ့ကားထားသည်ဆိုသည့်တိုင် ၁၀၀၀၀၀ ထက်မနည်းပါ။ ထိုသူတို့မှာ များသောအားဖြင့် ကုန်သည်ငယ်များဖြစ်ကြပြီး သစ်၊ ဆီ၊ အထည်၊ ဝါဂွမ်းနှင့် ဖျာများရောင်း ဝယ်ဖောက်ကားကြပါသည်။ တစ်ချို့မှာ လှေစပ်သူ၊ သစ်ခွဲသူများဖြစ်ကြပါသည်။ ဤသူတို့အား လက်ရှိအနေအထားအတိုင်း ဆင်းရဲကြပ်တည်းမှုအတွင်း ပစ်မထားဘဲ ကုန်းမြေပိုင်းတွင် နေရာချ ထားပေးသင့်ကြောင်း ကပ္ပတိန်ဖိုဂိုက တင်ပြပါသည်။ ဤသူတို့သည် ကျန်းမာသန်စွမ်းသော အလုပ်ကြိုးစားလုပ်ကိုင်သော လူများဖြစ်ကြပါသည်။ သူတို့အား ဒေသဆိုင်ရာ စစ်တပ်အတွင်း သို့ သွပ်သွင်းဖွဲ့စည်းပေးနိုင်ခဲ့လျှင် မြန်မာတပ်များကျူးကျော်ဝင်ရောက်မှုကို တားဆီးရေးအတွက် နိုင်မာသော အင်အားစုကြီးတစ်ခုဖြစ်လာလိမ့်မည်ဟု အဆိုပြုခဲ့ပါသည်။

ကပ္ပတိန်ပက်ချယ်က အစီအစဉ်၏ဒုတိယပိုင်းကို အပြင်းအထန်ကန့်ကွက်ငြင်းပယ် ပါသည်။ သူ့ဒအမြင်အရ ရခိုင်သားများသည် ရခိုင်ပြည်ပြန်လည်ရရှိရေးကြိုးပမ်းမှုအတွက်သာ ညီညွတ်နေကြခြင်းဖြစ်ပါသည်။ စစ်တပ်လိုအဖွဲ့အစည်းများနှင့် မသင့်လျော်။ စစ်တပ်အဖြစ် ဖွဲ့စည်းပေးလိုက်လျှင် အခွင့်အရေးရသည်နှင့် လက်နက်နှင့်တကွ ထွက်ပြေးသွားမည့်သူများ

သာဖြစ်သည်ဟု ဆိုပါသည်။ ထို့ပြင်မြန်မာတို့ကလည်း ဤကဲ့သို့တပ်များဖွဲ့စည်းမည့်အရေးကို မျက်စိဒေါက်ထောက်နေကြခြင်းဖြစ်ပါသည်။ မြန်မာတို့နှင့်အမှန်တကယ်ဖြစ်ပွားသော စစ်ပွဲတွင်မှ တစ်ပါးရခိုင်သားတို့သည် စစ်သားအဖြစ်အသုံးမတည့်ကြပါ။ ကပ္ပတိန်ဖိုဂို၏ အစီအစဉ်ပထမပိုင်းအရ ရခိုင်သားတို့အား ဂန်ဂျာနီယာ မြေပြန့်လွင်ပြင်၌ စိုက်ပျိုးရေးသမားများအဖြစ် နေရာချထားပေးနိုင်လျှင် အကျိုးများမည်ဖြစ်ပါသည်။ သို့သော်ဖိုဂို၏ အစီအစဉ်တစ်ခုမျှ အကောင်အထည်ပေါ်လာဟန်မရှိပါ။ ပထမမြန်မာစစ်ပွဲဖြစ်ပွားလုဆဲဆဲ ၁၈၂၄ ခုနှစ်၌မူ ရခိုင်တပ်မကြီးတစ်ခုအမှန်တကယ်ပေါ်ပေါက်လာခဲ့ပြီး ပြောင်မြောက်စွာ အမှုထမ်းဆောင်ခဲ့ကြပါသည်။ သို့သော် ဤဖွဲ့စည်းမှုကို ကပ္ပတိန်ဖိုဂို၏ အစီအစဉ်အရပြုလုပ်ခြင်းဖြစ်သည်ဟူ၍တော့ မပြောဆိုခဲ့ကြပါ။ ရခိုင်ရှေ့ပြေးတပ်ယူနစ်တစ်ခုဖွဲ့စည်းရေးစီမံကိန်းအတွက် အကြံပြုပြောဆိုခဲ့သည်မှာ ၁၈၁၂ ခုနှစ်လောက်ကတည်းပင်ဖြစ်ကြောင်း ဖော်ထုတ်တင်ပြရမည်ဖြစ်ပါသည်။

ဤ ၁၈၁၄ ခုနှစ်တွင်မူ သုံးဘက်စလုံး၏ရန်လိုသောအပြုအမူများသည် မိုးတွင်းကာလတလျှောက်လုံး အဆက်မပြတ်ဖြစ်ပေါ်နေခဲ့ပါသည်။

ဇူလိုင်လ၌ ချင်းပြန်သည် လူ ၇၀၀ နှင့်အတူ သူ၏တောင်ပေါ်ခံတပ်အတွင်းရှိ နေခဲ့ပါသည်။ မြန်မာတပ်တို့က ကုလားတန်မြစ်၌ စုရုံးလျက် ချင်းပြန်ကိုတိုက်ခိုက်ရန်ပြင်နေကြပါသည်။ စစ်တကောင်းသို့ဝင်ခွင့်ပြုမည်ဟူသော ကုမ္ပဏီ၏ကတိစကားကို အားယူထားကြပါသည်။ သို့သော်အဆိုပြုထားသည့်အခြေအနေများအတိုင်း ဖြည့်ဆည်းပေးပို့ကိုတော့ အဆင်သင့်ရှိမနေခဲ့ပါ။ ရာမူးနှင့်အစွန်အဖျားခန်းတို့၌ ကုမ္ပဏီတပ်ဖွဲ့များရှိနေကြပါသည်။ ထိုတပ်ဖွဲ့များသည် ရခိုင်တပ်တို့အား အတော်အသင့်လောက်တော့နှောင့်ယှက်ဟန့်တားထားနိုင်ပါကြသည်။ သို့ဖြစ်စေကာမူ ထုံးစံအတိုင်းပင် မိုးတွင်း၌ တပ်ဖွဲ့များအတွင်းကျန်းမာရေးချို့တဲ့မှုဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် တပ်ဖွဲ့များအားလုံးကို စစ်တကောင်းသို့ရုပ်သိမ်းသွားခဲ့ပါသည်။ အမှတ် ၉ တပ်ရင်းကြီး၊ အမှတ် ၂ တပ်ရင်းမှတပ်ခွဲတစ်ခုကိုသာရာမူး၌ချန်ထားပစ်ခဲ့ပါသည်။ အဝေးခန်းများကိုတော့ စွန့်ပစ်ထားခဲ့ကြပါသည်။ တပ်ဖွဲ့အနည်းအကျဉ်းကို ဤသို့ရုပ်သိမ်းလိုက်ခြင်းသည်ပင်လျှင် အတိဒုက္ခများကိုဖိတ်ခေါ်လိုက်သလိုဖြစ်သွားခဲ့ရပါသည်။ ချင်းပြန်၏ပင်မတပ်သို့သွားသောရေကြောင်းကို ချာကရိယ(Chakaria)ခန်းကထိန်းချုပ်ထားပါသည်။ ထိုခန်းမှတပ်ဖွဲ့များရုပ်သိမ်းလိုက်သည်နှင့်သူပုန်တို့သည်။မာအိစခါတူးမြောင်း(Maiskhal)ဆီသို့ရုပ်ပြုဆင်းချလာ

ကြပြီး အနီးအနားရွာတို့အား လုယက်ဖျက်ဆီးကြပါသည်။ သူပုန်တို့သည် မြစ်များကို စုန်ဆင်းလာကြပြီး မာအီစခါနှင့် ကုတုဘဒီယာ(**Kutubdia**) တူးမြောင်းတို့ကို သိမ်းယူလိုက်ကြပါသည်။ ထိုတူးမြောင်းများအနီးရှိ လူမနေသောကျွန်းများစွာနှင့် တောတောင်ဒေသများကို အပိုင်စီးထားကြပါသည်။

ထိုအပိုင်း၌ နေထိုင်ကြသူများမှာ အများစုကရခိုင်သားများဖြစ်ကြပါသည်။ ထိုသူတို့က သူပုန်များကို အကူအညီပေးပါသည်။ သို့ဖြစ်၍ ဟာရဘင်းမှကောက်ဘဇားအထိ၊ မာအီစခါ ကျွန်းအပါအဝင် ဒေသခွင်တစ်ခုလုံးမှာ သူပုန်များပြုသမျှနှုရမည့်အခြေအနေ၌ ရှိနေခဲ့ပါသည်။ ကုန်စည်ကူးသန်းနေသော လှေများကိုဖမ်းဆီးလုယူကြပါသည်။ ဒေသခံရခိုင်သားတို့ကိုလည်း ရခိုင်ပြည်စစ်ဆင်ရေးအတွက် အသင့်ဖြစ်နေစေရန် ဆင့်ဆိုထားပါသည်။ သူပုန်တို့၏ လက်နက်ရိက္ခာရှာဖွေရေး အကြမ်းဖက်မှုများမှာ နေ့စဉ်နှင့်အမျှဖြစ်ပွားနေခဲ့ပါသည်။

ရခိုင်တို့ဘက်မှ လှုပ်ရှားမှုများကို ကြည့်လျှင်ချင်းပြန်၏ဩဇာမှာ အားနည်းပျော့ညံ့လာသည့် လက္ခဏာကိုပြနေပါသည်။ မာအီစခါ အနီးတဝိုက်လှုပ်ရှားနေကြသော သူပုန်များမှာ ရိုင်းမင်း(**Raingmin**)အမည်ရှိ အခြားခေါင်းဆောင်တစ်ဦး၏ နောက်လိုက်များဖြစ်ကြပါသည်။ ရိုင်းမင်းနှင့် ချင်းပြန်တို့မှာ ရန်ဘက်များဖြစ်ကြပါသည်။ ရိုင်းမင်းသည် ရခိုင်ပြည်ကို သူ့နည်းနှင့်သူတိုက်ခိုက်သိမ်းပိုက်ရန် စည်းရုံးပြင်ဆင်နေသူဖြစ်ပါသည်။ စီပွိုင်တပ်ဖွဲ့တစ်ခုသည် လှေဖြင့် ရာမူးမှထွက်လာပြီး မာအီစခါတူးမြောင်း၌ ရိုင်းမင်း၏ နောက်လိုက် များအား အနိုင်တိုက်ခဲ့ပါသည်။ တူးမြောင်းထိပ်ရှိ ကျွန်းများအကြား၌ စောင့်ဆိုင်းနေခဲ့ကြသေးသော်လည်း ရိုင်းမင်း၏စွမ်းရည်မှာ ကျဆင်းလာခဲ့ပြီဖြစ်ရာ ရာမူးတပ်၏တပ်မှူးက သူ့အား ချင်းပြန်ကိုတိုက်ရာတွင် ငှားရမ်းအသုံးပြုရန်မျှော်လင့်နေပါသည်။ ရိုင်းမင်းမှာစိတ်ပျက်အားလျော့ ဖြစ်နေပါသည်။ ပြိုင်ဘက်ခေါင်းဆောင်နှစ်ဦးတို့၏ နောက်လိုက်များအကြား တိုက်ပွဲတစ်ကြိမ် ဖြစ်ပွားခဲ့ပြီးနောက်တွင် အချင်းချင်းပြန်လည် သင့်မြတ်ခဲ့ကြပါသည်။-

မကြာမီက ကုမ္ပဏီအရာရှိများနှင့် ဆက်ဆံရာတွင် ခင်မင်ဖော်ရွေတတ်သော ရခိုင်မြို့ဝန်သည် ယခုလေသံပြောင်းလာပါသည်။ မြန်မာတပ်များစစ်တကောင်းသို့ ဝင်ခွင့်ရရေးကိစ္စအတွက် ဆွေးနွေးရန်တောင်းဆိုလျက် သူ့ထံသို့ ဇူလိုင် ၄ ရက်နေ့စွဲဖြင့် ပေးပို့လိုက်သောစာတစ်စောင်ကို အလွန်ရိုင်းပြသောစကားအသုံးအနှုန်းများဖြင့် ပြန်ကြားထားပါသည်။ သူ့အားမစ္စတာပက်ချယ်က မထီလေးစားပြုမူလျက်ရှိပြီး သဘောတူညီမှုရရှိရေးကို ကြိုးစားမှုမရှိကြောင်း၊

ရာမူးမှမြို့စောင့်တပ်သည် လာဘ်ငွေများလက်ခံရယူလျက် ချင်းပြန်အားလွှတ်ပေးခဲ့ကြောင်း မြို့ဝန်ကစွပ်စွဲထားပါသည်။ ချင်းပြန်နှင့် ရခိုင်ခေါင်းဆောင်တို့အား လွှဲအပ်မပေးပါက မြန်မာဘုရင်၏သားတော်ကြီးသည် လူ ၂၂၀၀၀ နှင့်အတူစစ်တကောင်းသို့ ချီတက်ချေမှုန်းပစ်မည်ဖြစ်ကြောင်း၊ တွေ့သမျှ ရခိုင်သားတို့အား သူပုန်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ဖမ်းဆီးခေါ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောဆိုထားပါသည်။ မစ္စတာ ပက်ချယ်စေလွှတ်လိုက်သော တမန်ကိုပင်လျှင် မြို့ဝန်က ၃ ပါတ်ကြာမျှ အကျဉ်းချထားလိုက်ပါသေးသည်။

ကုမ္ပဏီတပ်များနှင့် မြန်မာတို့ပူးပေါင်းစစ်ဆင်ရေးလုပ်ဖို့ မဖြစ်နိုင်တော့ကြောင်းမှာ ယခုထင်ရှားပြတ်သားလာခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့်ဤကိစ္စနှင့်စပ်လျဉ်း၍ ရခိုင်မြို့ဝန်နှင့် တအဆက်အသွယ်ပြုလုပ်ခြင်းကို ရပ်ဆိုင်းရန် မစ္စတာပက်ချယ်အား ကုမ္ပဏီအစိုးရက တောင်းဆိုပါသည်။ ၁၈၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် ဤကိုင်နးကို တရားဝင်စွန့်လွှတ်ဖျက်သိမ်းခဲ့ပါသည်။

နယ်စပ်ပြဿနာဖြေရှင်းရေးအတွက် အခြားအစီအစဉ်သစ်တစ်ခုကို တီတွင်ကျင့်သုံးခဲ့ပြန်ပါသည်။ သူ၏တင်ပြချက်မှာ ဤသို့ဖြစ်ပါသည်။ တပ်ခွဲ ၅ ခုတို့ ထွက်ပြေးဟန်ဆောင်ကြမည်။ ထိုတပ်သားများ ချင်းပြန်တပ်သို့ဝင်ကြမည်။ ထိုသို့ဝင်ပြီးမှ ချင်းပြန်ကိုဖမ်းဆီးကြမည်ဟူ၍ဖြစ်ပါသည်။ သို့သော်ဤလုပ်ရပ်မှာ အောင်မြင်မည့်အလားအလာမရှိကြောင်း၊ အစိုးရ၏ ဂုဏ်သိက္ခာနှင့် မညီညွတ်ကြောင်း အကြောင်းပြချက်ဖြင့် ပယ်ချခံလိုက်ရပါသည်။

ထို့ကြောင့် ချင်းပြန်သည်ခံတပ်အတွင်း၌ ရှိနေဆဲဖြစ်ပါသည်။ သူ့လူများက ဟာရဘင်းနှင့် ချာကရိယာအနီး၌ တိုက်ခိုက်မှုများပြုလုပ်ကြပါသည်။ အောက်တိုဘာလတွင် တပ်ဖွဲ့တစ်ခုကို ရာမူးမှဟာရဘင်းသို့ ပို့လွှတ်ပါသည်။ ဟာရဘင်းကိုတိုက်မည်ဟု ရခိုင်သားတို့က ခြိမ်းခြောက်လာသောကြောင့်ဖြစ်ပါသည်။ တပ်သားများသည် ရခိုင်အဖွဲ့နှစ်ဖွဲ့တို့နှင့် တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။ ချင်းပြန်၏အရေးကြီးဆုံးလက်ရင်းတပည့်ဖြစ်သူ မီးဇာ(Miza)ကို ဖမ်းမိလိုက်ပါသည်။ မီးဇာမှာ သူ၏ဦးခေါင်းကိုရလျှင် ရူပီး ၁၀၀၀ ပေးမည်ဟုဆုငွေထုတ်ခံထားရသူဖြစ်ပါသည်။ ရာမူးသို့တပ်ကူများစေလွှတ်လိုက်ပါသည်။ မြို့၏အရှေ့တောင်ဘက်ရှိ ရခိုင်ခံတပ်တစ်ခုကို ဖျက်ဆီးလိုက်နိုင်ပါသည်။ သူပုန်တို့မှာမူတောတွင်းသို့ ဝင်ပြေးလွတ်မြောက်သွားကြပါသည်။ နိုဝင်ဘာလ၌ ချင်းပြန်၏ဌာနချုပ် ဒူလာဟာဇာရာ(Dulaharaza)ရှိ ခံတပ်ကို ရာမူးမှတပ်များက သိမ်းပိုက်လိုက်ပါသည်။ သူပုန်များခံတပ်ကို စွန့်ခွါထွက်ပြေးသွားကြပါသည်။

ဒီဇင်ဘာလတွင်မူ စစ်တကောင်းတောင်ပိုင်း၌ ငြိမ်သက်အေးချမ်းနေသည်ဟု သတင်းရရှိပါသည်။ ဤသို့အေးချမ်းနေသည်မှာ လေးနှစ်ကာလအတွင်းပထမဆုံးဖြစ်ပါသည်။ မီးဇာကိုဖမ်းမိခြင်းသည် ချင်းပြန်၏ဩဇာအာဏာအတွက် အရှိက်ကိုအထိုးခံလိုက်ရသလို ဖြစ်သွားခဲ့ပါသည်။ ထို့ပြင်ချင်းပြန်သည် ကျန်းမာရေးယိုယွင်းလာပါသည်။ ကျန်းမာရေးနှင့် မညီညွတ်သောတောကြီးခေါင်ခေါင်ထဲ၌ လေးနှစ်တာမျှ ဒုက္ခခံနေခဲ့ရလေရာ ချင်းပြန်၏ကျန်းမာရေးမှာ မလွဲမသွေယိုယွင်းကျဆင်းလာခဲ့ခြင်းဖြစ်ပါသည်။ အမှန်အတိုင်းဆိုလျှင် ချင်းပြန်မှာသေဆုံးခါနီးဖြစ်နေခဲ့ပါလေပြီ။ ၁၈၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပုလုံချူရာ(Pulungchural)ဟုခေါ်သောအရပ်၊ ရာမူးမှ ၃ ရက်ခရီးကွာဝေးသော တောင်ကုန်းများကြား၌ ချင်းပြန်သေဆုံးသွားခဲ့ပါသည်။ သူ၏အသုဘအခမ်းအနားကို ၂၈ ရက်နေ့တွင် ပြုလုပ်ပါသည်။ ထိုနောက်တွင် နောက်လိုက်နောက်ပါများလည်း ပြိုကွဲသွားခဲ့ကြပါသည်။ ချင်းပြန် မရှိသည့်နောက်ပိုင်းတွင် ဦးဆောင်နိုင်မည့် အရည်အချင်းပြည့်ဝသော ခေါင်းဆောင်မရှိတော့ပါ။

ထိုအချိန်မှ စတင်လျက် ရခိုင်သားတို့၏ပုန်ကန်မှုမှာ အားနည်းလာခဲ့ပြီး တဖြည်းဖြည်းဖြိုရပ်စဲသွားခဲ့ပါတော့သည်။ သူပုန်တို့လည်း မိမိတို့နေအိမ်အသီးသီးသို့ ပြန်သွားကြပြီး လုပ်ကိုင်စားသောက်လျက်ရှိကြပါသည်။ ချင်းပြန်၏လက်ထောက်များကို တစ်ဦးပြီးတစ်ဦးဖမ်းဆီးရမိခဲ့ပါသည်။ ချင်းပြန်ကွယ်လွန်သွားခြင်းနှင့်အတူ ပုန်ကန်ထကြွမှု ပင်မရေအဟုန်သည်လည်းပြိုကွဲသွားခဲ့ရပါတော့သည်။

သို့သော် ကုမ္ပဏီနှင့် အင်းဝအစိုးရတို့ကြားရှိ ဆက်ဆံရေးမှာကား အစားထိုးမရလောက်အောင်ပျက်စီးသွားခဲ့ပါပြီ။ ကုမ္ပဏီအပေါ်ထားရှိသော မြန်မာတို့၏ သဘောထားမှာသဘာဝကျစွာပင် ခါးသီးလှပါသည်။ မြန်မာတို့မှာလည်း ကုမ္ပဏီ၏ပိုင်နက်ကို ခြေကုပ်ယူလျက်တော်လှန်ပုန်ကန်ခဲ့ကြသော သူပုန်တို့လက်ချက်ဖြင့် တစ်နှစ်ပြီးတစ်နှစ် အသက်အိုးအိမ်များဗွာ ဆုံးရှုံးပျက်စီးသွားခဲ့ရသည်မဟုတ်ပါလော။ ကုမ္ပဏီအစိုးရသည် ရခိုင်သားတို့၏ ပုန်ကန်ထကြွမှုကို နှိမ်နင်းရန်ပျက်ကွက်ခဲ့ပါသည်။ ထို့ပြင်ကုမ္ပဏီအစိုးရသည် မိမိပိုင်နယ်မြေကိုထိန်းချုပ်ရေးအတွက် မြန်မာတို့အား အကူအညီတောင်းပါရစေ ဟု အဆိုပြုခဲ့ဖူးပါသည်။ ထိုသို့သောအဆိုပြုချက်ကို ဖယ်ယာက "ကုမ္ပဏီအစိုးရအနေဖြင့် မိမိ၏ဂုဏ်သိက္ခာကို မငဲ့သောလုပ်ရပ်ဖြစ်သည်" ဟုဝေဖန်ရှုချခဲ့ပါသည်။ ဤသို့ပျက်ကွက်မှု၊ ဤသို့အဆိုပြုချက်များကြောင့်မြန်မာတို့သည် ကုမ္ပဏီအစိုးရ၏ လက်နက်အင်အားကို နှံ့ညံ့ညှိုးသည်ဟု အထင်မှားအမြင်မှား

ဖြစ်သွားခဲ့ကြပါသည်။ ဤသို့သောအကြောင်းများကြောင့် ပထမအင်္ဂလိပ်-မြန်မာစစ်ဖြစ်ပွားရသော အကြောင်းရင်းများတွင် ချင်းပြန်၏ပုန်ကန်မှုသည် အရေးကြီးသောအကြောင်းရင်းတစ်ခု ဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်ပါသည်။

ဘာသာပြန်သူ

ဝေသာ

☆ ၈-၇-၁၉၉၈(ဝါဆိုလပြည့်နေ့)ဘာသာပြန်ဆိုပြီးစီးသည်။

## အကိုးအကားများ

၁။ B.P.C 1798 , 1799 , 1800 , 1811 , 1812 , 1815
Bengal political consultations
၂။ B.R.S Journal XII , XIII , XV
၃။ B.S.P 1795 , 1802 , 1804 , 1812 , 1813 , 1814
Bengal secret and political consultations
၄။ B.S.P vol . 33,34,35
၅။ Captain W . White : A Political survey of the Extraordinary Events which led to the Burmese war (1827)
၆။ Malcolm : Political History of India (1826)
၇။ Phayre : History of Burma

# *Arakan Under Burmese Rule(1784-1824 AD)*

## မြန်မာရို့အုပ်ချုပ်မှုအောက်ကရခိုင်ပြည်

## (ခရစ် ၁၇၈၄-၁၈၂၄)

မြန်မာရို့ပထမဆုံးလုပ်ဆောင်ချက်ကတော့ခါ ရခိုင်ပြည်က(၁၆၈၅-၁၇၈၄)ကာလ နောက်ဆုံးဘုရင်(၂၄)ပါးအုပ်ချုပ်မှုအတွင်း တာရှည်တာများဖြစ်ပေါ်နီခရေ တရားဥပဒေ ကင်းမဲ့မှုကို နှိမ်နင်းကွပ်ညှပ်ပစ်ဗျာပါ။ လူဆိုးဓားမရဝဲကို မရမချင်းလိုက်လံဖမ်းဆီးပါရေ။ ရကေရက်ရက်စက်စက် နှိပ်စက်တေ။ သံကြိုးနန့်ချည်နှောင်ထားရေ။ ယင်းပိုင်လုပ်ဆောင် နီချိန်အတွင်း အင်းဝဒေဝီမ်ရှိမင်းသားက ကြေငြာချက်တစ်ခုထုတ်ပြန်ပါရေ။ ရခိုင်တစ်ပြည် လုံးကို အင်းဝဘုရင်ဘိုးတော်ဘုရားက သိမ်းပိုက်အုပ်ချုပ်လိုက်ဗျာယ်ဆိုရေအကြောင်းပါ။ (ဘိုးတော်ဘုရား၏နေပြည်တော်ဇွာ အမှန်က အမရပူရပါ။ ၁၁၈၅ ဘကြီးတော်လက်ထက် ကျခါမှ ထီးနန်းကိုအင်းဝသို့ပြောင်းရေလို့ ညီမြင်ကုန်းဘောင်ရာဇဝင်(သတ္တမအကြိမ်) စာ-၂၂ မှာဖော်ပြထားပါရေ-ဘာသာပြန်သူ)လူတန်းစားအလွှာအသီးသီးက ရခိုင်သား ပေါင်းတစ်သိန်းနန့် သျှပ်သောင်းကိုသုံ့ပန်းအဖြစ်မြန်မာပြည်သို့ခေါ်ယူလားပါရေ။ မဟာမုနိ ရုပ်ရှင်တော်မြတ်ကို မြန်မာပြည်သို့ပင့်ယူလားပြီးကေ အဂုမန္တလေးယှို ရခိုင်ဘုရားမှာထား ပါရေ။ ဘုန်းကြီးကျောင်းတိ စေတီပုထိုးတိ နန့်အခြားဘာသာရေးအဆောက်အဦးတိကို စနစ်တကျဖျက်ဆီးပစ်ပါရေ။

မြန်မာရို့၏ အုပ်ချုပ်မှုကာလအစပိုင်းမှာခါ အားနည်းပျော့ညံ့ကေလည်း ကိုယ့်အား ကိုယ်ကိုးပနာ တော်လှန်ပုန်ကန်မှုတိ ယှိခလီပါရေ။ ဗိုလ်ချုပ်တစ်ယောက်က နောက်လိုက် နောက်ပါတဆိတ်ကေနန့် ပုန်ကန်ပါရေ။ မအောင်မြင်ပါ။ ပုန်ကန်သူတိကို မြန်မာရို့ ဖမ်းမိလားခရေအခါ ယင်းပုန်ကန်သူတိပါ၊ ပုန်ကန်သူရို့၏အမျိုးအဆွေတိပါ၊ ပုန်ကန်ရေ ဒေသကရပ်သူရွာသားတိပါ၊ ထောင်ပေါင်းများစွာသော လူတိကို ရက်ရက်စက်စက် သတ်ဖြတ်သုတ်သင်ပစ်ပါရေ။ ယင်းပိုင်ပုန်ကန်မှုတိမျိုး ဆက်တိုက်ဆက်တိုက်ဖြစ်ပေါ်လာ ရေအခါမှာ ရခိုင်တစ်ပြည်လုံး လူပေါင်းသိန်းပေါင်းများစွာ အသတ်ဖြတ်ခံကတ်ရပါရေ။

၁၅ ရာစုနန့် ၁၆ ရာစုကာလအတွင်း ရခိုင်ပြည်ဆိုဇွာ ကမ္ဘာ့အရှိုပိုင်းမှာ အင်အား အကြီးမားဆုံးငလိင်ပြင်းတဲ့ဟာ တစ်ခုဖြစ်ခဲ့တယ်လို့ ပေါ်တူဂီမှတ်တမ်းတိမှာ ဖော်ပြထားပါရေ။

ရခိုင်ဘုရင်မှာအမြဲတမ်းစစ်တပ်ကြီးတစ်ခုယှိရေ၊ စစ်ပညာကျွမ်းကျင်တတ်မြောက်ရေ၊ စစ်ဒိုး အတွိ အကြံကြွယ်ဝရေဆိုစွာ သိရပါရေ။ နိုင်ငံခြားတိုင်းပြည်တိနန့် ကုန်သွယ်ရောင်းဝယ် မှုတိယှိခရေ၊ ရခိုင်ပြည်၏လူဦးရေလည်းသွင့် အဂုခေတ်သစ်ကြွယ်ဝချမ်းသာရေနိုင်ငံတိမှာ ယှိရေလူဦးရေတိနန့် နှိုင်းယှဉ်ကြည့်နိုင်ရေလို့ဆိုပါရေ။ ဗြိတိသျှ၊ အင်္ဂလိပ်ရို့သိမ်းပိုက် ပိရေအခါမှာ ရခိုင်ပြည်မှာလူဦးရေ တက်တက်ပြောင်နီပါဗျာယ်။ ပုန်ကန်တော်လှန်မှုတိ ငြိမ်သက်လားအောင်ဆိုရေ ရည်ရွယ်ချက်နန့် အစုလိုက်အပြုံလိုက်သတ်ဖြတ်သုတ်သင် ပစ်မှုတိကြောင့် အဂုပိုင်လူဦးရေလျော့နည်းလားရခြင်းဖြစ်ပါရေ။

တော်လှန်ပုန်ကန်မှုတိဖြစ်ခစွာထဲမှာ ဟာရိဆွေ(HariTsway)ခေါင်းဆောင်ရေ ပုန်ကန်မှုကတော့ခါ မြန်မာရို့ကိုအကြီးအကျယ် ဒုက္ခပီးနိုင်ခပါရေ။ မြန်မာရို့ အုပ်ချုပ်မှုကို လည်း ဂယောက်ဂယက်ဖြစ်လားပီခပါရေ။ ဟာရိဆွေနန့် သူ့နောက်လိုက်နောက်ပါတိစွာ မြန်မာတပ်တိကို အကြိမ်ပေါင်းများစွာ လာရောက်စီးနင်းတိုက်ခိုက် အောင်ပွဲခံနိုင်ခပါရေ။ နောက်ဆုံးမှာ မြန်မာတပ်တိစွာ မြောက်ဦးမြို့တွင်းထဲအထိ ဆုတ်ခွာပနာခုခံနီခကတ်ရ ပါရေ။ ဟာရိဆွေ၏ တပ်တိစွာမြို့ပြင်နန့် သုံးမိုင်အကွာမှာ စခန်းချဝန်းရံထားပါရေ။ ယင်းပိုင်အချိန်မှာ ရမ်းဗြဲနန့်မာန်အောင်ရို့ကရခိုင်ခေါင်းဆောင်တိစွာ ဟာရိဆွေနန့်ပူးပေါင်း လာကတ်ပါရေ။ ယေဒါလည်း စစ်ဆင်ရေးစီမံချက်တိနန့် ပတ်သက်လို့သဘောထားချင်း မကိုက်ညီရေအတွက် မကြာခင်မှာပင် ပြန်လားခကတ်ပါရေ။ ယင်းကြောင့်ရခိုင်ပြည် လွတ်မြောက်ရေးအတွက် သွီးစည်းညီညွတ်စွာတော်လှန်တိုက်ခိုက်ဖို့ကိစ္စစွာ မျှော်လင့်ချက် ကင်းမဲ့လားခရပါရေ။

ယင်းကစလို့ ရခိုင်ပြည်အတွက် ဗြိုလ်ဆိုးကြီးဝင်စွာပါဗျာယ်ယေ။ တော်လှန် ပုန်ကန်မှုအရှုံးနန့် အဆုံးသတ်လားခပနာ ဟာရိဆွေလည်းစစ်တကောင်းကိုထွက်ပြီး ခိုလှုံ လားခပါရေ။ မြန်မာတပ်တိက သူ့ကိုလိုက်ဖမ်းပါသိရေ။ ရာမူးယှိ အင်္ဂလိပ်တပ်တိက မြန်မာတပ်တိကိုတားဆီးထားလိုက်လို့ လွတ်မြောက်လားခစွာပါ။ ဟာရိဆွေကို သူရို့ လက်သို့အပ်ဖို့မြန်မာရို့တောင်းဆိုစွာကို အင်္ဂလိပ်တိက ပြင်းပြင်းထန်ထန်ငြင်းပစ်လိုက် တေအတွက် မြန်မာရို့လက်ခံစဲ ပြန်လာကတ်ရပါရေ။ ယင်းချင့်စွာ ရခိုင်သက္ကရာဇ် ၁၁၅၂ မှာ

ဖြစ်ပျက်ခဲ့ရှာပါ။

အေဒီ ၁၇၉၀ မှာ အင်္ဂလိပ်တီအနီနှင့် ရခိုင်ပြည်ကိစ္စမှာ ပထမဆုံးဝင်ရောက် ပတ်သက်မှုလည်းဖြစ်ပါရဲ့။

ခရစ် ၁၇၉၃ မှာ ရမ်းဗြဲကပိုလ်ပေါလုံး(Pow Loon)ခေါင်းဆောင်ရဲ့ ပုန်ကန်မှုကြီးတစ်ခုပြင်းပြင်းထန်ထန်ဖြစ်ပွားပြန်ပါရဲ့။ ကာလတစ်ခုအထိတော့ခါ ပုန်ကန်မှုရှာ အောင်မြင်ခဲပါရဲ့။ ယေဒါလည်း သူ့မှာကလက်နက်လူသူအင်အား ကန့်သတ်ချက်ယှိ ရှာပါကို။ ယေနန့်သူရို့လည်း စစ်တကောင်းကိုဝင်ပြီးပနာအင်္ဂလိပ်တို့၏ အကာအကွယ် ပီးမှုကိုတောင်းခံကတ်ရရှာပါဗျာယ်။ ပိုလ်ပေါလုံးဆိုရှာ ဥပဒေပြင်ဘက်က လူဆိုးဓားမရရာ ဖြစ်တေအတွက် အင်္ဂလိပ်ပိုင်နက်ထဲမှာ ခိုလှုံခွင့်ပီးရှာမှားရေ၊ သူရို့လက်သို့အပ်ပါလို့ မြန်မာရို့ကတောင်းခံပါရဲ့။ စစ်တကောင်းရှာယင်းခါက အရှေ့အိန္ဒိယကုမ္ပဏီပိုင်နက်ပါ။ ယင်းကိစ္စကို ဥရောပသား(အင်္ဂလိပ်)တစ်ယောက်က တာဝန်ယူဖြေယှင်းရပါရဲ့။ ယင်းသူက ပိုလ်ပေါလုံးကိစ္စကို ကုမ္ပဏီသို့တင်ပြပါရဲ့။ ဒေလူရှာအငေါ့ရာ ဓားမရဆိုကေ ဖမ်းပနာအကျဉ်းချထား၊ ဓားမရမဟုတ်ကေ လွှတ်ပီးလိုက်လို့ ကုမ္ပဏီကအမိန့်ချပါရဲ့။

ယေခါမြန်မာရို့က ယင်းအင်္ဂလိပ်ကို ငွေကြေးအများအပြားလာဘ်ထိုးလိုက်တေအတွက် ပိုလ်ပေါလုံးကိုဖမ်းပနာ မြန်မာရို့လက်ကိုအပ်ပီးလိုက်ပါရဲ့။ ပိုလ်ပေါလုံးကို မြန်မာပြည်သို့ခေါ်ယူပနာ သုတ်သင်ပစ်လိုက်ပါရဲ့။ နောက်ပိုင်းမှာ ယင်းအင်္ဂလိပ်၏ မရိုးမသားဆောင်ရွက်လုပ်ကိုင်မှုကို ကုမ္ပဏီဒါရိုက်တာတိကြားသိလားခရေအတွက် သူ့ကို ရာထူးချပနာ အရေးမပါသောစစ်ရီးတာဝန်တစ်ခု ပီးထားလိုက်ပါရဲ့။

သက္ကရာဇ် ၁၁၅၇(ခရစ် ၁၇၉၅)မှာ မိတ္တိလာကန်ဘောင် တစ်စိတ်တစ်ဒေသ ပေါက်ထွက်ပြိုကျလားပါရဲ့။ ယင်းချင့်ကိုပြန်လို့ပြုပြင်ဖို့အတွက် ရခိုင်သားတစ်ထောင်ကို အာဏာနန့်အဓမ္မပို့ပါရဲ့။ ဇာကြောင့်လဲတော့ခါမသိပါ၊ ယင်းရခိုင်သားအားလုံး တစ်ယောက်မကျန် မိတ္တိလာမှာ သီပျောက်လားခကတ်ပါရဲ့။

၁၁၅၉ ခုနှစ်(ခရစ် ၁၇၉၇)မှာ မြန်မာရို့သိမ်းယူလားခရေ ပိဋကတ်သုံးပုံကို ဘိုးတော်ဘုရားအမိန့်နန့်ပြန်ပို့ပနာ မြောက်ဦးမြို့တော်၏အရှေ့ဘက်မှာ ပိဋကတ်တိုက် တည်ဆောက်လို့ထိန်းသိမ်းထားလီပါရဲ့။

မြန်မာအုပ်စိုးသူရို့၏ ရခိုင်ပြည်မှာ ကျင့်သုံးပြုမူလားခရေ ရက်စက်မှုတိ၊ လူသားမဆန်မှုတိစွာ သမိုင်းမှာ တစ်ပုံတစ်ပင်သက်သီပြလို့ယှိလီပါရေ။ ဘယ်သယ်ပိုင်တစ်ခုလည်း ခုခံကာကွယ်နိုင်စွမ်းမယှိရေ ယောက်ျား၊ မိန်းမ၊ အချေသူငယ်တိကို မဟုတ်မမှန်စွပ်စွဲ ပြောဆိုပနာ အစုလိုက်အပြုံလိုက်သုတ်သင်သတ်ဖြတ်ပစ်မှုတိ နိစဉ်နန့်အမျှ ယှိနီပါရေ။ ရခိုင်ပြည်ကို မြန်မာရို့အုပ်စိုးမှု နှစ် ၄၀ သမိုင်းဆိုစွာ သွီးချောင်းစီးသမိုင်းတစ်ခုပါဗျာယ်။ အတိတ်ကာလက ယှိခဖူးရေ ဇာတိုင်းပြည်တစ်ခု၏သမိုင်းမှာလည်း ဒေပိုင်ရက်စက်ယုတ်မာမျိုးမယှိခလီဖူးပါ။

ယင်းအတွက်ကြောင့် မြန်မာရို့လက်ထဲကအာဏာကို အင်္ဂလိပ်ရို့လွှဲပြောင်းယူလိုက်တေအခါမှာ ရခိုင်တစ်ပြည်လုံးစွာတောကြီးမျက်မဲဖုံးလွှမ်းပနာ စတုရန်းတစ်မိုင်မှာ နီထိုင်သူလူပေါင်း ၂၀ ကျော်ရာကျန်ယိုက်ဗျာယ်လို့ဆိုကေ အံ့သြခရေယှိပါဖို့သိလားယေ။

မြန်မာရို့၏ ရှိတွက်လို့မရနိုင်သော အစုအပြုံလိုက်သတ်ဖြတ်မှုတိကြောင့် လူဦးရေ အကြီးအကျယ်လျော့နည်းကျဆင်းလားခရေတိုင်းပြည်တစ်ခုမှာ ငြိမ်းချမ်းတည်ငြိမ်မှုဖြင့်တင် ပီးဖို့ရည်ရွယ်ချက်နန့် ဘုရင်ခံချုပ်က ရခိုင်ပြည်အတွက်ခန့်အပ်စီလွှတ်လိုက်တေ အင်္ဂလိပ် အရာယှိတစ်ယောက်၏အကြောင်းကို ရခိုင်ရာဇဝင်ထဲမှာ မှတ်တမ်းတင်ထားယှိပါရေ။ ယင်းအရာယှိစွာ(------------) တစ်ယောက်ဖြစ်ပြီးကေ သူ့ကိုရခိုင်သားရို့က (------------) လို့ခေါ်ကတ်ပါရေ။ ယင်းပုဂ္ဂိုလ်စွာ သူ့တာဝန်တိကို တစ်စိတ်တစ်ပိုင်းဆောင်ရွက်အောင်မြင်ခပါရေ။ ယပြီးကေအိန္ဒိယနန့် ရခိုင်ပြည်ရို့ကုန်းလမ်း ကုန်သွယ်မှုဆက်ဆံရေးပွင့်လင်းလာဖို့အတွက်လည်း ကြိုးပမ်းပီးခပါရေ။ ၁၁၆၁ ခုနှစ်၊ (ခရစ် ၁၇၉၉)မှာပါ။ ယင်းကုန်သွယ်ရေးညီလာခံစွာ အောင်ဆိပ်(Aungtsit)က ဘားဘူတောင်ကြီးရင်းမှာ ကျင်းပပြုလုပ်ခစွာဖြစ်ပါရေ။

အင်းဝဘုရင်က ရခိုင်သားတိအပေါ်မှာ ပီးအပ်ချမှတ်တေ တာဝန်တိကိုအောက်မှာ ဖော်ပြလိုက်ပါရေ။

ခရစ် ၁၈၀၀ ပြည့်မှာ အိမ်ထောင်စုတစ်စုစီကို ၃ ခု ထပ်ခွဲပစ်ပနာ အိမ်ထောင်စုတိုင်းအတွက် မြို့ခွန်ကောက်ယူပါရေ။ နောက် ၆ လအကြာမှာ လူပျို ၃၀၀ ကို ဘုရင့်နန်းတော်မှာ အမှုထမ်းဆောင်ဖို့ပို့လွှတ်ပါရေ။ ယင်းသူရို့၏ လက်မောင်းမှာ ဘုရင်မင်းမြတ်

၏ ကျွန်ဖြစ်ကြောင်း မင်ထိုးပါပါရေ။ ၁၈၀၁ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ရခိုင်သားတစ်ထောင်ကို စစ်မှုထမ်းဖို့အတွက် မြန်မာပြည်သို့ပို့ပါရေ။ ၁၈၀၂ ခုနှစ်စလို့ ရခိုင်သားတစ်ယောက်စီ ၁ ကျပ်ကျ အခွန်ဆောင်ရပါရေ။ နို့ဗို့ချေတောင်ကင်းလွတ်ခွင့်မရပါ။ ယင်းချင့်ကို (-------)လို့ခေါ်ပါရေ။ ၁၈၀၃ ခုနှစ်မှာ ရခိုင်သားတိအားလုံး အမရပူရကိုလားပနာ ဆင်ဖြူတော်ကိုပူဇော်ပွဲပူဇော်ကတ်ရပါရေ။ ၁၈၀၅ ခုနှစ်မှာ ပုံမှန်ပေးဆောင်နီကျ အခွန်ငွေမှာ ထပ်ပနာလူတစ်ယောက်စီ ၁ ကျပ်နှုန်းအခွန်ထပ်ဆောင်ကတ်ရပါရေ။ ပထမကောက်ခံစွာ မလုံလောက်လို့ပါလတ်၊ နောက် ၂ နှစ်အကြာမှာ မြန်မာတပ်တိယိုးဒယားကို စစ်ချီတက်ကတ်ရပါရေ။ ရခိုင်ပြည်က စစ်သားတိအားလုံးလည်း လိုက်ပါကတ်ရပါရေ။ ၁၈၀၉ ခုနှစ်မှာ ဘိုးတော်ဘုရားက သံတွဲမြို့စားကို အိန္ဒိယပြည် ကပ္ပိလဝတ္ထုမြို့သို့ စီလွှတ်ပနာ ကျွဲလမုဒေသ၏ မှုပ်သုက်ဂိုအမှုဆိုင်းပါရေ။ မရပါ။ အသောကမင်းကြီး သွန်းလုပ်ကိုးကွယ် ခရေ ဗုဒ္ဓရုပ်ပွားတော် ၂ ဆူ၊ ဗုဒ္ဓဂါယာက ဓါတ်တော်မွှေတော်တဆိတ်ကေနန့် ပြန်လာလတ်ပါရေ။

သက္ကရာဇ် ၁၁၇၃ (ခရစ် ၁၈၁၁)မှာ ရှောမပုန်ကန်တော်လှန်မှုကြီးတစ်ခု ဖြစ်ပွားလာပါရေ။ ယင်းပုန်ကန်မှုကို လူစွမ်းကောင်းတစ်ယောက်ဖြစ်တေ ဗိုလ်ချင်းပျံကဦးဆောင်ပါရေ။ စွမ်းရည်သတ္တိနန့် နည်းပရိယာယ်ကြွယ်ဝရေအတွက် နောက်လိုက်နောက်ပါနန့် လက်ထောက်ခေါင်းဆောင်ချေတိအများအပြားစုဆောင်းရယှိပါရေ။ ချင်းပျံ၏ ပုန်ကန်မှုစွာ နတ်ဖြစ်ကမှုလစေ်မြစ်အစပြုလာစွာပါ။ နောက်ပိုင်းခါ တဆတ်ဆတ်နန့် ရခိုင်ဒေသတစ်ခုလုံးက ရခိုင်သားရို၏ထောက်ခံအားပေးမှုကို ရယှိလာစွာဖြစ်ပါရေ။ နှိမ်နင်းဖို့ လွှတ်လိုက်တေ မြန်မာတပ်တိလည်း ချင်းပျံတပ်တိဘားမှာ ထွတ်ထွတ်ကြေလာရစွာပါဗျာယ်။ အောင်ပွဲတိ အလီလီရလာပြီးရေခါ ချင်းပျံရို့စွာ မြောက်ဦးမြို့တော်သို့ ချီတက်လာလတ်ကတ်ပါရေ။ ငိုဟက်ရာလင်းတစ်လျှောက်မှာ တပ်အင်အားလည်း ပိုလို့ကြီးထွားလာပါရေ။ ယင်းကြောင့် တပ်ခွဲတိအများအပြားခွဲပနာ စစ်ရေးအရအရေးကြီးရေနီရာတိမှာ တပ်စွဲထား၊ တစ်ပြည်လုံးပျံ့ ပြန့်ကြဲင်းနို့ရေ မြန်မာတပ်တိတစ်ခုနန့်တစ်ခု အဆက်အသွယ်မလုပ်နိုင်အောင် ဖြတ်တောက်ထားလိုက်နိုင်ပါရေ။ ယင်းသေနင်္ဂဗျူဟာစွာ အလှပလှအောင်မြင်ပါရေ။ မြန်မာရို့အလိနာနီကာတ်ဗျာယ်ဆိုရေ သတင်းကိုကြားသိရရေအတွက် အင်းဝမင်းစွာ

မင်းလှစည်သူကို ဦးစီးခန့်ပနာ ကြီးမားသောတပ်အင်အားကြီးတစ်ခုကို ရခိုင်ပြည်သို့ စီလွှတ်ပါရေ။ ယေဒါလည်း မိုးကျလာဗျာယ်ဖြစ်လို့ မင်းလှစည်သူစွာ သူ့တပ်အင်အားကို သရေခေတ္တရာ(ပြည်)မှာ စခန်းချပနာ ရခိုင်သို့ချီတက်မှုကို ဆိုင်းငံ့ထားလိုက်ရပါရေ။

ယင်းပိုင်အခြေအနေမျိုးမှာ ရခိုင်ပြည်က မြန်မာတပ်တိလည်းတွိရေနီရာမှာ ချေမှုန်း ခံရရေအတွက် ဇာလုပ်ရမှန်းမသိ မျှော်လင့်ချက်ကင်းမဲ့ရေအဖြစ်ကိုရောက်နီကတ်ရပါရေ။

မိမိအနေနန့် အသာစီးရလာဗျာယ်ဆိုစွာသိလာရေအခါ ရခိုင်ခေါင်းဆောင် ချင်းပုံစွာ ကုလားတန်မြစ်၏အနောက်ဘက် ဇာဝတီ/ဇေဝတီ(zawadi/zaiwadi)မြို့မှာ ဘိသိက်ခံပြီးကေ ဓနုဝမ္မရာဇာဘွဲ့ကိုခံယူလိုက်ပါရေ၊ သူ့ဘွဲ့နာမည်ပါရေ ဒင်္ဂါးတိကိုလည်း ခပ်နှိပ်ပါရေ။ ငွေကြေးတတ်နိုင်ရေအမျိုးသား/သမီးတိဘားက တစ်ယောက်ကို ၂၁ ရွှီးစိ အခွန်ကောက်ခံပါရေ။ ယင်းပိုင်နန့်ပင် ဗိုလ်ချင်းပုံစွာ မင်းဆိုးမင်းညစ်တစ်ပါးဖြစ်လာပယ် ပါရေ။ ပြောဆိုအကြံပီးမှုတိကိုလည်း မနာမယူထိုးကန်းလုပ်ပနာ ရက်စက်ကြမ်းကြုတ် လာပါရေ။ နောက်လိုက်ငယ်သားတိကိုလည်း ညှာတာထောက်ထားမှုမယှိရေအတွက် တဆတ်ဆတ်နန့် ဗိုလ်ချင်းပုံကို အကြည်ညိုပျက်လာကတ်ပါရေ။ ဗိုလ်ချင်းပုံ၏ အာဏာ လွှမ်းမိုးမှု တာမရှည်ခစွာ ယင်းပိုင်အကြောင်းခံတိကြောင့်ပါ။ ရခိုင်ပြည်သူလူထုရို့၏ အမြင်မှာ ချင်းပုံနန့်ဇာကေ မြန်မာရို့၏နှိပ်စက်ညှဉ်းပန်းမှုပင်က သက်သာသိယင့်ဆိုစွာ မျိုးဖြစ်လာရေအတွက် မြန်မာတိကနောက်ပိုင်း ထိုးစစ်ဆင်တိုက်ခိုက်လာရေအခါ မြန်မာတိ ကိုရာ အကူအညီပီးကတ်လီပါရေ။ မြောက်ဦးမြို့ဝန် ကျော်ထင်စွာ စစ်ရီးကျွမ်းကျင်ရေ တပ်တစ်တပ်ကို ဦးစီးပနာ ချင်းပုံကိုတိုက်ခိုက်နှိမ်နင်းပါရေ။ ရခိုင်ပြည်အနှံ့တပ်စွဲထားရေ ချင်းပုံတပ်တိကိုလည်း အနိုင်ရလိုက်နိုင်ပါရေ။ ယင်းခါကပင်စလို့ ချင်းပုံ၏သြဇာအာဏာ နန့် ချင်းပုံအပေါ်နောက်လိုက်ငယ်သားရို့၏ ယုံကြည်အားထားမှုတိ ယုတ်လျော့လာလင့် ပါရေ။

မြန်မာတပ်တိ ချီတက်တိုက်ခိုက်လာရေအတွက်ရခိုင်တပ်မှူးချုပ်တိလည်း ဇာဝတ်/ ဇေဝတီမြို့သို့ထွက်ပြီး လာကတ်ပါနာ ဘုရင်ချင်းပုံဘားမှာ မိမိရို့၏ရှုံးနိမ့်မှုကို အစီရင်ခံ လာကတ်ပါရေ။ ဇာပိုင်လုပ်ကေ အကောင်းဆုံးဖြစ်ဖို့လဲဆိုစွာ ဆွေးနွေးတိုင်ပင်ကတ်ရေ အခါ တစ်ယောက်ကလည်းတစ်ခွန်းမဟာကတ်ပါဗျာယ်။ ဗိုလ်မှူးတစ်ယောက်ကရာ အာ

အခြေအနေရောက်လာပြီးမှ စုစည်းခုခံလို့အောင်မြင်ကေလည်း အကျိုးမယှိဗျာယ် ဖြစ်ကြောင်း၊ ဒေခန်းမကိုစွန့်ခွာလားစွာရာ ကောင်းဖို့ဖြစ်ကြောင်း ပြောဆိုတင်ပြပါရေ။

နောက် ၄-၅ ရက်အကြာမှာ မြန်မာတပ်တိ ချီလာဗျာယ်ဆိုစွာချင်းပျံ့သတင်း ရပါရေ။ တပ်တိကိုစုစည်းပနာ ရန်သူကိုရင်ဆိုင်ဖို့ ထွက်ပါရေ။ ယေခါတပ်မှူးတိက ချင်းပျံ၏အမိန့်ကို မနာယူကတ်ပါဗျာယ်၊ ပြန်တိုက်ဖို့ငြင်းဆန်ကတ်ပါရေ။ ချင်းပျံနန့် သူ့တပ်တိလည်းတကွဲတပြားထွက်ပြီးဖို့ကျလားပါရေ။ မျှော်လင့်ချက်မယှိဗျာယ်ဆိုစွာ သိလာရေအတွက် ချင်းပျံရေနောက်လိုက်နောက်ပါရို့ကို စုစည်းပနာ စစ်တကောင်းယှိ ဗြိတိသျှပိုင်နက်ထဲကိုဝင်ပြီးရပါရေ။

ချင်းပျံကို သူရို့လက်ထဲအပ်ဖို့ မြန်မာမြို့ဝန်၏တောင်းဆိုချက်ကို အင်္ဂလိပ်တိက ပြတ်ပြတ်သားသားငြင်းပယ်ပစ်ပါရေ။ ယေခါမြန်မာမြို့ဝန်က ချင်းပျံ၏နောက်လိုက်တိထဲက ရသမျှကို ကတိအမျိုးမျိုးပီးပနာ သွေးဆောင်ပြန်ခေါ်ပါရေ၊ ပြန်ပါလာရေရခိုင်သားတိကို ရခိုင်ပြည်ရောက်စွာနန့် အပြတ်ယှင်းပစ်လိုက်ပါရေ။ ယင်းကစလို့ မြန်မာပြည်နန့် ရခိုင်ပြည်နှစ်ခုစလုံးမှာ ရခိုင်သားတိကို မျိုးဖြုတ်သုတ်သင်ပွဲတိဖြစ်လာလတ်ပါရေ။ ချင်းပျံ၏ ပုန်ကန်မှုစွာစုစုပေါင်းတစ်လရာခံခပါရေ။

ပထမဆုံးရခိုင်မြို့ဝန်စွာမင်းကြီးကျော်ထင်ပါ၊ အုပ်ချုပ်ပြီးလို့ ၁၈ လအကြာ(၁၁၇၅ ခုနှစ်)မှာ ကွယ်လွန်ပါရေ။ နောက်မဟာနော်ရထာမြို့ဝန်ဖြစ်လာပါရေ။ ၁၁၇၄-၁၁၇၅ (ခရစ် ၁၈၁၂-၁၈၁၃)ကာလအတွင်း ရခိုင်ပြည်မှာ ဒုဗ္ဘိက္ခန္တရကပ်အကြီးအကျယ်ဖြစ်တေ အတွက် လူထောင်ပေါင်းများစွာ သီကြီကတ်ရပါရေ။

၁၁၈၀ ခုနှစ်(ခရစ် ၁၈၁၈)မှာ ရမ်းဗြဲမြို့ဝန် နေမျိုးသူကအရှိအိန္ဒိယကုမ္ပဏီဘား သို့ စာရှီးအကြောင်းကြားပါရေ။ စစ်တကောင်းနယ်က တစ်ချို့သောနယ်တိကို ရခိုင်က အစဉ်အလာပိုင်ဆိုင်ကြောင်း၊ ယင်းကြောင့် ရောင်မူ၊ ကောက်ဘဇား၊ ကော[illegible]ား (kauttea)နန့် ဝန်းကျင်ဒေသတိမှာ နီထိုင်ကတ်တေ(ရခိုင်)မိသားစု တစ်သိန်းခွ[illegible] ရို့၏အုပ်ချုပ်မှုအောက်မှာ ယှိကြောင်းတောင်းဆိုစွာပါ။ ယပြီးကေ ယင်းရခိုင်သားတိမှာ မြန်မာအစိုးရကိုအခွန်ဆက်သရဖို့၊ မပီးခကေ အင်္ဂလိပ်တိကိုတိုက်ခိုက်ဖျက်ဆီးပစ်ဖို့ လို့လည်းဖော်ပြထားပါရေ။

ဘုရင်ခံချုပ်က ရန်ကုန်မြို့ဝန်သတိုးမင်းလှဘားသို့စာရှီးပနာမြန်မာတိက စစ်တိုက်

နိုက်ဖို့အပုံယိုရေဆိုကေ သူ့ဘက်ကလည်း ယင်းကိစ္စအတွက် အဆင့်သင့်ပြင်ဆင်ထား ကြောင်း၊ ယင်းပိုင်ရာစစ်ပြိုင်ဘိုက်ခိုက်ကင်ဖို့ဆိုကေ မြန်မာရို့ဘက်က ပေါင်းပြယ် သောင်းပြယ်သိပျောက်ကတ်မယ်စွာကို တွက်လို့သူသည်းခံနိုင်စွာဖြစ်ကြောင်း အကြောင်းကြား လိုက်ပါရေ။

(၆)နှစ်အုပ်ချုပ်ပြီးနောက်မှာ ရခိုင်မြို့ဝန်မဟာနော်ရထာကို ရာထူးကနုတ်ပယ် လိုက်ပါရေ။ ကြာရိုးဆိုရေလူက မင်းကြီးကျော်ထင်ဘွဲ့ခံပနာ ၁၁၈၁(ခရစ် ၁၈၁၉)မှာ ဆက်ခံပါရေ။ ဒေပုဂ္ဂိုလ်ကတော့ခါ သူမြို့မှူးဆောင်ရွက်တေကိစ္စအားလုံးမှာ မတရားပြုကျင့် သူဖြစ်ပါရေ။ အမှန်စကားတစ်ခွန်းမဆိုဘဲ အခွန်ငွေကိုလည်း အဓမ္မအပိုကောက်ခံပါရေ။

ခရစ် ၁၈၁၉ မှာ ဘိုးတော်ဘုရားလွန်ပါရေ။ စစ်ကိုင်းမင်း(ခေါ်)ဘကြီးတော် နန်းတက်ပါရေ။ အင်္ဂလိပ်ရို့၏ ခွင့်ပြုချက်အရ ဘိုးတော်ဘုရား၏ အရိုးဝိကို ဗုဒ္ဓဂယာမှာ မြှုပ်နှံပါရေ။

ရခိုင်မြို့ဝန်ကြာရိုးစွာ (၂)နှစ်အုပ်ချုပ်ခပါရေ။ ၁၁၈၃ (ခရစ် ၁၈၂၁)မှာ မင်းကြီး ကျော်စွာက ဆက်ခံပါရေ။ ၁၁၈၅ မှာ ပထမအင်္ဂလိပ်–မြန်မာစစ်ဖြစ်ပွားပါရေ။ အကြောင်း က အေပိုင်ပါ။

ရခိုင်ပိုင်နယ်နန့် အင်္ဂလိပ်ပိုင်နယ်ကြားမှာ နတ်မြစ်ကခွဲခြားထားပါရေ။ ယင်းမြစ်မှာ ရခိုင်ရို့က ရှင်မဖြူလို့ခေါ်ရေကျွန်းတစ်ကျွန်းယှိပါရေ။ အေကျွန်းကိုပိုင်ဆိုင်မှု အငြင်းပွား ရာက စစ်ပွဲဖြစ်လာရစွာပါ။

ပထမခါ မြန်မာရို့က ယင်းကျွန်းမှာ စစ်စခန်းချပါရေ။ တစ်ရက်ခါ အင်္ဂလိပ်ပိုင် စစ်တကောင်းနယ်က ရခိုင်သားတစ်ယောက်စွာ ဝါးလောင်းနန့် ယင်းကျွန်းနားကဖြတ်လား ပါရေ။ မြန်မာတပ်က ပစ်ခတ်လို့ ယင်းလူသီရလီပါရေ။ ကျန်ရေလူတိလက်လွတ်ထွက်ပြီး ပနာအကြောင်းစုံကို စစ်တကောင်းအုပ်ချုပ်ရေးမှူးဘားမှာ တင်ပြတိုင်တန်းကတ်ပါရေ။ အုပ်ချုပ်ရေးမှူးက ဘုရင်ခံချုပ်ဘားကို ထပ်ဆင့်အစီရင်ခံပါရေ။ ပြဿနာကို အကောင်းဆုံး ဖြေယှင်းဖို့အတွက် မဗ္ဗတာရောဘတ်ဆင်ကို စစ်တကောင်းအုပ်ချုပ်ရေးမှူးအဖြစ်ခန့်အပ် ပါရေ။ ယင်းအရာယှိက အင်္ဂလိပ်ရို့၏ အကျိုးစီးပွားကို ကာကွယ်ဖို့ဆိုရေ ရည်ရွယ်ချက်နန့် စစ်သားတပ်ခွဲတစ်ခုကို ရှင်မဖြူကျွန်းမှာ တပ်စွဲလိုက်ပါရေ။

ယင်းချင့်ကို မြန်မာရို့က ခိုးကြောင်ခိုးဝှက်လာရောက်တိုက်ခိုက်တေအတွက် တပ်ခွဲမှူး ထွက်ပြီးလာရပါရေ။ အကြောင်းစုံကို မစ္စတာရောဘတ်ဆင်က ဘုရင်ခံချုပ်ဘားသို့ အစီရင်ခံတပါရေ။ ဘုရင်ခံချုပ်က ရခိုင်ပြည်မှာယှိရေ မြန်မာတပ်တိကို တိုက်ထုတ်ပစ်လိုက်ပနာ ရခိုင်ပြည်ကို အင်္ဂလိပ်လက်အောက်သို့ သိမ်းသွင်းဖို့အမိန့်ထုတ်ပြန်ပါရေ။

မဟာရာဇဝင် နန့် ရခိုင်ရာဇဝင်ရို့ကို အငြိခံစွာပါ။

ဦးစံရွှေဘု

(၂၀၀၇ ခုနှစ်၊ မတ်လ ၁၄ ဘာသာပြန်သည်။)